
www.burmeseclassic.com



www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


**စာမူခွင့်ပြုချက်အမှတ်**

၅၀၀၁၅၃၀၂၀၈

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၅၀၀၉၁၈၀၄၀၈

**ထုတ်ဝေသူ**

ဦးမောင်မျိုး

ကြောင်နှစ်ကောင်စာပေ

**ပုံနှိပ်သူ**

ဦးမောင်မျိုး

ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**

ပထမအကြိမ် ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ

အုပ်ရေ- ၁၀၀၀၊ တန်ဖိုး- ၁၀၀ကျပ်


**မောင်မျိုး**

(ကြောင်နှစ်ကောင်စာပေ)

စီစဉ်သည်

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


၁။ ဆံကေသာ ၅

၂။ ကျွန်တော်နှင့် ပထမဦးဆုံးရင်ခုန်သံ ၃၁

၃။ ကျွန်တော်... စကားလုံး

စ... ပေါင်းမိသော အိပ်မက်များ ၆၁

၄။ ကျွန်တော်နှင့် မိန်းမ၏အလှအပများ ၇၉

၅။ မိန်းမနှင့် ဈေးဝယ်သွားခြင်း ၉၁

၆။ မိန်းကလေးလက်တွေကို ကျွန်တော်မုန်းရခြင်းမှာ... ၁၁၁

၇။ ကလစ်ဖြစ်သွားတဲ့ ရင်ထိုး ၁၂၃

၈။ ခြင် ၁၃၉

၉။ "နမ..." ၁၄၉

၁၀။ မိန်းမနှင့် မေတ္တာလက်မှတ် ၁၆၇


BURMESE CLASSIC .com




# ဆံကေသာ

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com





'ရည်ရွှယ်ဦး'ဆိုတာ ကျွန်တော်တို့ရပ်ကွက်ရဲ့နာမည်ကြီး ဂုဏ်သိက္ခာတစ်ခုပေါ့ဗျာ။ မိန်းမတစ်ယောက်ကို ဒီလိုပြောလို့ မင်း သိပ်လွန်သွားပြီလို့တော့ မထင်ပါနဲ့ဗျာ၊ ကျွန်တော် ရှင်းပြပါ့မယ်။ အစတုန်းက ကျွန်တော်တို့ရပ်ကွက်မှာ ဆင်းရဲသားနည်းနည်းပေါတော့ ဘေးရပ်ကွက်က လူတွေက နှိမ်ချင်တယ်။ ဒီရပ်ကွက်မှာနေပါတယ်လို့ ပြောရုံနဲ့တင် လူကို မျက်လုံးနှိမ့်ကြည့်ချင်ကြတယ်။

ကျွန်တော်တို့ရပ်ကွက်ကလည်း ဆိုးတာလေးတွေတော့ ရှိတာပေါ့လေ။ လူငယ်တွေက နေ့စဉ် ရိုက်ပွဲဆိုးပွဲရှိပြီး မိန်းမတွေက နေ့စဉ် ရန်ဖြစ်လေ့ရှိတဲ့ရပ်ကွက်။ ပဲပြုတ်သည်၊ အထမ်းသည်၊ မုန့်မျိုးစုံ ခေါင်းပေါ်တင်ပြီး ရောင်းတဲ့သူတွေများတဲ့ ရပ်ကွက်၊ ကလေးရော ခွေးပါများတဲ့ ရပ်ကွက်၊ အလှူခံလာရင် အများဆုံး ငါးဆယ်ထက် ကျော်မထည့်နိုင်။





ရပ်ကွက်၊ မြေတူးမြေသယ်၊ သစ်ပင်ခုတ်၊ မြောင်းတူးတာတို့၊ အိမ်သာကျင်းတူးတာတို့၊ ရေစည်လှည်းတွန်းတာတို့ဆိုရင် ကျွန်တော်တို့ရပ်ကွက်ထဲသာ လာရှာ။ လုပ်ချင်တဲ့လူတွေက တစ်သန်းလောက်ရှိနေတော့ ဘေးရပ်ကွက်ကလူတွေက နှိမ်ချင်တာပေါ့။

အသက်နည်းနည်းရတဲ့ လူကြီးတွေကလည်း လမ်းထိပ်မှာ ကျားထိုး၊ ညနေခင်းမှာ ချက်အရက်သောက်၊ မိန်းမတွေနဲ့ ဆယ်နာရီလောက်မှာ ရန်ဖြစ်၊ အဲဒီလိုချစ်ဖို့ကောင်းတဲ့ရပ်ကွက်ကလေးပါ။ ကျွန်တော်ကတော့ ကျွန်တော့်ရပ်ကွက်ကလေးကို ချစ်တယ်ဗျာ။ လူဆန်တဲ့ လူတွေနေတဲ့ နေရာကလေးလို့ထင်တယ်။ နေ့စဉ် ရင်ခုန်သံတွေကို အန်ထုတ်နေရတဲ့ ရပ်ကွက်ကလေးလို့ ထင်တယ်။

ဒါနဲ့ 'ရည်ရွှယ်ဦး'တို့ ပြောင်းလာကြရော...

သူတို့အိမ်ပြောင်းလို့ ပစ္စည်းတွေသယ်ကြတော့ အဲဒီလူကြမ်းတွေထဲမှာ ကျွန်တော်လည်းပါတာပေါ့။ ဗီရိုကြီးတွေ၊ ခုတင်တွေ၊ ကုလားထိုင်တွေ၊ တီဗွီတွေကို အိမ်ပေါ်တင်ကြရတာ။ ပထမတော့ ကျွန်တော်တို့ ဖြည်းဖြည်းနဲ့မှန်မှန်ပဲ လုပ်ကြတာပါ။ ရည်ရွှယ်ဦးကိုလည်းတွေ့ရော လုပ်နေတဲ့ကောင်တွေအားလုံး စက္ကန့်ပိုင်းအတွင်းကို တက်ကြွသွားကြတာ မပြောနဲ့တော့၊ အလေးပင်ဆုံးဆိုတဲ့ ပစ္စည်းတွေကိုချည်း အလုအယက်ဝိုင်းမကြတော့တာ။ ကျွန်တော်လည်း အလေးဆုံး သေတ္တာကြီးတစ်လုံးကို ကျုံးမတာပေါ့။ စိတ်ထဲမှာ ပေါ့ပေါ့ကလေးလို့ပဲ ခံစားရတယ်။ ကျွန်တော်တို့အားလုံး ယောကျ်ားဆိုတာ ဒါပဲဆိုတာကို ကိုယ်သယ်တဲ့ ပစ္စည်းတွေနဲ့ ပြချင်စိတ် အလိုလိုကို ဖြစ်လာကြတာ...။

ရည်ရွှယ်ဦးကို ချောတယ်လို့တော့ ကျွန်တော် မပြောချင်ပါဘူး။

www.burmeseclassic.com



ဒါပေမယ့် ယဉ်တယ်ဗျာ။ သူ့ဆံပင်တွေက သူ့ခြေသလုံးနားအထိ ရှိတယ်ဗျ။ သူနာမည်ကြီးတာလည်း ဒါပါပဲ။ သူလမ်းလျှောက်သွားရင် ဒီဆံပင်တွေကြောင့် သူ့ကို လှည့်မကြည့်ဖြစ်တဲ့သူ မရှိသလောက်ပဲ။

သူ့ဆံပင်တွေက အလုံးကြီးကြီး၊ ပြီးတော့ ဖြောင့်စင်းပြီး နက်မှောင်နေတာပဲဗျာ။ သူ့ဆံပင်တွေကို နှစ်ဖက်ခွဲပြီး ကျစ်ဆံမြီးကျစ်ထားရင် အဲဒီဆံပင်နဲ့တင် လူတစ်ယောက်ရဲ့လည်ပင်းကို ရစ်ပြီး သတ်လို့ရတယ်။ ဒီအတိုင်း ကျောမှာချထားပြီး လျှောက်သွားရင်လည်း သူ့ဆံပင်တွေကို သူ့ခေါင်းက နိုင်မှ နိုင်ပါ့မလားလို့ ကျွန်တော် စိုးရိမ်မိတာ အခါခါပါပဲ။

ရည်ရွယ်ဦးကလည်း သူ ဘာလှသလဲဆိုတာ သူ့ကိုယ်သူ သိတယ်ခင်ဗျ။ အဝတ်အစားကို ရိုးရိုးယဉ်ယဉ်ကလေးဝတ်ပြီး သူ့ဆံပင်တွေကို ဟစ်နေ့တစ်မျိုး မရိုးရအောင် အမြဲတမ်းပြင်ပြီး လမ်းထွက်လေ့ရှိတယ်။ မိန်းမတစ်ယောက်ဟာ ကိုယ်ဘာလှတယ်ဆိုတာကို ကိုယ်သိဖို့ လိုတယ်လို့ ကျွန်တော်ထင်တာပဲ။ သူ့အသားအရေကတော့ ညိုညိုစိမ့်စိမ့်ပါ။ လက်မောင်းမှာလည်း အမွေးကလေးတွေ ခပ်ရေးရေးနဲ့။ ဒါပေမယ့် နူးညံ့မှုရှိမယ်ဆိုတာကိုတော့ တစ်သန်းကြေးလောက် လောင်းချင်တယ်ဗျာ။

သူတို့အိမ်က အိမ်သာကျင်းကိုလည်း ကျွန်တော်ပဲ တူးတာပါ။ အောင်တိုးကတော့ ကျွန်တော့်အဖော်ပေါ့လေ။ ဘီအိုးကလေးမော့လိုက် မြေကြီးတူး၊ မြေသယ်လိုက်ပေါ့။ အဲဒီမှာ ခဏနားတုန်း သူက ကျွန်တော်တို့ကို အအေးနှစ်ပုလင်း လာပေးတယ်။ ကျွန်တော်တော့ ရင်တုန်ပန်းတုန်ကြီးကို ဖြစ်သွားတာပဲ။ ကိုယ့်ဘဝကိုလည်း ဘာကြောင့်မှန်းတော့ မသိဘူး။ အရမ်းဝမ်းနည်းသွားတယ်။ ဒီလို ဂရုစိုက်တာမျိုး တစ်ခါမှ မခံဖူးလို့လည်း ဖြစ်ချင်ဖြစ်မှာပေါ့။





ရည်ရွယ်ဦးလာပေးတဲ့ အအေးပုလင်းကို လှမ်းယူတော့ ကျွန်တော့်အသက်ကို အောင့်ထားမိတယ်။ ကျွန်တော့်ပါးစပ်က အရက်နံ့ကို သူရသွားမှာစိုးလို့ပါ။ နောင်ကို အရက်မသောက်တော့ဘူးလို့လည်း ကျွန်တော့်ကိုယ်ကျွန်တော် ဆုံးဖြတ်လိုက်တယ်။ ဒီလိုပါပဲဗျာ ယောကျ်ားလေးတွေဟာ အချစ်နဲ့တွေ့ရင် ကိုယ့်ဘက်က အရင်ဆုံးရှုံးကြစမြဲ မဟုတ်လား။

ကျွန်တော်က အအေးပုလင်းကို ကိုင်ပြီး ငိုင်နေပေမယ့် အောင်တိုးကတော့ ရွှံ့စေးတွေပေနေတဲ့ သူ့လက်ကြီးနဲ့ အအေးပုလင်းကို အားရပါးရမော့တယ်။

"ဟေ့ကောင်... ဘေကြီး သောက်လေကွာ"

ကျွန်တော် သူပေးသွားတဲ့ အအေးပုလင်းကို ရွှံ့စေးတွေပေနေတဲ့ လက်နဲ့ မသောက်ဝံ့ဘူးဖြစ်နေတာ။ လက်ဆေးစရာ ရေကလည်း ဘယ်ရှိမှာတုန်း။ သွားလည်း မတောင်းချင်ဘူးဗျာ။ အဲဒါနဲ့ ကျွန်တော့်လုံချည်ကို ပုလင်းနဲ့ လက်ကြားမှာခံပြီး မော့ရတယ်။ အဲဒီအအေး လည်ချောင်းထဲကနေ ဖြတ်စီးသွားကတည်းက ကျွန်တော်သိလိုက်တာတော့ ကျွန်တော် သူ့ကို ချစ်နေမိပြီဆိုတာပဲ။

"ခဏနားရင်... ထမင်းစားကြရအောင်နော်"

"ဗျာ"

"ခဏနားရင်... ထမင်းစားရအောင်လို့"

"ဟာ... ရပါတယ်၊ ကျွန်တော်တို့ ကိုယ့်ဘာသာကိုယ်ဝယ်စာ..."

"အို... မဟုတ်တာ၊ ရည်ရွယ်က အားလုံးချက်ပြီး ပြင်ပြီးနေပြီ ဒီမှာပဲစားကြပါ၊ မလုပ်ပါနဲ့"

သူက နောက်ဖေးပေါက်က ကိုယ်လေးတစ်ပိုင်းထွက်ပြီး ပြောတာ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ပါ။ ခေါင်းကိုငုံထားတော့ ဆံပင်တွေက ဘေးမှာ တွဲလွဲကျလို့။ သူ့အပြုံးက ကျွန်တော့်မျက်လုံးကိုဖောက်ပြီး နှလုံးသားထဲ ရောက်သွားတာပဲ။

သူက အိမ်ပေါ်မှာစားဖို့ ခေါ်ပေမယ့် ကျွန်တော်တို့ ဘယ်စားဝံ့မှာလဲဗျာ။ ရေကပြင်မှာပဲ စားဖို့ တော်တော်တောင်းပန်ယူရတယ်။ ဟင်းက ကြက်သားနဲ့ ဗူးသီး၊ ငါးဖယ်ငါးဆုပ်ချက်နဲ့ အာပြခြောက်ကို ငရုတ်သီးခွဲခြမ်းနဲ့ ကြော်ထားတာ။ ကျွန်တော်တို့နှစ်ယောက် ထမင်းနှစ်လုံးချက်ကို ကုန်အောင်စားတာကို ရည်ရွယ်ဦးက အရမ်းဝမ်းသာနေလေရဲ့။ ဒီကကောင်တွေက အိမ်မှာဆို မျှစ်ကြော်တို့၊ ဘဲဥချည်ရည်ဟင်းတို့လောက်တောင် အနိုင်နိုင်ကောင်တွေမဟုတ်လား။ နာရီဝက်လောက် နတ်ပြည်ရောက်သွားတယ်ပဲ ဆိုပါတော့ဗျာ။

သိပ်မကြာဘူး ရည်ရွယ်ဦးက နာမည်ကြီးသွားတာပဲ။

တခြားရပ်ကွက်က ကောင်တွေလည်း ကျွန်တော်တို့ကို သိပ်မနိမ်ကြတော့ဘူးဗျ။ အထူးသဖြင့် ရည်ရွယ်ဦးနဲ့ တစ်လမ်းတည်းနေတဲ့ ကျွန်တော့်ကို နည်းနည်းလေးစားလာကြတယ်။ ကလီယိုပတ္တာကြောင့် သူ့နိုင်ငံ နာမည်ကြီးသလိုပေါ့ဗျာ။ ဒါကြောင့် ရည်ရွယ်ဦးကို ကျွန်တော်တို့ရပ်ကွက်ရဲ့ဂုဏ်သိက္ခာလို့ ကျွန်တော်ပြောတာပေါ့။

ကျွန်တော့်အကြောင်းလည်း ပြောရဦးမယ်။

ပြောရမယ်ဆိုတော့ နည်းနည်းလေးရယ်ပါ။ အမေဆုံးသွားပြီးတော့ အဖေက နောက်မိန်းမတစ်ယောက် ထပ်ယူတယ်။ ပြီးတော့ ဘယ်ရောက်သွားမှန်း မသိတော့ဘူး။ ကျွန်တော်က အဒေါ်နဲ့ နေရတယ်။ အဒေါ်နဲ့ သူ့ယောကျ်ားကလည်း နေ့တိုင်းကို ရန်ဖြစ်တယ်ဗျာ။ သူတို့ ရန်ဖြစ်စရာအကြောင်းအရာက တစ်နေ့တစ်နေ့ ကုန်တယ်လို့ကို မရှိဘူး။ ရန်အဖြစ်





နိုင်ဆုံး နိုဘယ်လ်ဆုပေးရင် သူတို့ကလွဲပြီး ရစရာအကြောင်း တခြားလူရှိမှာကို မဟုတ်ဘူး။

ကျွန်တော်က စာမညံ့ပေမယ့် ပညာရေးက ၈–တန်းနဲ့ပဲ ဆုံးသွားတယ်။ ကျွန်တော် ကျောင်းဆက်မတက်တော့ ဘယ်သူကမှ ဘာမှလည်း ထွေထွေထူးထူး မအံ့သြကြ၊ မပြောကြပါဘူး။ အဒေါ်ကတော့ ‘ဒါဆိုလည်း ရေစည်လှန်းတွန်းပေါ့’ လို့ ပြောတယ်။

ဆယ့်ကိုးနှစ်မှာ ထောင်နှစ်နှစ်ကျတယ်။

အပေါင်းအသင်းကောင်းလို့ အိမ်ဝင်ဖောက်တဲ့ဆီမှာ ပစ္စည်းတွေသယ်ပေးတဲ့အမှုနဲ့ တစ်ခါတည်း တန်းမိတာကိုး။ ထောင်ကထွက်လာတော့ ကျွန်တော် ရိုးရိုးပဲနေဖို့ ဆုံးဖြတ်လိုက်တယ်။ ဒါပေမယ့် ပတ်ဝန်းကျင်က တစ်မျိုးဗျာ။ ကျွန်တော့်ကို လန့်နေကြတယ်။ လူမိုက်လိုလို ဘာလိုလို ဆက်ဆံကြတယ်။ တချို့ကောင်လေးတွေ ဘာတွေဆို ကျွန်တော့်ကို ကျွတ်ပြီး အရက်တိုက်တာတို့ အကူအညီတောင်းတာတို့ရှိတယ်။ တခြားရပ်ကွက်က နည်းနည်းမိုက်တဲ့ကောင်တွေကလည်း ကျွန်တော့်ကို ကျွတ်ကြတာနဲ့ ကျွန်တော်လည်း မိုန်းပြီး လူမိုက်လုပ်နေခဲ့တာ။ တစ်ခါတလေ ထိုးရကြိတ်ရတာလေးတွေ၊ မိုက်ကြေးခွဲရတာလေးတွေလည်း ရှိတာပေါ့။ ဒါကလည်း အကူအညီလိုမှပါ။ ကျွန်တော့်ဘာသာဆိုရင်တော့ ကြုံရာအလုပ်ကလေးလုပ်၊ ညနေ ဘီအီးကလေးသောက်၊ အဒေါ်တို့လင်မယားရန်ဖြစ်တာ နားထောင်ပြီးအိပ်တာ များပါတယ်။

အခုတော့ အဲဒါတွေကို လုံးလုံးကို မလုပ်ချင်တော့တာပါဗျာ။

အချစ်ဆိုတာ လူ့ဘဝကို နူးညံ့အောင် ပြုပြင်ထိန်းကျောင်းတဲ့ အကောင်းဆုံးဆေး မဟုတ်လား။ သူ့ကို ချစ်ပြီးတော့လည်းက ကျွန်တော်ဟာ

www.burmeseclassic.com



ဂုဏ်သိက္ခာရှိချင်နေတယ်။ နူးနူးညံ့ညံ့နဲ့ ရည်ရည်မွန်မွန်လည်း ဖြစ်ချင်နေတယ်။ သူ့ကိုစော်ကားတဲ့သူ မရှိသရွေ့ လူမိုက် မလုပ်တော့ဘူးလို့လည်း ဆုံးဖြတ်ထားတယ်။

ဒါပေမယ့် ထိုင်နေကျ သဃ်န်းကျွန်းဘူတာက လက်ဖက်ရည်ဆိုင်မှာတော့ ကျွန်တော်ထိုင်ပါတယ်။ ဒါကလည်း အကြောင်းနှစ်ချက်ရှိတယ်။ ရည်ရွယ်ဦးက ဘူတာကားဂိတ်ကနေ ကျောင်းသွားဖို့ ကားစီးတတ်တော့ သူ့ကို တွေ့ချင်မြင်ချင်တာရယ်၊ သူ့ကို နှောင့်ယှက်မယ့်သူရှိရင် အကူအညီပေးချင်တာရယ်ကြောင့်ပါ။

ဒုတိယအချက်ကတော့ မအောင်မြင်ပါဘူး။ သူ့ကို နှောင့်ယှက်မယ့်သူ မရှိသလောက်ပါပဲ။ သူလာရင် လူတွေက ဂရုတစိုက်နဲ့ အကူအညီပေးချင်ကြသူတွေ များပါတယ်။ သူ့ဆံပင်တွေကို မြင်လိုက်ရင်ပဲ လူတော်တော်များများက လိမ္မာယဉ်ကျေးသွားကြတယ်။ သူက တစ်ချက်ကြည့်လိုက်ရင် သေပြီပေါ့။ ဒါပေမယ့် ကျွန်တော်ကတော့ သူ့ရဲ့လျှို့ဝှက်ကိုယ်ရံတော်အဖြစ်က လက်မလျှော့ပါဘူး။

တစ်နေ့ ကျွန်တော် လက်ဖက်ရည်ဆိုင်အထွက် သူက ကျောင်းတက်ဖို့ ကားဂိတ်ကိုအလာ လမ်းမှာဆုံကြတော့ သူက ကျွန်တော့်ကိုကြည့်ပြီး ခေါင်းကလေးတစ်ချက်ငဲ့လို့ ပြုံးပြတယ်ဗျာ။

ကျွန်တော် သေပြီပေါ့။

အဲဒီအပြုံးကို ဆိုင်မှာထိုင်နေတဲ့ ဆော်ဒါတွေကလည်း မြင်သွားတယ်ဆိုတော့ ကျွန်တော်လည်း နည်းနည်း နာမည်ကြီးသွားတယ်။ ဟိုလူက စ, ဒီလူက မေးနဲ့ပေါ့ဗျာ။ ဘဝမှာ ဒီလောက် တစ်ခါမှ မချိုမြိန်ခဲ့ဖူးပါဘူး။ အဲဒီနေ့တစ်နေ့လုံး ကျွန်တော် ဆရာကြီးပဲ။





ပိုဆိုးသွားတာက နောက်သုံးရက်လောက်ကြာတော့ သူက ကျွန်တော်ထိုင်နေတဲ့ လက်ဖက်ရည်ဆိုင်ရှေ့တည့်တည့်မှာ ရပ်ပြီး ကျွန်တော့်ကို ခေါင်းညိတ်ခေါ်တယ်။

ဓာတ်လိုက်သလိုပဲဗျာ။ လူတစ်ကိုယ်လုံးကို တုန်သွားတာပဲ။

ဘူတာမှာ ဆူညံနေတဲ့အသံတွေအားလုံး ကျွန်တော့်ကမ္ဘာမှာ တိတ်သွားတယ်။ ကျွန်တော်ဟာ ညို့တောင့်မိနေတဲ့ သားကောင်လို သူ့ရှေ့ကို ရောက်သွားတယ်။ မျက်လုံးတွေအများကြီးက ကျွန်တော့်ကို ကြည့်နေမှန်းသိတော့ ထူပူပြီး ဘာတွေဖြစ်ကုန်မှန်းကို မသိတော့ဘူး။ သေချာတာကတော့ ကျွန်တော့်ဘဝမှာ ဒီလိုလူတွေအများကြီး အကြည့်ခံရတာ ဒီတစ်ကြိမ်ပဲရှိပါတယ်။

“မနက်ဖြန် အားလားဟင်”

“ဗျာ”

“မနက်ဖြန် အားလားလို့”

“ဟုတ်… ဟုတ်ကဲ့”

သူက ခေါင်းတစ်ချက်ညိတ်ပြီး ပြုံးပြတယ်။ ရင်တွေတုန်လွန်းတော့ စကားပြောတွေ ဘာတွေလည်း မမှန်ချင်တော့ဘူးဗျာ။

“အိမ်ရှေ့က အုန်းမြစ်ကြီး တူးပစ်ချင်လို့ မနက်ဖြန် လာခဲ့နော်”

ကျွန်တော် ခေါင်းပဲညိတ်ပြလိုက်မိသလား၊ ‘ဟုတ်ကဲ့’ လို့ပဲ ပြောလိုက်မိသလား မမှတ်မိတော့ဘူးဗျာ။ တစ်ချက်ပြုံးပြီး သူထွက်သွားတာပဲ မှတ်မိတော့တယ်။ ကျွန်တော် ဆိုင်ထဲကိုပြန်ဝင်တော့ ကျွန်တော်တို့ဝိုင်းဟာ ဆူညံသွားတာပဲ။ ဝိုင်းမေးလိုက်ကြတာလည်း စုံလို့။ ကျွန်တော်ကလည်း အုန်းမြစ်တူးဖို့ကိစ္စကို အသာထားပြီး “မနက်ဖြန် သူ့အိမ်ကို လာခဲ့ဖို့

www.burmeseclassic.com



ခေါ်တယ်’ လို့ပဲ ပြောတော့ အားလုံး အံ့သြကုန်တာပေါ့။ ကြားတဲ့သူကလည်း ကြားလိုက်တယ်လို့ထောက်ခံကြတော့ ဒီစကားကပဲ တရားဝင်ဖြစ်သွားတယ်။

တချို့ကလည်း ချီးကျူးကြ အကြံဉာဏ်တွေပေးကြနဲ့ တချို့ကလည်း မနာလိုတဲ့မျက်လုံးတွေနဲ့ ကြည့်ကြပေါ့လေ။ ရည်ရွယ်ဦးက ဒီဘူတာကားဂိတ်မှာ ဘယ်သူ့ကိုမှ စကားပြောတာမဟုတ်တော့ ဒီနေ့အတွက်တော့ ကျွန်တော်ဟာ ဟီးရိုးပေါ့။ ပြောရင်းပြောရင်း နောက်ဆုံး ‘အဆင့်အတန်းတွေ ဘာတွေ တွေးမနေနဲ့၊ သူ့ဘက်ကပါရင် ခိုးပြေးကွာ’ ဆိုတဲ့ အဆင့်အထိ ရောက်သွားတယ်။

ကျွန်တော်လည်း စကားတစ်ခွန်းကိုညာရင်းနဲ့ ဘေးက အထင်ကြီးမှုမှာ ကိုယ့်ကိုယ်ကိုယ် သူတို့ပြောတဲ့အတိုင်း ဖြစ်နေတယ်လို့ ထင်သွားတယ်။ လူဆိုတာကလည်း ကိုယ့်ကိုယ်ကိုယ် ညာရင်းနဲ့ပဲ ဘဝကိုနေပျော်အောင် လုပ်နေတဲ့ သတ္တဝါမဟုတ်လား။

နောက်နေ့ကျတော့ ပုဆိုးနံတစ်လက်၊ ငန်းပြားတစ်ဖက်နဲ့ သူတို့အိမ်ကို သွားရတယ်။ အိမ်ရှေ့ခြံထောင့်က ခုတ်ပြီးသားအုန်းပင်ရဲ့လက်ကျန်အမြစ်ကြီးကို ဖြိုရတာ။ ပင်ပန်းလိုက်တာ မပြောနဲ့တော့။ ခုတ်ရ တူးရ အခက်ဆုံးက ဝါးရုံပင်မြစ်ရယ် အုန်းမြစ်ရယ် မဟုတ်လား။ သူ့ကိုလည်း မတွေ့ရပါဘူး။ သူ့အဖေကြီးနဲ့ပဲတွေ့ပြီး အလုပ်လုပ်ရတာ။ အဘိုးကြီးက ခပ်ဝဝ ပုပု ဂင်တိုတိုနဲ့ခင်ဗျ။ စကားပြောရင်လည်း နည်းနည်းစဉ်းစားပြီးမှ ပြောတတ်တယ်။ အိမ်ပြောင်းတုန်းက မတွေ့ပါဘူး။ အခုမှပဲ တွေ့ရတာ။

ပင်ပန်းတာတော့ မပြောနဲ့တော့ဗျာ။ သူ့မျက်နှာတစ်ချက် တွေ့ရင်တော့ အမောပြေသွားမလားပဲ။ ဒါပေမယ့် သူ ထွက်မလာပါဘူး။ ထမင်း





စားချိန်ရောက်တော့လည်း ထမင်းစားလာမခေါ်ပါဘူး။ ကျွန်တော်ကတော့ ခုတ်ပြ၊ တူးပြ၊ ဖွဲ့ပြရတာကို မောလို့။ ဒါပေမယ့် လက်ဖက်သုတ်တစ်ပွဲနဲ့ ရေနွေးအိုးတစ်အိုးတော့ ရောက်လာပါတယ်။ ကွမ်းတစ်ယာ ရေတစ်မှုတ်နဲ့ ကိုဗျပ်ဝိက သူ သုပ်ပေးတာနေမှာပဲဆိုပြီး တစ်ဇွန်းစားလိုက် ‘ဖိ’ ခနဲ အုန်းမြစ်ကြီးကိုပေါက်ချလိုက်နဲ့ ကိုင်ပစ်လိုက်တာ နေ့လယ် နှစ်နာရီလောက်မှာ အားလုံးရှင်းသွားရော။

“ဘယ်လောက်ပေးရမလဲကွ”

အဘိုးကြီးက နည်းနည်းအားနာနေတဲ့ လေသံနဲ့ မေးပါတယ်။ ကျွန်တော်ကလည်း ဘာပြောရမှန်းမသိဘူးကြီးကို ဖြစ်နေတယ်။ တခြားလူဆိုရင်တော့ တစ်ထောင်လောက် ပစ်တောင်းပစ်လိုက်မှာပေါ့။ ဒါပေမယ့် အခုတော့ ငွေဆိုတဲ့ကိစ္စက ကျွန်တော့်ခေါင်းထဲကို ရောက်မလာဘူးဖြစ်နေတာမို့ ဘာပြောရမှန်းကို မသိဘူး။

“နေပါစေ ဦးလေးရာ ကျွန်တော်က ကူညီတာပါ”

“ဟာ... မဟုတ်တာကွာ ဒီလောက်ပင်ပန်းတဲ့ ကိစ္စကြီးကို ပြောပါကွ”

“ကျွန်တော် ကူညီတာပါ”

သူက အားနာ ကျွန်တော်က အားနာနဲ့ နှစ်ယောက် လုံးလည်ချာလည်လိုက်ပြီး နောက်ဆုံး အဘိုးကြီးက ကျွန်တော့်ကို ငွေနှစ်ထောင် အတင်းထိုးထည့်ပေးတယ်။ အဲဒီမှာတင် ကျွန်တော် တန်ဖိုးနဲ့ ဈေးနှုန်း ကွာသွားမှန်းကို သိတာ။ ငွေနဲ့ စေတနာအင်အား ဘယ်လောက်ကွာတယ်ဆိုတာကို သိသွားတာ။ ကျွန်တော် အဲဒီငွေနှစ်ထောင်ကို အတင်းပြန်ပေးပြီး ထွက်လာခဲ့တယ်။ ဟုတ်တယ်လေ ကျွန်တော်လိုချင်တာက ငွေနှစ်ထောင်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မှ မဟုတ်ဘဲ။ ကျွန်တော်က သူ့သမီးရည်ရွယ်ဦးနဲ့ ပတ်သက်ရင် စေတနာရှိတယ်ဆိုတာပဲ သူတို့သိစေချင်တာ။ စေတနာရဲ့အင်အားက တစ်ခါတစ်ခါမှာ ငွေထက် အစွမ်းထက်တယ် မဟုတ်လား။

နောက်တစ်နေ့ ဘူတာကားဂိတ်မှာ ရည်ရွယ်ဦး ကားလာစီးတော့ ကျွန်တော့်ကို လှည့်တောင်မကြည့်ပါဘူး။ ကျွန်တော့်ကို အထင်ကြီးနေတဲ့ ဘော်ဒါတချို့က ဘာသဘောလဲပေါ့လေ။ 'ဒါကတော့ သူ့သိက္ခာ၊ ကိုယ့်သိက္ခာပေါ့ကွာ' လို့ ကျွန်တော်ဖြေလိုက်တယ်။ ဒီတော့မှ ဒီကောင်တွေလည်း အထာကျသွားကြတယ်။

အဲဒီနောက်ပိုင်း သိရတာက သူ့အဘိုးကြီးက သင်္ဘောသားတဲ့၊ အိမ်ပြောင်းလာတုန်းကမပါဘဲ အခုမှ သင်္ဘောပေါ်က ဆင်းလာတာဆိုပဲ။ သူက ပုပုဝဝဆိုတော့ သူ့ကို ရပ်ကွက်က 'သင်္ဘောသီး' လို့ အမည်ပေးကြတယ်။ ကျွန်တော်ကတော့ သိပ်မကျေနပ်တဲ့ပုံစံနဲ့ 'ငါ့ရှေ့မှာ မခေါ်နဲ့ကွာ' ဆိုတော့ ဟိုကောင်တွေလည်း ငြိမ်သွားတာပါပဲ။

နောက်တစ်ပတ်လောက်ကြာတော့ ကျွန်တော် မျှော်လင့်ထားတဲ့ ကိစ္စက ကံကောင်းထောက်မစွာ ဖြစ်လာတယ်။ ကျွန်တော် ဘူတာကဆိုင်မှာထိုင်ပြီး ရည်ရွယ်ဦးအလာကို ငေးကြည့်ဖို့ စောင့်နေတုန်း အောင်တိုးက ပြေးဝင်လာပြီး...

"ဘေကြီး မင်းကောင်မလေးကို ဟိုဘက်လမ်းကကောင်တွေ လိုက်ပြဿနာရှာနေတယ်"

အောင်တိုးစကားသံဆုံးတာနဲ့ ကျွန်တော် ခွေးခြေခုံကို ကောက်ဆွဲပြီး ပြေးထွက်တာပဲ။ လမ်းမှာတွေ့ရတာက မဖွယ်မရာပါ။ ဟိုဘက်လမ်းက မင်းသန်းဆိုတဲ့ကောင်က ရည်ရွယ်ဦးအနားကိုကပ်ပြီး စကားတွေ တတွတ်





တွတ်ပြောလို့။ နောက်မှာကလည်း လူမိုက်လို့ သူတို့ကိုယ်သူတို့ ခေါ်သူ သုံးယောက်က ကပ်လိုက်လို့။ ရည်ရွယ်ဦးကတော့ ကျားအလိုက်ခံရတဲ့ သမင်မလေးလိုပဲ။ ကျွန်တော် လက်ထဲက ခွေးခြေခုံကိုမြှောက်ပြီး အဲဒီအုပ်စုထဲ ပြေးဝင်သွားလိုက်တယ်။

ကျန်တာတွေတော့ ကျွန်တော်လည်း သိပ်မမှတ်မိတော့ပါဘူး။ ထိုးကြ၊ ရိုက်ကြ၊ ဆွဲကြ၊ အော်ကြနဲ့ဆိုတော့ အခြေအနေတွေက ရှုပ်ထွေးကုန်တာကိုး။ နောက်ဆုံး ကျွန်တော် ခေါင်းငါးချက် ချုပ်ရတယ်။ နှုတ်ခမ်းပေါက်ပြီး ညာဘက်မျက်လုံးပိတ်သွားတယ်။ ဟိုဘက်က လေးယောက်လည်း ဘယ်ခေလိမ့်မလဲ။ သွားကျွတ်တဲ့ကောင်က ကျွတ်၊ လက်ကျိုးတဲ့ကောင်က ကျိုး၊ ခေါင်းကွဲတာတော့ အားလုံးပဲ။

သူတို့ကစပြီး အမှု ကျွန်တော့်ကိုဖွင့်ပါတယ်။ ကျွန်တော် ဆေးရုံရောက်ကတည်းကိုက ရည်ရွယ်ဦးတို့အဖေက အားလုံး တာဝန်ယူပါတယ်။ ဆေးဖိုးဝါးခကအစ အကုန်ဆိုပါတော့ဗျာ။ ပြီးတော့ သူ့သမီးကို နှောင့်ယှက်သူတွေကို ကျွန်တော်က ဝင်ကူညီတာမို့ နှောင့်ယှက်မှုနဲ့ ပြန်တရားစွဲတော့မှ ဟိုဘက်ကလျှော့သွားပြီး အမှုပြေငြိမ်းတဲ့အဖြစ်ကို ရောက်သွားတယ်။ ကျွန်တော် ဆေးရုံကဆင်းတော့ တော်တော်နာမည်ကြီးနေပါပြီ။

ရည်ရွယ်ဦးရဲ့အဘိုးကြီးကတော့ သူ့ခြံထဲက အုန်းမြစ်ကို တစ်ပြားမှ မယူဘဲ တူးပေးတာရယ်၊ သူ့သမီးရဲ့အရှက်ကို အသက်နဲ့လဲပြီး ကာကွယ်တာရယ်ကြောင့် ကျွန်တော့်ကို တော်တော်လေးသဘောကျ ဦးစားပေးပါတယ်။ သူ့သမီးကိုစောင့်ရှောက်ဖို့လည်း ကျွန်တော့်ကို အပ်ပါလေရော။ ဒါနဲ့ ကျွန်တော်လည်း ရည်ရွယ်ဦး ကားဂိတ်အသွားအပြန် ကိုယ်ရံတော်ရာထူးကို အော်တိုမစ်တစ်ခန့်ခြင်း ခံရတော့တာပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကောင်တွေကြားမှာတော့ ကျွန်တော်က ပုံပြင်တစ်ပုဒ်လိုလို သူ့ရဲကောင်းလိုလိုနဲ့ ပြောမဆုံး ဖြစ်နေကြတာခင်ဗျ။ ကျွန်တော်ကလည်း အရင်တုန်းကလို ခပ်ပေပေ မနေတော့ဘဲ အနေအထိုင်ကို ထိန်းတယ်။ ရပ်ကွက်ထဲက ကြုံရာအလုပ်ကိုမလုပ်တော့ဘဲ ဦးဖောင်းတို့တွင်ခုံမှာ ဝင်လုပ်တယ်။ ဒါတွေအားလုံးက ရည်ရွယ်ဦးအတွက် ရည်ရွယ်တာဆိုပါတော့။

ကားဂိတ်ကို လိုက်ပို့ရတဲ့လမ်းမှာ ကျွန်တော်က သူ့ရဲ့ဆံပင်တွေအနားက ကပ်ပြီးလိုက်တတ်တယ်။ သူ့ဆံပင်အနံ့က ကျွန်တော့်ရင်ဘတ်ကို ဆွဲဆွဲ ယမ်းတတ်တယ်ဗျာ။ တစ်ခါတလေဆို သတိလက်လွတ်ဖြစ်ပြီး သူ့ဆံပင်တွေကို ဆွဲယူပြီး ရင်ခွင်ထဲထည့် အားရပါးရ ပွေ့ဖက်နမ်းပစ်လိုက်ချင်တဲ့အထိပဲ။ စိတ်ကို တော်တော်ကြီးကို ထိန်းထားရတာ။

ဂိတ်မှာ ထွက်ကားမရှိတဲ့အခါဆို ကျွန်တော်နဲ့ သူ ကြံရည်ဆိုင်မှာ အတူထိုင်စောင့်လေ့ရှိတယ်။ ဟိုကောင်တွေကတော့ လက်ဖက်ရည်ဆိုင်ထဲကငေးရင်း ကျွန်တော့်ကို အားကျလို့ပေါ့။ ကျွန်တော်နဲ့ တွယ်ခဲ့ကြတဲ့ကောင်တွေကလည်း ရစ်သီ ရစ်သီလုပ်ပေမယ့် ဘာမှတော့ ထပ်မနှောင့်ယှက်ရဲတော့ပါဘူး။

ဂိတ်ကိုလာတဲ့လမ်းမှာ သူနဲ့ ကျွန်တော်က စကားပြောခဲ့ပါတယ်။ ပြောဖြစ်ကြရင်လည်း လူမှုရေးစကားလောက်ပါပဲ။ ‘ကား သိပ်ကျပ်မလား မသိဘူး’ တို့၊ ‘ပတ်စီးတဲ့လူတွေက အရမ်းများတာပဲ’ တို့၊ အကြွေမရှိဘူး ထောင်တန်ကြီး ဖြစ်နေတယ်၊ ဂိတ်ရောက်ရင် အကြွေလဲပေးပါဦး’ တို့လောက်ပဲ ရှိတာပါ။ ကျွန်တော်ကတော့ အစကတည်းက စကားနည်းတဲ့သူဆိုတော့ စပြောဖြစ်တာ ရှားပါတယ်။





တလောက သူလမ်းလျှောက်လာရင်း ခလုတ်တိုက်ပြီး ဟပ်ထိုးဟပ်ထိုးဖြစ်သွားတော့ ကျွန်တော်က သူ့လက်မောင်းကို လှမ်းကိုင်ပြီး ထိန်းလိုက်ရတယ်။ အဲဒီတစ်ကြိမ်ကလွဲလို့ သူ့အသားကို ကျွန်တော်ထိတာ မရှိပါဘူး။ နေပူလို့ ထီးထုတ်ဆောင်းရင်တောင် ကျွန်တော်က ထီးရိပ်လွတ်တဲ့နေရာက လိုက်ပေးတဲ့ကောင်ပါ။ ဟုတ်တယ်လေ တရားဝင်ချစ်သူတွေမှ မဟုတ်တာ ထီးထဲ အတူဆောင်းလို့ ဘယ်ရပါ့မလဲ။

တစ်နေ့ဗျာ ကားဂိတ်ကို လိုက်ပို့တဲ့လမ်းမှာ သူက ကျွန်တော့်ကို စာအိတ်တစ်အိတ် လှမ်းပေးတယ်။ ပထမတော့ ကျွန်တော်လည်း ကြောင်နေတာပေါ့။

“ဘာလဲဟင်”

“သူ့အတွက်ပေးတာ ယူလေ”

ကျွန်တော့်ခေါင်းဟာ ‘ဖျစ်’ ခနဲမြည်ပြီး ကျွန်တော့်ကမ္ဘာက ခဏပျောက်သွားသလိုမျိုးကြီး ဖြစ်သွားတာမို့ တော်တော်ကြာကြာကြီး သူ့ကိုငေးကြည့်နေမိတော့ သူက စိတ်မရှည်သလိုဖြစ်သွားဟန် တူပါတယ်။

“ယူပါဆိုနေမှပဲ ရော့”

ကျွန်တော် တုန်တုန်ယင်ယင်နဲ့ စာအိတ်ကို လှမ်းယူရင်း တန်ဆောင်တိုင်ပွဲတုန်းက လမ်းထဲမှာပြတဲ့ ဗီဒီယိုကားထဲက လေထီးတပ်သားတွေ လေယာဉ်ပျံပေါ်က ခုန်ချသလိုမျိုးကြီး ရင်ထဲမှာဖြစ်နေမိတယ်။ သတိရမိတော့မှ သူပေးတဲ့စာအိတ်ကို အိတ်ထဲထည့်ရင်း သူ့ကိုလည်း မကြည့်ရဲတော့ဘူး။ လမ်းချည်းဖိလျှောက်နေမိတာပဲ။

ဂိတ်ရောက်လို့ ကားထွက်သွားတော့မှ ကျွန်တော် လက်ဖက်ရည်ဆိုင်ကို ရင်ဘတ်ကအိတ်ကိုဖိရင်း ပြေးခဲ့တာပေါ့။ အိုး… ရင်တွေခုန်နေ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာမှ မပြောနဲ့တော့။

ဆိုင်ရောက်လို့ တုန်ယင်နေတဲ့လက်တွေနဲ့ စာအိတ်ကို ကြည့်လိုက်တော့ ‘ကိုဘကြီးအတွက်’ လို့ လက်ရေးဝိုင်းဝိုင်းကလေးတွေနဲ့ ရေးထားတာတွေ့တယ်။ ကျွန်တော် လေယာဉ်ပျံပေါ်က ပြုတ်ကျနေတုန်းပဲ။

စာအိတ်ကို မဖွင့်ရက် ဖွင့်ရက်နဲ့ ဖွင့်လိုက်တော့မှ စာအိတ်ထဲက တစ်ထောင်တန်လေးရွက် ထွက်လာတယ်ဗျာ။ ကျွန်တော် လေထီးမပွင့်ဘဲ မြေကြီးပေါ်ကို ဒီအတိုင်းကျသွားတယ်။ ကျွန်တော် တစ်ထောင်တန်တွေကို ကိုင်ရင်း ငိုင်နေမိတယ်။ ပြီးတော့ အားလုံးကို ဆွဲဖြဲပစ်လိုက်ပြီး တိရစ္ဆာန်အရိုင်းတစ်ကောင်လိုပဲ ဆိုင်ထဲက ပြေးထွက်လာမိတယ်။

ဘုရားစူးရစေရဲ့… ကျွန်တော်မျှော်လင့်မိတာ သူ့ဆီက စာတစ်စောင်ပါ။ စာတစ်စောင်မဟုတ်တောင် စာတစ်ကြောင်းပါ။ စာတစ်ကြောင်းမဟုတ်တောင် စာတစ်လုံးပါ။ အဲဒီစာတစ်လုံးက ကျွန်တော့်ဘဝပဲ။ အခုတော့ ငွေလေးထောင်တဲ့။

နောက်တစ်နေ့ သူ့ကို ကျောင်းလိုက်ပို့နေကျ လမ်းကနေ ကျွန်တော် စောင့်ပါတယ်။ ပညာတတ်မဟုတ်ပေမယ့် ရင်ထဲမှာ သိပ်မလှတဲ့ စကားလုံးတွေနဲ့ပေါ့။ ဒါပေမယ့် သူရောက်မလာဘူး။ ကျွန်တော်များ နောက်ကျလေသလားဆိုတဲ့ အတွေးနဲ့ သူ့အိမ်ကိုသွားတော့ သူ့ကို အိမ်မှာ ရိပ်ခနဲမြင်လိုက်ရတယ်။ ဒါနဲ့ ကျွန်တော်လည်း စောင့်နေကျနေရာက ပြန်စောင့်ပေမယ့် သူ ထွက်မလာပါဘူး။

တစ်ရက်၊ နှစ်ရက်၊ သုံးရက်၊ ဆက်တိုက် ကျွန်တော်စောင့်ပေမယ့် သူ လုံးဝမလာတာနဲ့ သူ့အိမ်ကို အရဲစွန့်ပြီး ကျွန်တော် ဝင်မေးပါတယ်။ ကျွန်တော်ပြန်ရတဲ့စကားလုံးက တစ်ခွန်းတည်းပါ။





“သမီးက စာမေးပွဲပြီးသွားပြီလေ ကျောင်းသွားစရာမှ မလိုတော့ဘဲ”

ကျွန်တော် လက်သီးကိုဆုပ်ပြီး ပြန်လာခဲ့တယ်။ ဒါဆိုရင် သူက ကျွန်တော့်ကို ကားဂိတ်ကြိုပို့စရိတ် လေးထောင်ပေးသွားတာပေါ့။ အဲဒီအတွေးရဲ့အသံဟာ နှလုံးသားမှာ မြားတစ်ချောင်းလို ခုန်နေတယ်။

နောက်တစ်နေ့ ကျွန်တော် သူတို့အိမ်ရှေ့ကို အခါခါရောက်ပေမယ့် ဘယ်သူကမှ ကျွန်တော့်ကို ဂရုမစိုက်ကြပါဘူး။ သူနဲ့လည်း နှစ်ခါလောက် မျက်ဝန်းချင်းဆုံပါတယ်။ ဒါပေမယ့် ဘာအရိပ်အယောင်မှ သူ့ဆီက ကျွန်တော်ပြန်မရဘူး။ ပထမတစ်ကြိမ်က သူ့ဆံပင်တွေကို လျှော်နေတဲ့အချိန်ပါ။ ဒုတိယအကြိမ်ကတော့ သူ့အိမ်ဝရန်တာမှာ သူထွက်ရပ်နေတာ။ ဆံပင်တထွေးကြီးက လေထဲမှာ မျောလို့ရယ်။

သူ့ဆံပင်တွေကို တွေ့တော့ ကျွန်တော် သတိလက်လွတ်ဖြစ်ပြီး အိမ်ထဲကို ပြေးဝင်မိတော့မလို့။ အသိစိတ်ကို မနည်းကြီး ချုပ်တည်းထားလိုက်ရတယ်။ ‘ဆံပင်တွေသိပ်လှတဲ့မိန်းမ၊ ငါ့အသည်းနှလုံးကို ဆံပင်တွေနဲ့ ရစ်ပတ်ပြီး ညှစ်သတ်သွားတဲ့မိန်းမ’ လို့ ရင်ထဲမှာ အော်ပစ်လိုက်တာ အသံအကျယ်ကြီးပဲ။ ရင်ထဲက အသံဆိုတာက ကိုယ်ပဲကြားတာဆိုတော့ သူမသိဘူးပေါ့လေ။

သူ့ကို ကားဂိတ်ကြိုပို့ မလုပ်တော့ကတည်းက ကျွန်တော့်မှာလုပ်စရာအလုပ်မရှိတော့ဘူး ဖြစ်သွားတယ်။ ဒီတော့မှပဲ သူမရှိရင် သူ့အလုပ်ကို မလုပ်ရတော့ရင် ကျွန်တော်ဟာ လူပိုတစ်ယောက်ဆိုတာ သတိထားမိသွားတယ်။ ကျွန်တော်အရက်ပြန်သောက်ပြီး အရင်တုန်းကလို ခပ်ပေပေနေပေမယ့် သူ့ကိုမေ့မရတာတော့ အမှန်ပဲ။

ဒီကိစ္စကို အန်ထုတ်ပြစရာကလည်း ကျွန်တော့်ဘော်ဒါတွေပဲ ရှိ



www.burmeseclassic.com

www.burmeseclassic.com



တော့ သူတို့ကို အရက်မူးမူးနဲ့ ပြောပြမိတယ်။

"အမှန်တော့ ငါမှားတာအမှန်ပဲ"

"ဟာ မင်းပြောတာ ဘာတွေလဲကွာ၊ အမှန်ရယ် အမှားရယ် အမှန်ရယ် ဟား… ဟား… ဟား… ဟား ဟား"

"မှန်မှန်မှားမှား… မှားမှားမှန်မှန်ပေါ့ကွာ"

"ဘောကြီးရဲ့အမှန်… ဘောကြီးရဲ့အမှား… မှားမှားမှန်မှန်… ဒန်တန်တန်"

ထကတဲ့ကောင်က က၊ ပေါက်တတ်ကရအော်တဲ့ကောင်က အော်နဲ့ ကျွန်တော့်ရင်ထဲက စကားက ဘယ်ရောက်သွားမှန်း မသိတော့ဘူး။ ကျွန်တော်ဆိုလိုချင်တာက ဒီကိစ္စရဲ့ဖြစ်ရပ်အမှန်က ကျွန်တော့်ရဲ့အခွင့်အရေးမယူတတ်ခဲ့တဲ့ အမှားကြောင့်ဆိုတာ ဧကန် မှန်တယ်လို့ ဆိုလိုချင်တာပါ။

ကားဂိတ်ကို ကြိုပို့လုပ်ရတဲ့နေ့တွေမှာ ကျွန်တော် သူ့ကို ဖွင့်ပြောသင့်တာပေါ့။ ဒါပေမယ့် ကျွန်တော်က ဖွင့်ပြောလို့ အဆင်မပြေရင် အဲဒီအခွင့်အရေးကလေးပါ လက်လွှတ်သွားမှာ အရမ်းစိုးရိမ်နေတော့ မပြောဖြစ်ဘူး။ ပုံပြင်ထဲကလို တစ်နေ့တစ်လုံး ရွှေဥ ဥပေးနေတဲ့ငန်းကို ဗိုက်မခွဲရက်ဘူးဗျာ။ အခုလို လေးထောင်နဲ့ စာရင်းပြတ်လုပ်သွားမယ်မှန်းသိရင် ဖွင့်ပြောလိုက်တာပေါ့။

ကျွန်တော် မူးမူးနဲ့ သူတို့အိမ်ရှေ့ကို လေးငါးခေါက် ရောက်ပါသေးတယ်။ ကျွန်တော့်ကို တစ်ယောက်မှ ဂရုမစိုက်ကြဘူး။ အထူးတလည် ဂရုမစိုက်တာမျိုးလည်း မဟုတ်ပြန်ဘူး။ ကျွန်တော် သူတို့အိမ်ရှေ့ကို လာတဲ့အတွက် သူတို့မှာ ဘာအပြောင်းအလဲမှ မရှိဘူး၊ နေမြဲထိုင်မြဲပဲ။ ကျွန်တော်ဟာ ချွေးလေချွေးလွင့်တစ်ကောင်လို သူတို့အိမ်ရှေ့က ဖြတ်ဖြတ်





နေရတာကို ကြာလာတော့ ရင်ထဲမှာ နာလာတယ်။ ဒါနဲ့ မသွားဖြစ်တော့ဘူး။

ကျွန်တော် သူ့ဆံပင်တွေကို အရမ်းလွမ်းရင် သူတို့လမ်းထိပ်က အုတ်ခုံမှာ သွားထိုင်လေ့ရှိပါတယ်။ လေးငါးရက်နေတော့ သူ အိမ်က တစ်ယောက်တည်းထွက်လာတယ်။ လက်ထဲမှာ ကာတွန်းစာအုပ်တွေကိုင်လို့။ 'ဖူးသစ်'စာအုပ်အငှားဆိုင်ကို လာတာပါ။ ကျွန်တော်လည်း ဘာမှမပြောဘဲ သူ့နောက်ကနေ လိုက်လာမိတယ်။ သူက ကျောမှာချထားတဲ့ ဆံပင်ရှည်တွေကို ပခုံးကိုကျော်ယူပြီး ရင်ဘတ်ရှေ့မှာ ချပစ်လိုက်ရင်း ကျွန်တော့်ကို မကြည့်ဘဲ မေးတယ်။

"ဘာကိစ္စလဲ"

"နောက်… ပိုက်ဆံမပေးပါနဲ့၊ ငွေမက်လို့ မဟုတ်ဘူး စေတနာနဲ့ပါ"

သူက ဘာမှ ပြန်မပြောဘဲ မဲ့ပြုံးတစ်ချက်ပြုံးပြီး ထွက်သွားတယ်။ ကျွန်တော်လည်း ထွက်လာတော့ သူက ကျွန်တော့်ကို မကြည့်ဘူးခင်ဗျ။ ဒါနဲ့ ကျွန်တော်လည်း သူ့ကို စိတ်ကောက်ပြီး မခေါ်ဘဲ နေလိုက်တာပေါ့။ ကျွန်တော့်စိတ်ကူးက နောက်တစ်ခါ သူနဲ့ပြန်တွေ့ရင် ကျွန်တော် စိတ်ကောက်သွားတာကို သူက ဘာညာဆိုပြီး ပြန်လာချော့ပေါ့ဗျာ။

ဒါပေမယ့် တစ်ပတ်လောက်အထိ သူနဲ့ ကျွန်တော် မတွေ့ပါဘူး။ တစ်ညှ အရက်ဆိုင်ထိုင်နေတုန်း အောင်တိုးက ဝင်လာပြီး စပ်ဖြီးဖြီးနဲ့ ကျွန်တော့်ကို ပြောတယ်။

"ဘောကြီး မင်းကောင်မလေး လင်ယူတော့မလို့တဲ့"

"ဟေ့ကောင် ငတိုး၊ အာဘရိတ်မပေါက်နဲ့ကွာ၊ ဘာတွေလာပြော



www.burmeseclassic.com

www.burmeseclassic.com



နေတာလဲ၊ ငါ ထ ဆောလိုက်ရမလား"

ကျွန်တော့်ဒေါသသံကြောင့် ငတိုး နည်းနည်းတော့ ရွံ့သွားတယ်။ ဟုတ်တယ်လေ ကျွန်တော်က ထစ်ခနဲရှိရင် ထထဆောတတ်လွန်းလို့ ရပ်ကွက်ထဲက ကျွန်တော့်ကို ဆောကြီးလို့ခေါ်ကြတာ။ အမှန်တော့ ကျွန်တော့်နာမည်အရင်းက မြင့်စိုးပါ။

"ဒါတော့ ငါမသိဘူးကွာ၊ ရပ်ကွက်ထဲ လမ်းထဲမှာ ပြောနေတာကြားလို့ ပြောတာ"

"မင်းကို ဘယ်သူပြောလဲ"

ကျားဟိန်းသလို ကျွန်တော့်အသံကြောင့် အရက်ဆိုင်ထဲက ဆူညံနေတာတွေ နည်းနည်းတိတ်သွားတယ်။ ပြီးတော့ ကျွန်တော်တို့ဝိုင်းကို လှမ်းကြည့်ကြတာပေါ့။

"ဆောကြီး ဖြည်းဖြည်းကွာ မင်းကလဲ၊ ငတိုး ကန်ချင်ရင် တခြားဟာ ကန်ကွာ သူမကြိုက်တာ မကန်ပါနဲ့"

"ယောက်ဖရာ အေးဆေးပေါ့ကွာ အားလုံး တစ်ထိုင်တည်းပဲဟာ၊ ကဲ ဆွဲစရာရှိတာ ဆွဲကွာ"

ဆောက ဘော်ဒါတွေဝင်ပြီး ပွဲထိန်းပေမယ့် ကျွန်တော်က မရတော့ဘူး။ ဒီလူတွေအားလုံးကို ရည်ရွယ်ဦးနဲ့ သမီးရည်းစားပါလို့ ထင်တာကို မှိန်းနေခဲ့တော့ ကျွန်တော် ဒီကိစ္စကို လျှော်ပစ်လိုက်လို့မှ မရတော့တာ။

"ငတိုး မင်းကို ဘယ်သူပြောသလဲလို့ ငါမေးနေတယ်"

"ရေလားလေး ဝင်းနိုင်တို့အုပ်စု၊ အန်တီဝင်းရဲ့သမီးနှစ်ယောက်၊ အင်း... ပြီးတော့ ဖူးသစ်စာအုပ်ဆိုင်က မသိန်းအေး၊ ရေထည့်တဲ့ အပျိုကြီးမ"





"တော်ပြီ"

ကျွန်တော် ဆိုင်ထဲက ပြေးထွက်ပြီး ဝင်းနိုင်တို့အုပ်စုကို ရှာတယ်။ တွေ့လို့မေးတော့ သူတို့လည်း ကြားလို့ပြောတာဆိုတဲ့ အဖြေက လွဲပြီး ရေရေရာရာ ဘာမှ မရှိလှဘူး။ ဒါဆိုရင်တော့ ငတိုးမှာ အပြစ်မရှိတော့ဘူးပေါ့။ အဲဒီညက ကျွန်တော် တော်တော်လေးမူးပစ်လိုက်တယ်။ ဘော်ဒါတွေကလည်း ကျွန်တော့်ဘက်က နာတဲ့သူက နာကြပေါ့လေ။ သူတို့က အဲဒီလိုပြောလေ ကျွန်တော့်စိတ်ထဲမှာ သူနဲ့ ကျွန်တော် တကယ့်သမီးရည်းစားလို့ ထင်လာလေပဲ။

နောက်ဆုံး အဲဒီကိစ္စကို သူကိုယ်တိုင်ကိုမေးဖို့ ဆုံးဖြတ်ပြီး လမ်းထိပ်က သွားစောင့်ပေမယ့် ပထမနေ့မှာ မတွေ့ဘူး။ ဒုတိယနေ့ကျတော့မှ သူရယ် ကောင်မလေးတစ်ယောက်ရယ်၊ ယောက်ျားတစ်ယောက်ရယ် ထွက်လာတာ တွေ့တယ်။ သူက ရယ်ရယ်ပြုံးပြုံးနဲ့ စကားတွေပြောလို့ ဆံပင်တွေကိုလည်း ကျစ်ဆံမြီးအရှည်ကြီးနှစ်ချောင်း ခွဲကျစ်လို့၊ ကျစ်ဆံမြီးအဖျားမှာ အနီရောင်ဖဲကြိုးကလေးတွေ စည်းထားလို့။

ညည့်သည်တွေပါလို့ ကျွန်တော် လျှော်ပေးလိုက်ဖို့ ဆုံးဖြတ်လိုက်တယ်။ အပြန်ကျမှပဲ စာရင်းရှင်းမယ်ပေါ့။ ကျွန်တော် အုတ်ခုံမှာ ထိုင်နေတာကို သူလည်း လှမ်းတွေ့မှာပါ။ ကျွန်တော့်နားကို ရောက်ခါနီးကျမှ သူ့ဘေးနားကလူက သူ့ရဲ့လက်ကို ဆတ်ခနဲ လှမ်းကိုင်တယ်။ သူကလည်း အဲဒီလူကို အပြုံးနဲ့ မော့ကြည့်ရင်း သူ့လက်ချောင်းတွေက အ[illegible]ပါးရဲ့ ကိုင်ဆုပ်ပစ်လိုက်တာကို ကျွန်တော် တွေ့လိုက်ရတယ်။

ကျွန်တော်ဟာ အုတ်ခုံပေါ်မှာ သရဲတစ်ကောင်လို ကျန်ရစ်ခဲ့တယ်။ ကျွန်တော်က အားလုံးတွေ့လိုက်ရတယ်။ ကျွန်တော့်ကိုတော့ ဘယ်သူကမှ

www.burmeseclassic.com



မတွေ့ဘူးပေါ့လေ။ အဖြေက မေးစရာမလိုဘဲ ရှင်းသွားပါပြီ။

နောက်နေ့မနက်မှာ ရစ်နာရီလောက်ကတည်းက ကျွန်တော် တစ်ပိုင်းလောက်ကစ်ပြီးနေပြီ။ ပြီးတော့ သူနဲ့အတူတူ လျှောက်ခဲ့ဖူးတဲ့ ဘူတာကားဂိတ်လမ်းကို ဆင်းလာခဲ့တယ်။ ရင်ထဲမှာ နာနေတယ်ဗျာ။

ဘူတာရောက်တော့ ထိုင်နေကျလက်ဖက်ရည်ဆိုင်မှာ ထိုင်ရင်း ဒေးနေတုန်း ဖြုန်းခနဲ သူ့ကိုသွားတွေ့တယ်။ သူရယ် ဟိုတစ်နေ့ကတွေ့တဲ့ ကောင်မလေးရယ် ပြောင်းဖူးပြုတ်ဆိုင်မှာ ပြောင်းဖူးတွေရွေးလို့၊ ကျစ်ဆံမြီးကို မနေ့ကလိုပဲ ကျစ်ထားလို့။ ဒီဆံပင်တွေကို တခြားလူလက်ထဲ ကျွန်တော် ထည့်ပေးလိုက်ရတော့မှာလား။

ကျွန်တော် လက်ဖက်ရည်ဆိုင်နားက အာမက်တို့အပ်ချုပ်ဆိုင်ထဲ ဝင်လိုက်တယ်။

နောက်ပိုင်းကိစ္စတွေကိုတော့ ကျွန်တော် အသေးစိတ်မပြောချင်တော့ဘူးဗျာ။ အာမက်တို့ဆိုင်ကရတဲ့ ကတ်ကြေးနဲ့ သူ့ကျစ်ဆံမြီးတစ်ချောင်းကို ဆွဲပြီး အရင်းကနေ ဆွဲညှပ်ပစ်လိုက်တယ်။

အော်သံ... ဟစ်သံ... ငိုသံ... ဆွဲသံ... ထိတ်လန့်တကြား အသံတွေ...။

ပြီးတော့ ကျွန်တော် ထောင်ကျပါတယ်။

သူကတော့ အဲဒီလူနဲ့ အိမ်ထောင်ကျပါတယ်။

မင်္ဂလာဆောင်မှာ သူက ဆံပင်အတုနဲ့ ဆံထုံး ထုံးရတယ်ဆိုပဲ။ ဒါတစ်ခုကသာ်နဲ့တင် ကျွန်တော်ထောင်ကျတာ တန်တယ်လို့ အမြဲကျေနပ်နေမိတယ်။ ပြီးတော့ သူ ဘယ်တော့မှ ဆံပင်အရှည်မထားတော့ဘူးတဲ့။ သူ့ဆံပင်ကို ကုပ်ဝဲပဲ ထားတော့တယ်တဲ့။ ထောင်ဝင်စာ လာတွေ့တဲ့





အောင်တိုးက ပြောတာပါ။

ကောင်းတာပေါ့။ နောက်တစ်ခါ သူ ဘယ်သူ့ရဲ့နှလုံးသားကိုမှ ဆံပင်တွေနဲ့ ရစ်ပတ်ပြီး ညှစ်သတ်လို့ မရတော့ဘူးပေါ့။ ကျွန်တော် ထောင်က ထွက်တော့ နိုင်နိုင်ဝင်းဆိုတဲ့ မုန့်စိမ်းပေါင်းရောင်းတဲ့ ကောင်မလေးနဲ့ အိမ်ထောင်ကျတယ်။

ကျွန်တော်နဲ့ အိမ်ထောင်ကျပြီးတော့ နိုင်နိုင်ဝင်းလည်း မုန့်စိမ်းပေါင်း မရောင်းတော့ပါဘူး။ ကျွန်တော်တို့နှစ်ယောက် အခု ဘာလုပ်စားနေသလဲ သိလား။

ဆံပင်တွေ လိုက်ဝယ်နေတာခင်ဗျ။

သူတို့လမ်းထဲကိုဖြတ်ပြီး သူတို့အိမ်ရှေ့ရောက်တိုင်း အသံကုန် 'ဆံပင်အကျွတ်တွေဝယ်တယ် ဆံပင်တွေဝယ်တယ်' လို့ အသံကုန်အော်ဟစ်ရတာ သိပ်အရသာ ရှိတာပဲဗျာ။

✣




www.burmeseclassic.com

www.burmeseclassic.com




# ကျွန်တော်နှင့် ပထမဦးဆုံးရင်ခုန်သံ



www.burmeseclassic.com


www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





လူတစ်ယောက်ရဲ့ဘဝမှာ ငယ်ချစ်ဦးဆိုတာရှိခဲ့ပြီး အဲဒီငယ်ချစ်ဦးကို ဖွဲ့နွဲ့ခွင့်ရတယ်ဆိုရင် ကျွန်တော်လည်း ပြောပါရစေ။

ငယ်ချစ်ဦးဆိုတာ လူတိုင်းမှာရှိတတ်တဲ့ အရာပါ။ ယောကျာ်းလေးပဲ ဖြစ်ဖြစ်၊ မိန်းကလေးပဲ ဖြစ်ဖြစ် ငယ်ချစ်ဦးဆိုတာ ရှိတတ်ကြပါတယ်။ ဒီကိစ္စဟာ ရိုးသားဖို့လိုတဲ့အတွက် ကိုယ့်စိတ်ထဲမှာ ချန်မထားမှ ဖြစ်မယ့်အရာမျိုးပါ။ ငယ်ချစ်ဦးအကြောင်းကို ပြောရတာဟာ ကိုယ့်မှာ ကားခပိုက်ဆံမကျန်တော့လို့ ကားစပယ်ယာကို အနားကပ်ပြီး 'ကျွန်တော် ကားခမပါလို့ပါခင်ဗျာ' လို့ ပြောတာလောက် ရှက်ဖို့မကောင်းပါဘူး။ မိန်းကလေးတွေဆိုရင်လည်း အပေါင်းအသင်းတွေရှေ့မှာ ဒါမှမဟုတ် ရုံးက လုပ်ဖော်ကိုင်ဖက်တွေရှေ့မှာ ဘဲဥကြော်တစ်မျိုးပဲပါတဲ့ထမင်းချိုင့်ကို ဖွင့်ဖို့ ရှက်နေတာလောက် တုန်လှုပ်စရာမရှိပါဘူး။





ဒါပေမယ့် လူတွေဟာ 'ငယ်ချစ်ဦး' ဆိုတာနဲ့ပတ်သက်ရင် ရှက်တတ်ကြတယ်။ ညာကြတယ်။ လိမ်ကြတယ်။ လျှို့ဝှက်ကြတယ်။ အမေ့ခံထားတတ်ကြတယ်။ ကြုံရင် မပြောချင်ကြဘူး။ တစ်နည်းအားဖြင့်တော့ ပြောချင်စရာမကောင်းတာလည်း ဖြစ်ပါလိမ့်မယ်။ ထားပါတော့ဗျာ။

ဆရာမက ကိုယ်မရတဲ့စာတစ်ပိုဒ်ကို မေးတဲ့ ရင်ခုန်သံနဲ့ ကိုယ့်ငယ်ချစ်ဦးက ကိုယ့်ကိုလှည့်ကြည့်တဲ့ ရင်ခုန်သံ တူနိုင်ပါသလား။ ကိုယ်ခိုစီးလာတဲ့ကားပေါ်က ပြုတ်ကျသွားတဲ့ရင်ခုန်သံနဲ့ ငယ်ချစ်ဦးရဲ့ 'နင်ဘာဖြစ်နေတာလဲ' ဆိုတဲ့ ရင်ခုန်သံနဲ့ တူသလား။ သိန်းထီပေါက်တာ၊ ကိုယ့်အိမ်မီးလောင်တာ၊ မင်္ဂလာဆောင်တာ၊ သစ္စာဖောက်ခံရတာ၊ ကိုယ်အမြတ်နိုးဆုံးပစ္စည်းပျောက်သွားတာ၊ လေယာဉ်ကားပေါ်က ပြုတ်ကျတာ စသည့်စသည့် ရင်ခုန်သံတွေဟာ ဘယ်ကစပါသလဲ...။

ကျွန်တော် ရိုးရိုးကလေးမေးတာပါ...။

'ဒိတ်' ခနဲ ရင်ခုန်တဲ့ ရင်ခုန်သံကို ဘယ်သူက စပေးသလဲ။ ခင်ဗျားတို့အားလုံး ညာနိုင်ပါတယ်။ ဒါပေမယ့် ကျွန်တော် ဝန်ခံတာကိုလည်း အပြစ်မဆိုကြပါနဲ့။ ကျွန်တော် ဆယ့်လေးနှစ်သားအရွယ် တစ်ထောင့်ကိုးရာရှစ်ဆယ်ခုနှစ်မှာ အဲဒီ ခင်ဗျားတို့ကြားပြီးသား 'ဒိတ်' ခနဲ ရင်ခုန်သံကို ကျွန်တော်ကြားခဲ့ပါတယ်။ အဲဒီသံလောက်ကြီးကျယ်တဲ့ ခမ်းနားတဲ့ မက်လောက်စရာရှိတဲ့အသံမျိုး ကျွန်တော် တစ်ခါမှ မကြားဖူးပါဘူး။ ကျွန်တော့်အတွက် သက်ရှိသက်မဲ့ ကြာသကြီးတစ်ခုလုံးကို ချစ်တတ်အောင်၊ ခင်တတ်အောင်၊ စိတ်ဝင်စားအောင် အဲဒီ 'ဒိတ်' ခနဲ ရင်ခုန်သံတစ်သံကပဲ အစစဦးဆောင် အစပြုပြီး သင်ပေးသွားတာပါ။

ကျွန်တော်ဟာ အခုဆိုရင် နေဝင်ချိန် ကိုယ်သားအဖြူနောက်ခံမှာ



www.burmeseclassic.com

www.burmeseclassic.com



ငှက်ကလေးတွေပျံသွားရင် လွမ်းတတ်တယ်။ ကိုယ်သိပ်ကြိုက်တဲ့သီချင်းကို ဆောင်းမနက်ခင်းတွေမှာ အဝေးကကြားရရင် လွမ်းတတ်တယ်။ နှင်းဆီပန်းတွေကို အထွေးလိုက်မြင်ရရင် လွမ်းတတ်တယ်။ ခရီးသွားတုန်း ရထားပေါ်ကနေစိမ်းနေတဲ့လယ်ကွင်း၊ အဝေးက တဲအိမ်ကလေးတွေကို မြင်ရင် လွမ်းတတ်တယ်။

သစ်ပင်ကြီးတွေကြားက မဟုတ်ဘဲ လပြည့်ညကို လွတ်လွတ်ကျွတ်ကျွတ်ကြည့်ခွင့်ရရင် ရင်ခုန်တယ်။ ကိုယ်သိပ်ဖတ်ချင်တဲ့ စာအုပ်ကို ရလာရင် ရင်ခုန်တယ်။ ဂျင်းဘောင်းဘီဝတ်ပြီး ကိုယ့်အိမ်ရှေ့က ကော့တော့ကော့တော့နဲ့ လျှောက်သွားတဲ့ ကောင်မလေးမျိုးကိုတွေ့ရင် ရင်ထဲမှာ ရှန့်ညိညိကြီးရပြီး နှလုံးသားကို ဆို့နေအောင် လွမ်းတတ်တယ်။

အဲဒါတွေအားလုံးက ရည်းစားဦးဆီက လာတာပါ။

'ရည်းစားဦး' ဆိုတာကလည်း နှစ်မျိုးကွဲနေတယ်ခင်ဗျ။

ပထမတစ်မျိုးက ရည်းစားဦးဆိုတာ သူတို့နဲ့ ရည်းစားစဖြစ်တဲ့သူလို့ ပြောကြတယ်။ အထူးသဖြင့် ဒီစကားမျိုးကို မိန်းကလေးတွေ အပြောများပါတယ်။ နောက်တစ်မျိုးကတော့ ရည်းစားဦးဆိုတာ သူတို့ ရင်စခုန်တဲ့သူလို့ ပြောကြတယ်။

အမှန်တော့ ရည်းစားဦးဆိုတာ ရင်ခုန်သံကို စသိစေတဲ့ ဆန့်ကျင်ဘက်လိင်ပါပဲ။ အဲဒီလို ရင်ခုန်သံစပေးတဲ့သူနဲ့ ရည်းစားဖြစ်တာ မဖြစ်တာ အပထား ဆန့်ကျင်ဘက်တစ်ယောက်ကို စသာယာတတ်တဲ့ ရင်ခုန်သံကို သူကပေးတာမို့ သူ့ကိုပဲ ရည်းစားဦးလို့ သတ်မှတ်သင့်တယ်။ ကိုယ့်ကိုစရင်ခုန်သံပေးသူနဲ့ ကိုယ် ရည်းစားပါဖြစ်ရင်တော့ အကောင်းဆုံးပေါ့ခင်ဗျာ။ တောဝက်သားကို ပုန်းရည်ကြီးနဲ့ချက်ပြီး B.E စစ်စစ်နဲ့





မြည်းရသလိုပဲလို့ ကျွန်တော့်မိတ်ဆွေတစ်ယောက်က ပြောခဲ့ဖူးတယ်။ ကျွန်တော်ကတော့ အဲဒီလောက် ကံမထူးခဲ့ဖူးပါဘူး...။

ကျွန်တော့်ဘဝမှာတော့ သူ့ဆီကရတဲ့ 'ဒိတ်' ခနဲ ရင်ခုန်သံဟာ တော်တော့်ကို အရေးကြီးခဲ့ပါတယ်။ ကလေးတစ်ယောက်ဘဝနဲ့ လူကြီးတစ်ယောက်ဘဝကို ပြောင်းပေးနိုင်တဲ့အထိကို အရေးကြီးခဲ့တယ်။ ကျွန်တော့်စိတ်ထင်တော့ လူကြီးစိတ်ဝင်တယ်၊ ကြီးကောင်ဝင်တယ်ဆိုတာ 'ဒိတ်' ခနဲ ရင်ခုန်သံရပြီးမှ ဖြစ်တယ်လို့ ထင်တာပဲ။ ဟုတ် မဟုတ်တော့ ကိုယ့်ဆရာဘဝကိုပဲ ပြန်စဉ်းစားကြည့်ပေါ့။

ကျွန်တော် ဆယ့်လေးနှစ်သားကျော်တော့ အမေက 'ဟဲ့ကောင်လေး... နင် လူကြီးဖြစ်ပြီနော်၊ ဘာမှတ်နေသလဲ' လို့ အကြိမ်ကြိမ်ပြောခဲ့ပေမယ့် ကျွန်တော်ကတော့ ဂွလိမ့်တုန်း၊ စစ်တိုက်တန်းကစားတုန်း၊ ဘောင်ဘောင်နဲ့ စစ်တိုက်တုန်း၊ သားရေကွင်းပစ်တုန်း၊ တာတေကြီးနဲ့ မစိန်ရင်ကစားတုန်း၊ မိန်းကလေးတွေနဲ့ ကုလားမစည်းနင်းတုန်းပါပဲ။ အမေပြောတာကို ကျွန်တော် သဘောမပေါက်ခဲ့ဘူး။ ဒါတွေလုပ်တာကိုလည်း ရှက်စရာလို့ကို မထင်မိပါဘူး။

ဒီလိုနဲ့ မိုးတွေအုံ့ပြီး အားနဲ့မရွာဘဲ ဖြည်းဖြည်းကလေးရွာတဲ့ မနက် ၇ နာရီလောက်မှာ ကျွန်တော် ကြက်ဆင်ထီးကလေး ဆောင်းပြီး ချိုင့်ကလေးဆွဲ မုန့်ဟင်းခါးထွက်ဝယ်တုန်း ကျွန်တော်တို့ရဲ့ ဘေးကစ်အိမ်ကျော်ကတိုက်ကလေးကို လူငှားတွေ ပြောင်းလာကြတယ်။

လော်ရီကားကြီးဖင်ထိုးပြီး မိုးအုံ့အုံ့သည်းသည်းကြားထဲမှာ ပစ္စည်းတွေချကြတာပါ။ ကျွန်တော်တို့အဖို့တော့ ထူးဆန်းတဲ့မြင်ကွင်းပေါ့။ ကျွန်တော်တို့ ဆယ်လေးနှစ်သားအရွယ် ၁၉၈၀ ခုနှစ်လောက်တုန်းက



www.burmeseclassic.com

www.burmeseclassic.com



အိမ်ငှားတာတို့ အိမ်ပြောင်းတာတို့ဆိုတာ တော်တော် တွေ့ရ မြင်ရခဲ့တဲ့ မြင်ကွင်းမျိုးပါ။ ကားပေါ်ကနေ အရေးတကြီးသယ်,မချနေကြတဲ့ ပစ္စည်းတွေကလည်း ကျွန်တော့်အတွက်ကတော့ အထူးအဆန်းတွေပါ။ ဗီရိုကြီးတွေ၊ ဆိုဖာကုလားထိုင်တွေ၊ ပွတ်လုံးခုတင်ကြီးတွေ။ ကျွန်တော်က ဘာကြောင့် အသေးစိတ်မြင်ရသလဲဆိုတော့ သူတို့ပြောင်းလာတဲ့ အိမ်ဘေး (ကျွန်တော်တို့ဆော့နေကျ) လမ်းကြားကလေးကနေပြီးမှ မုန့်ဟင်းခါးသွားဝယ်တာကိုး။

မုန့်ဟင်းခါးဝယ်ပြန်လာတော့ ကျွန်တော်က ထမင်းကြမ်းခဲနဲ့ မုန့်ဟင်းခါးကို ရောစားရင်း...

"တိုက်ပုလေးကို လူတွေ မိုးရေကြီးထဲ ပြောင်းလာတယ် အမေ"

"အဲဒါ နင်နဲ့ ဘာဆိုင်သလဲ ရဲဝင်း... ကြည့်စမ်း မဝင်းတင်က လည်း သုံးပွဲဝယ်တာ ကြက်သွန်ဥက တစ်လုံးတည်း၊ ကလေးလွှတ်ရင် လွှတ်သလိုပဲ မပြောလိုက်ချင်ဘူး၊ ဟဲ့... ရဲဝင်း ဟိုအကြွေး ငါးမူးရော"

ကျွန်တော့်ဖလ်ထည်နဲ့ချုပ်ထားတဲ့ အနွေးအင်္ကျီအိတ်ထဲမှာ ဝပ်နေတဲ့ ဆယ်ပြားစေ့လေးစေ့နဲ့ ငါးပြားစေ့နှစ်စေ့ကို ထုတ်ပေးလိုက်ရတယ်။ အမေကတော့ ကြက်သွန်ဥတွေနဲ့ ရန်ဖြစ်နေတုန်းပါပဲ။ ကျွန်တော့်ကို မဆူပေမယ့် ကျွန်တော့်အပြစ်ဆိုတာ ကျွန်တော်သိပါတယ်။ ကျွန်တော်က 'ကြက်သွန်ဥထည့်နော်' လို့ သတိမပေးဘဲ အိမ်ပြောင်းတာကို ငေးကြည့်နေတာကိုး။ အဲဒီကပြီးတော့ နောက်နေ့တွေမှာ ကျွန်တော် ဒီကိစ္စကို မေ့နေတာ သေချာပါတယ်။

မေ့ဆို ကျောင်းတက်ချိန်မှာ ကျောင်းတက်ရ၊ စာကျက်ချိန်မှာ ကျက်ရ။ ကစားချိန်လေးမှာ လူကစားရနဲ့ကိုး။ ဒီအိမ်ကို လူတွေပြောင်း





လာပြီ ဆိုကတည်းက ကျွန်တော်တို့ ကစားနေကျ လမ်းကြားကလေးကို လည်း မရောက်ဖြစ်တော့ဘူး။ သူငယ်ချင်းတွေ တိုင်ပင်ထားတာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် လူရောက်လာပြီဆိုကတည်းက အဲဒီနားမှာ အရင်တုန်းကလို အော်ဟစ်ဆူညံပြီး သွားကစားလို့ မရတော့ဘူးဆိုတာ အားလုံးက အလိုလိုသိနေကြတာပါပဲ။ အဲဒီအနီးတစ်ဝိုက်ကို ရောက်ပေမယ့် အဲဒီနားကိုတော့ ယောင်လို့တောင် ဘယ်သူမှ မသွားကြတော့ဘူး။

သူတို့ပြောင်းပြီး တစ်ပတ် ဆယ်ရက်လောက်အကြာမှ ကြားရတဲ့ သတင်းကလည်း မကောင်းဘူး။ ရပ်ကွက်ထဲက ကျွန်တော်တို့ကြောက်ရတဲ့ ကိုအေးငွေကြီးတို့ ကိုဝင်းစိုးတို့ အဲဒီအိမ်နားမှာ ဂစ်တာသွားခေါက်တာကို ရပ်ကွက်ကောင်စီကို တိုင်တယ်ဆိုပဲ။ အဲဒီအိမ်မှာ သိပ်လှတဲ့ ကောင်မလေး တစ်ယောက်ရှိပြီး သိပ်ဆိုးတဲ့ အမေနဲ့အဖေ ရှိဆိုပဲ။

ဒီသတင်းကတော့ မနက်မိုးလင်း ကန်စွန်းရွက်နဲ့ ချဉ်ပေါင်ရွက် ရောင်းတဲ့မိန်းမကြီးတွေ၊ နေ့ခင်းဘက် သန်းလာတုပ်တဲ့ အပျိုကြီးတွေနဲ့ မုန့်ကျွဲသည်း၊ မုန့်ဦးနှောက်၊ မုန့်ဗိုင်းတောင့်ရောင်းတဲ့ မိန်းမကြီးတွေဆီက ရတဲ့ သတင်းပါ။ ကျွန်တော်တို့က ကြောက်ရတဲ့ အစ်ကိုကာလသားကြီးတွေတောင်မှ ကြောက်ရတဲ့နေရာဆိုတော့ အဖေနဲ့အမေက ပြောစရာမလိုဘဲ ကျွန်တော်တို့လည်း အဲဒီအိမ်ကို အလိုလိုကြောက်သွားခဲ့တာ အမှန်ပါပဲ။

ဒီလိုကြောက်လေလေ အဲဒီအိမ်ရှေ့ရောက်ရင် ခိုးကြည့်လေလေ လောက်တော့ ရှိတာပေါ့ဗျာ။ ဒါပေမယ့် အဲဒီအိမ်ရှေ့ဖြတ်တုန်း ခဏပါ။ ပြီးတော့ မေ့သွားတာပါပဲ။ တစ်နေ့တော့ ကျွန်တော် အဲဒီ တိုက်ပုအိမ် ကလေးနံဘေးကလမ်းကို ဖြတ်လျှောက်ရင်း အမှတ်တမဲ့လှမ်းကြည့်လိုက်တော့ မိန်းကလေးတစ်ယောက် ဆိုဖာပေါ်မှာထိုင်ပြီး ဆီးထုပ်စားနေတာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့တယ်ခင်ဗျ။ အသက်ကတော့ ကျွန်တော့်ထက် လေးငါးနှစ်ကြီးမှာပါ။ ကျွန်တော် တစ်ချက်တန့်ပြီး ရပ်ကြည့်နေတာကို သတိထားမိပုံရပြီး ကျွန်တော့်ကို မော့ကြည့်တယ်။ ပြီးတော့ ဘာမှလည်း မပြောပါဘူး။ ခေါင်းပြန်ငုံ့ စာအုပ်ကိုဆက်ဖတ်ပြီး ဆီးထုပ်ဆက်စားတာပါပဲ။ ကျွန်တော်လည်း လန့်ဖျပ်ပြီး ထွက်လာခဲ့တယ်။

ကျွန်တော်လန့်တာက ဒီလိုပါပဲ။ အဲဒီအစ်မက စကတ်အတိုလေး ဝတ်ထားတာကိုး။ ခြေသလုံးသားလေးကို ဝင်းပြီး ဖွေးနေတာပဲ။ ပေါင်ပေါ်မှာတင်ထားတဲ့စာအုပ်ကို ငုံ့ဖတ်ရင်း သူက ဆီးထုပ်စားနေတာပါ။

ပြောရဦးမယ် ကိုယ့်ဆရာရေ။

ကျွန်တော်တို့လူငယ်အချိန် ၁၉၇၀ ဝန်းကျင်တုန်းက မိန်းကလေး စကတ်ဝတ်တယ်ဆိုတာ ကျွန်တော်တို့ပတ်ဝန်းကျင်မှာ တော်တော်ရှားပါတယ်။ ဝတ်မယ်ဆိုရင်လည်း ကိုးနှစ်ဆယ်နှစ်လောက်အထိပဲ။ ဒီတော့ စကတ်ဆိုတာဟာ ကလေးတွေဝတ်တဲ့ပစ္စည်းလို့ပဲ ကျွန်တော်တို့ နားလည်ထားတာ။ အခု အသက်ဆယ့်ကိုးနှစ်အရွယ်ရှိတဲ့ မိန်းကလေးတစ်ယောက်က စကတ်အတိုလေးဝတ်ထားတာမြင်တော့ ကျွန်တော် အရမ်းအံ့သြသွားတာပါ။ ပြီးတော့ အဲဒီအစ်မရဲ့ခြေသလုံးသားဖွေးဖွေးကလေးတွေကို ကျွန်တော်က သွားကြည့်မိသေးတာကိုး။ သူက ကျွန်တော့်ကို တစ်ချက်ပဲမော့ကြည့်ပြီး ဘာမှမဖြစ်သလို စာအုပ်ပြန်ဖတ်နေပေမယ့် ကျွန်တော် တုန်လှုပ်ပြီး လစ်ခဲ့တာပါ။

အဲဒီမြင်ကွင်းဟာ အခုထိ စွဲနေတယ်ဆိုရင်တော့ ကိုယ့်ဆရာ ယုံပါ့မလား မသိဘူး။

အဲဒီကတည်းက ကျွန်တော်တို့ အရင်အမြဲကစားနေတဲ့ တိုက်ပု





ကလေးနဲ့ဘေးက လမ်းကြားဟာ ကျွန်တော်အကြောက်ဆုံးနေရာတစ်ခု ဖြစ်သွားပြီး ကျွန်တော်အသွားချင်ဆုံးနေရာတစ်ခုလည်း ဖြစ်သွားခဲ့တယ်။

ကျွန်တော် အဲဒီအကြောင်းကို တစ်ယောက်ယောက်ကို ပြောပြချင်တယ်။ ပြောပြဖို့လည်း ကြောက်နေတယ်။ ရှက်နေတယ်။ ဘာကိုကြောက်ပြီး ဘာကို ရှက်နေတာလည်းဆိုတာလည်း ကျွန်တော် မသိဘူး။ ဘယ်သူ့ကို ပြောပြရမှန်းမသိတော့ ဒီအကြောင်းကိုပဲ ကျွန်တော်အကြိမ်ကြိမ်တွေးနေမိ တာပါပဲ။ နောက်ပြီးတော့ အဲဒီတိုက်ပုကလေးနဲ့ဘေးက လမ်းကြားကို အကြောင်းအရာမရှိဘဲ ကျွန်တော့်စိတ်ကူးနဲ့ ကျွန်တော် မသွားဝံ့ဘူး။ အမေက မုန့်ဟင်းခါးဝယ်ခိုင်းတာ ဒေါ်စိန်ရင်ဆိုင်ကို ခိုင်းတာမျိုးကြုံရင် ကျွန်တော့်မှာ အမောတကောနဲ့ မေးရတယ်။

"အမေ... ကျွန်တော် အိမ်ရှေ့က သွားရမလား၊ နောက်ဖေးလမ်းကြားက သွားရမလား"

အမေက ကျွန်တော့်ကို နားမလည်သလို တစ်ချက်ကြည့်တယ်။ မလိုအပ်တဲ့မေးခွန်းမှန်းလည်း ကျွန်တော်သိပါတယ်။ ဒါပေမယ့်... မေးမိတာလည်း အမှန်ပဲ။

"နင်ဘာဖြစ်နေတာလဲ ရဲဝင်း... သွား... သွားချင်တဲ့ဘက်ကသွား"

ကျွန်တော့်ဘဝမှာ အဲဒီလမ်းကြားကလေးထဲကို သွားရတာလောက် တုန်လှုပ်ဖို့ကောင်းတာ မရှိတော့ပါဘူး။ အဲဒီလမ်းကြားကလေးကို လျှောက်ရရင် ကျွန်တော့်ကိုယ်ဟာ ပေါ့ရပ်ပြီး တစ်ခုခုက ဖိတွန်းထားသလို ခံစားရတယ်။ ခြေထောက်တွေကလည်း မြေကြီးနဲ့မထိသလိုပဲ။ လမ်းကြားကလေးက သိပ်မရှည်ပါဘူး။ အိမ်တစ်အိမ်ရဲ့အလျား ပေခြောက်ဆယ်နီးပါးပါ။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တော့ ကျွန်တော် အဲဒီလမ်းကြားလေးထဲကို ကြောက်ကြောက်နဲ့ ဖြတ်သွားတုန်း 'ဟေ့' ဆိုတဲ့ ခေါ်သံတစ်ခွန်းကို ကြားလိုက်ရတော့ ကျွန်တော့်နားထင်ကို တင်းပုတ်နဲ့ နက်လိုက်သလိုပါပဲ။ တစ်ကိုယ်လုံး အေးစက်ပြီး ကျွန်တော် ကြောင်ငေးကြည့်နေမိတယ်။

"မင်း ဈေးဆိုင်သွားမလို့ မဟုတ်လား"

ကျွန်တော် ခေါင်းညိတ်လိုက်မိသလား၊ ခေါင်းခါလိုက်မိသလား ဆိုတာ အခု ပြန်စဉ်းစားတဲ့အချိန်အထိကို မမှတ်မိပါဘူး။

"အဲဒါဆိုရင် တို့အတွက် ဒေးဗစ်ချန်းနှစ်ထုပ်ဝယ်ခဲ့၊ မရမ်းပြားနော်"

ကျွန်တော့်လက်ထဲကို အကြွေငါးမူးစေ့ရောက်ကတည်းက ကျွန်တော် လစ်တော့တာပဲ။ ဒေါ်စိန်ရင်ဆိုင်ရောက်တော့ မောနေတယ်။ ဒေးဗစ်ချန်းနှစ်ထုပ်ဖြတ်ပြီး အဲဒီကို ပြန်ပြေးလာခဲ့တယ်။ အမေဝယ်ခိုင်းတဲ့ ဘဲဥပါ တစ်ပါတည်းဝယ်ရင် ရရဲ့သားနဲ့ ကျွန်တော် ဘာကြောင့်မှန်း မသိဘူး။ ဒေးဗစ်ချန်းပဲ ဝယ်မိတယ်။

ပြန်ပေးတော့ ကျွန်တော့်ဆီက မရမ်းပြားထုပ်တွေကို လှမ်းယူရင်း မမက ပြုံးပြပါတယ်။

"ငါ လက်သည်းနီဆိုးနေတာကွ..."

-လို့လည်း သူကပြောတယ်။ ပြီးတော့ ကျွန်တော့်ကို ပြုံးပြခေါင်းညိတ်ပြီး ထွက်သွားပါတယ်။ ကျွန်တော် တော်တော်ကြာကြာရပ်နေမိတယ်။

အိမ်လည်းပြန်ရောက်ရော အမေက ဆီးခေါက်တော့တာပဲ...။

"ဟင်... ထမင်းအိုးမကျခင် ဘဲဥပါထည့်ပြုတ်ဖို့ ဝယ်ခိုင်းလိုက်တာ အခု ထမင်းအိုးကျတဲ့အထိ ရောက်မလာဘူး။ ဘယ်သွားကမြင်းကြော ဆွဲနေသလဲဟဲ့..."





ကိုယ့်ဆရာရေ... ကျွန်တော့်အမေက ခေါင်းကိုခေါက်တဲ့နေရာမှာတော့ Expart ခင်ဗျ။ အမေခေါက်လိုက်ရင် ကျွန်တော့်နားထဲမှာ ဘုရားက ခေါင်းလောင်းထိုးလိုက်သလို မြည်သွားလေ့ရှိတယ်။ ဒါပေမယ့် အဲဒီနေ့ကတော့ ဘာသံမှလည်း မကြားဘူး နာလည်းမနာဘူးခင်ဗျ။ ကျွန်တော့်စိတ်ထဲမှာ ကျေနပ်နေတာပဲ ရှိတယ်။

အဲဒီလိုဖြစ်ပြီးတဲ့အချိန်မှာ အဲဒီမမရဲ့သတင်းကလည်း တော်တော်လေးကြီးနေပြီခင်ဗျ။ ကျွန်တော်တို့ထက် အသက်ကြီးတဲ့ အစ်ကိုကာလသားတွေ ထိုင်နေကျဖြစ်တဲ့ ကင်းတဲ၊ လက်ဖက်ရည်ဆိုင်၊ ဆံပင်ညှပ်ဆိုင်နဲ့ အုတ်ခုံတွေပေါ်မှာလည်း သူ့အကြောင်းကိုပဲ ပြောကြတယ်။ လှတယ်... ချောတယ်... ရက်စက်တယ်... သူ့နေပုံထိုင်ပုံက ဒီကယောကျ်ားလေး ဘယ်သူ့ကိုမှ ဂရုမစိုက်သလို ဖြစ်နေတယ်။ သူက ဒီနှစ် ၁၀ တန်းဖြစ်ပြီး မြို့ထဲကကျောင်းမှာ ကျောင်းတက်တယ်။ သူနဲ့ တစ်ခါတစ်ခါ ကြက်တောင်ထွက်ရိုက်တဲ့လူက သူ့အစ်ကိုဝမ်းကွဲတော်တယ်။ (သူက ကြက်တောင်ရိုက်တဲ့အခါမှာ ဘောင်းဘီအတို၊ ဒါမှမဟုတ် စကတ်အတိုလေးနဲ့ ရိုက်လေ့ရှိပါတယ်) မောင်နှမဝမ်းကွဲတော်ပေမယ့် နေတာထိုင်တာ ဖက်လှဲတကင်းရှိလွန်းလို့ မျက်စေ့နောက်တယ်... စတဲ့ စကားတွေပါ။ ကျွန်တော်ကလည်း သူတို့နားမှာ ယောင်ချာချာနဲ့ ရပ်ရင်းပဲဖြစ်ဖြစ်... တစ်ယောက်ကြည်း ဂေါ်လီရိုက်ကျင့်ရင်း ဂေါ်လီကို သူတို့ဘက်ကိုရောက်အောင်ပစ်ပြီး သွားကောက်ရင်းနဲ့ပဲ ဖြစ်ဖြစ် နားထောင်လေ့ရှိပါတယ်။

အစ်ကို ကာလသားကြီးတွေက ကျွန်တော် အနားရောက်လာတဲ့အတွက် ဘာမှ စိတ်အနှောင့်အယှက်ဖြစ်ဟန် မတူပါဘူး။ ကျွန်တော့်ကို လုံးဝ ကလေးလိုသဘောထားတဲ့အတွက် အေးအေးပါပဲ။ သူတို့ပြောတာ



www.burmeseclassic.com

www.burmeseclassic.com



နားထောင်ရင်း အဲဒီမမနဲ့ ကျွန်တော့်လို ရပ်စကားပြောဖူးတဲ့လူ ရှိသလားလို့ မသိမသာနားစွင့်ရတာလည်း အမောပါပဲ။ ဘယ်သူ့ဆီကမှ မကြားဖူးတဲ့အတွက် ကျွန်တော်ဟာ ကိုယ့်ဘာသာကိုယ် ကျိတ်ဝမ်းသာနေမိတယ်။ ကျွန်တော် ဟာ သူတို့ထက်သာတယ်လို့လည်း ကိုယ့်ကိုယ်ကိုယ် ရင်ကော့နေမိတယ်။ ကျွန်တော်တို့ ဒီလို စကားပြောခဲ့ဖူးတာကိုတော့ အစ်ကိုကာလသားကြီးတွေကို မပြောပါဘူး။ မယုံမှာစိုးတာရယ်... အကူအညီတောင်းမှာစိုးတာရယ်ကြောင့်ပါ။ သူတို့အားလုံး အဲဒီမမကို ကြိုက်နေတယ်လို့ ကျွန်တော့်စိတ်ထဲမှာလည်း ထင်နေခဲ့တယ်။

နောက်ထပ် အဲဒီမမအကြောင်းကို ကြားရတာကတော့ မိန်းမကြီးတွေ မိန်းမလတ်တွေဆုံကြလေ့ရှိတဲ့ မုန့်ဟင်းခါးဆိုင်၊ ပစ္စည်းလေးဘာလေးအပေါင်ခံတတ်တဲ့ ကျွန်တော့်အဒေါ်အိမ်နဲ့ သူတို့ နေ့ခင်းသန်းတုပ်ကြတဲ့ ညောင်ပင်ကုန်းအောက်မှာပါပဲ။

သူတို့ဆီကကြားရတာတော့ အဲဒီမမတို့ဟာ အရင်တုန်းက ချမ်းသာတယ်။ နောက်မှ အထည်ကြီးပျက်ဖြစ်ပြီး ဒီကိုပြောင်းလာနေတာ ဆိုတာရယ် (တချို့ကလည်း မြို့ထဲကတိုက်အိမ်ကိုရောင်း အမွေခွဲပြီး ရောက်လာတာလို့ ဆိုတယ်) သူ့မိဘတွေက ကက်ဆက်ရောင်းတဲ့အလုပ်ကို လုပ်ပြီး သမီးဖြစ်သူကို အရမ်းကိုချစ်ကြတယ်။ အရင်နေခဲ့တဲ့ ရပ်ကွက်မှာရှိတဲ့ ကောင်လေးတွေက အတင်းလိုက် အတင်းကြိုက်ဖြစ်ကြလို့ ဒီဘက်ကို ပြောင်းလာတယ် စသည်ဖြင့်ပါပဲ။ အဲဒီမိန်းမကြီးတွေဆီက တန့်ဖိုးအရှိဆုံးသတင်းကတော့ အဲဒီမမရဲ့နာမည်ကို သိရတာပါပဲ။ 'ဖြူဇင်ဇင်သက်'တဲ့။ လှလှအေး၊ မဝင်းကြည်၊ မခင်ရီ၊ မစန်းဝင်း စတဲ့ ကျွန်တော်သိရသမျှ မိန်းကလေးနာမည်တွေထဲမှာတော့ အဆန်းဆုံးနဲ့ အလှဆုံးနာမည်ပါပဲ။





သူ့အိမ်က သူ့ကို မိဇင်လို့ခေါ်ကြောင်းလည်း သိခဲ့ရတယ်။

ကျွန်တော့်စိတ်ထဲမှာ 'မမဇင်' လို့ အဲဒီကတည်းက သူ့ကို ကြိတ်ခေါ်ခဲ့ပါတယ်။

ကျောင်းအားတဲ့တစ်နေ့ ကျွန်တော် မမဇင်တို့အိမ်အနားမှာ ကစားကြပါတယ်။ ယောကျ်ားလေးရော မိန်းကလေးတွေရော အစုံပါပဲ။ ကစားနည်းက တာတေကြီးနဲ့ မစိန်ရင်လို့ ကျွန်တော်တို့ခေါ်ကြတဲ့ နည်းခင်ဗျ။ အုပ်စု နှစ်ဖွဲ့ခွဲ။ နာမည်ဝှက်တွေပေးပြီး အလှည့်ကျသူကို မျက်စေ့မိတ်ပြီး ခေါင်းဆောင်ကခေါ်တဲ့ နာမည်ဝှက်နဲ့လူက ထလာပြီး မျက်စေ့မိတ်ထားသူကို ခေါင်းတို့ပြီးရင် ကိုယ့်နေရာကိုယ် ပြန်ထိုင် မျက်စေ့အမိတ်ခံရသူက သူ့ကို ခေါင်းတို့သူကို ရအောင်ဖော်ရတဲ့နည်းပါ။

ကစားကြတော့ ထုံးစံအတိုင်း ငြင်းကြခုံကြနဲ့ပေါ့ခင်ဗျာ။ ငြင်းခုံဆူညံနေကြတုန်း ခေါ်သံတစ်သံနှစ်သံကြားပြီး သူငယ်ချင်းတွေ အကုန်ငြင်းတာ ရပ်သွားလို့ လှည့်ကြည့်တော့ မမဇင်ရယ်။ ကျွန်တော့်ကိုရွေးပြီး လက်ယပ်ခေါ်နေတာခင်ဗျ။ ပထမတော့ ကျွန်တော် ကြောင်နေပါသေးတယ်။ မမဇင်က ပြုံးပြီး ထပ်လက်ယပ်ခေါ်တာရယ်၊ သောက 'ဟဲ့ နင့်ကို ခေါ်နေတာ နင့်ကို' ဆိုတော့မှ သတိဝင်ပြီးကျွန်တော် ပြေးသွားမိတယ်။ အနားရောက်တော့ မောလို့ဗျာ။ စိတ်ထဲမှာလည်း 'ဒေးဗစ်ချန်း'ပဲ သတိရတယ်။ ငါ့ကို ဝယ်ခိုင်းပြန်ပြီပေါ့လေ။ ခြံစည်းရိုးနားရောက်တော့ မမဇင်က ပိတ်ထားတဲ့ သူ့ခြံတံခါးလေးကို အသာဟ သူ့ကိုယ်လေးတစ်ပိုင်းလောက် အပြင်ကိုထွက်ပြီးတော့...

"မင်းတို့ ကစားနေကြတာလား ဟုတ်လား"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အေး ကစားရင် တိုးတိုးကစားကြကွာ၊ မမက စာကျက်နေတာကွ သိလား"

"ဟုတ်ကဲ့ မမဇင်"

"ဟင်... မင်းက မမနာမည်ကို သိတယ် ဟုတ်လား"

ကိုယ့်ဆရာရေ ကျွန်တော် တုန်လှုပ်ခြောက်လန့်သွားပုံကတော့ မပြောပါနဲ့တော့ဗျာ။ ဘာပြန်ပြောရမှန်းလည်း မသိတော့ဘူး။ မမမျက်နှာကိုလည်း မကြည့်ရဲတော့ဘူး။ ကျွန်တော်ဟာ အပြစ်ရှိသူတစ်ယောက်လို ခေါင်းကို ငုံ့ချထားမိတယ်။

"အင်း... အင်း သိထားရင်လည်း ပြီးရော သိပ်မဆူကြနဲ့နော် သိလား"

စကားဆုံးတာနဲ့ ကျွန်တော့်ခေါင်းကို တစ်ချက်သပ်တာခံရလို့ မော့ကြည့်တော့ မမဇင်က သူ့လက်ကိုပြန်ရုတ်ပြီးနေပြီ။ ပြီးတော့ ကျွန်တော့်ကိုပြုံးကြည့်ပြီး ကိုယ်တစ်ပိုင်းပြန်ဝင် တံခါးပိတ်ပြီး ထွက်သွားတယ်။

ကျွန်တော်ပြန်ရောက်လာတော့ သူငယ်ချင်းတွေအားလုံးက ကျွန်တော့်ကို တအံ့တဩနဲ့ ဝိုင်းငေးနေကြတယ်။ ကျွန်တော်လည်း အရမ်းပျော်ပြီးတော့ ကျွန်တော့်ကိုယ်ကျွန်တော် အရမ်းဂုဏ်ယူနေမိတာ အမှန်ပဲ။

"ဟဲ့... နင်နဲ့သူနဲ့ သိတယ်ဟုတ်လား ရဲဝင်း"

"အေး သိတယ်"

"ဘာပြောတာလဲဟင်"

"တိုးတိုးကစားတဲ့ သူ စာကျက်နေတာတဲ့"

ဒါနဲ့ ကျွန်တော်တို့လည်း နေရာနည်းနည်းရွှေ့ကစားကြပါတယ်။ ကစားဝိုင်းက ခဏပဲတိတ်ပြီး ပြန်ဆူတာပါပဲ။ ဒါပေမယ့် ကျွန်တော်





ဆက်မကစားချင်တော့ဘူး။ ကစားရတာ ဘယ်လိုမှ စိတ်မပါတော့ဘူး။ ကျွန်တော့်စိတ်ထဲမှာ ကစားရတာဟာ ဘာအဓိပ္ပာယ်မှ မရှိတော့သလိုပဲ။ ဒါနဲ့ မအေးမြင့်ကို ကျွန်တော်နဲ့ မမဇင်သိတာ ဘယ်သူ့ကိုမှ မပြောဖို့ မှာပြီး ကစားဝိုင်းက ထွက်လာခဲ့တယ်။

အိမ်ကိုရောက်တော့လည်း ကျွန်တော် တစ်နေရာတည်းမှာ ငြိမ်ငြိမ်ထိုင်လို့ မရဘူး။ ဘာလုပ်ရမှန်းလည်း မသိဘူး။ အမေကတောင် အရင်နေကုန်အောင်ဆော့ပြီး မိုးချုပ်မှပြန်လာတဲ့ ကျွန်တော့်ကို ထူးဆန်းနေသလို ကြည့်တယ်။ ကျွန်တော့်ရင်ထဲမှာ နေလို့မကောင်းဘူး။ ဘာတွေမှန်း မသိတာတွေ ပိုနေခဲ့ပါတယ်။

နောက်နေ့တွေကျတော့ အဲဒီခံစားမှုတွေ ပျောက်သွားပါတယ်။ ဒါပေမယ့် ကျွန်တော် တာတေကြီးနဲ့ မစိန်ရင် မကစားတော့ဘူး။ ကုလားစည်းမနင်းတော့ဘူး။ ဇွမလိမ့်တော့ဘူး။ စစ်တိုက်တမ်းတို့ ပြေးပုန်းတို့ကိုလည်း မကစားတော့ပါဘူး။ ဂေါ်လီတော့ ရိုက်နေတုန်းပဲ။ ကျွန်တော်က ဂေါ်လီရိုက်ကောင်းတဲ့သူဆိုတော့ စိန်ခေါ်တဲ့သူကောင်းကောင်းရှိရင် ရိုက်ဖြစ်ပါတယ်။ နောက်တစ်ချက်ကလည်း ကျွန်တော်တို့ ဂေါ်လီရိုက်ပွဲဟာ ပိုက်ဆံကြေးရိုက်ကြတာမို့ ကာလသားတွေပါပါတတ်လို့ ဂေါ်လီကစားတာဟာ ကလေးကစားနည်းမဟုတ်ဘူးလို့ ကျွန်တော်ထင်လို့ပါ။

အဲဒီနေ့ကစပြီး ကျွန်တော်ဟာ တတ်နိုင်သမျှ ကလေးကစားနည်းတွေကို ရှောင်လာခဲ့တာ သတိထားမိတယ်။ အရင်တုန်းကလို ချွေးသံရွှဲရွဲနဲ့ မျက်နှာအဆီပြန်နေရတာထက် အဝတ်အစားသပ်သပ်ရပ်ရပ်နဲ့ သနပ်ခါးကို ဖွေးနေအောင်လိမ်းတတ်လာပါတယ်။ ကျွန်တော့်စိတ်ထဲမှာ အကြီးမားဆုံး ပြောင်းလဲမှုကတော့ ကင်းတဲမှာ၊ လက်ဖက်ရည်ဆိုင်ထဲမှာ၊ ဆံပင်ညှပ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှေ့မှာ ထိုင်တတ်လေ့ရှိကြတဲ့ ကျွန်တော့်ထက် ၅ နှစ်ကနေ ၁၀ နှစ်အထိကြီးတဲ့ ကာလသားကြီးတွေကို ကျွန်တော့်ပြိုင်ဘက်အဖြစ် သတ်မှတ်တာပါပဲ။ ပြိုင်ဘက်အဖြစ်သတ်မှတ်တဲ့အပြင် ကျွန်တော်ကတောင် သူတို့ထက်ပိုသာတယ်လို့ ထင်နေမိတယ်။ မမဇင်က ကျွန်တော့်ကို စကားပြောရင်းနှီးအောင်နေတာကိုး။ သူတို့ကတော့ အနားတောင်ကပ်လို့ရတာ မဟုတ်ဘူး မဟုတ်လား။

တစ်နေ့ ကျွန်တော် မမဇင်တို့အိမ်ဘေး လမ်းကြားကလေးထဲကနေ စာအုပ်ဆိုင်ကို ထွက်လာခဲ့တယ်။ အခုတော့ ကျွန်တော် အဲဒီလမ်းကြားကလေးကို ရဲရဲဖြတ်ရဲနေပါပြီ။ လမ်းကြားကလေးကို ရောက်တိုင်း ရင်ထဲမှာ ရှိန်းမြမြနဲ့ ကျွန်တော့်ကိုယ်ကျွန်တော် ဟန်တစ်ခွဲသားနဲ့ လမ်းလျှောက်ရတာကို တော်တော်စွဲလမ်းနေတာကိုးခင်ဗျ။

ကျွန်တော် မျှော်လင့်ချက်နဲ့ခိုးကြည့်တော့ မမဇင်ကို ပြတင်းပေါက်နားမှာ ရပ်နေတာတွေ့ရတယ်ခင်ဗျ။ ကျွန်တော် လန့်ဖျပ်ပြီး မျက်နှာပြန်လွှဲတော့ ခေါ်သံကို ကြားရတော့တာပဲ။

"ဟော့... ဟော့... လာဦး"

ကျွန်တော် တော်တော် တုန်တုန်လှုပ်လှုပ်နဲ့ ပြတင်းပေါက်နားကို သွားရတာပါ။ ကျွန်တော် တွေ့များတွေ့မလားလို့ နေ့စဉ်မျှော်လင့်ပြီး ဒီလမ်းကလေးက အကြိမ်ကြိမ်ဖြတ်ခဲ့ရဖူးတာကိုး...။

"မင်း စာအုပ်ဆိုင်သွားမလို့လား ဟုတ်လား"

"ဟုတ်တယ်"

"အံမယ် မင်းလက်ထဲက ဝတ္ထုတွေလား၊ ဘာတွေလဲ ပြစမ်း"

ကျွန်တော့်လက်ထဲက ဝတ္ထုတွေက ယုဝတီခင်စိန်လှိုင်နဲ့ ညိုဝင်း





တို့ရဲ့ဝတ္ထုတွေပါ။ မမဇင်က အသေအချာကြည့်ပြီး ပြုံးရင်းနဲ့ စာအုပ်တွေကို ပြန်ပေးပါတယ်။

"မင်းက အလာသားပဲကွ၊ စာကြီးပေကြီးတွေ ဒီအရွယ်နဲ့ ဖတ်လို့ပါလား။ မင်းဖတ်တာလား မင်းအိမ်ကလူကြီးတွေ ဖတ်တာလား"

"ကျွန်တော်ဖတ်တာပါ"

"စာဂျပိုးလေးပေါ့ ဟုတ်လား၊ မမအတွက် လမ်းကြုံရင် ကာတွန်းငှားခဲ့ပေးပါလား။ ပြာလောင်ဖြစ်ဖြစ် သမိန်ပေါသွပ်ဖြစ်ဖြစ် ထွန်းမင်းလတ်ရရင်လည်း ငှားခဲ့..."

"ပန်းချီကိုကိုမောင်တို့ ဘာတို့ဖတ်ပါလား၊ ပုဂံခေတ်နောက်ခံဇာတ်လမ်းတွေ ရေးတာ အရမ်းကောင်းတယ်"

ကျွန်တော် တစ်ချက်လေးမှ နောက်မဆုတ်ပဲ ရဲရဲဝံ့ဝံ့ကို ပြောခဲ့တာပဲ။ ကျွန်တော်ဟာ စာအုပ်တွေနဲ့ပတ်သက်ရင် ငယ်ငယ်ကတည်းက ပြောရဲဆိုရဲသတ္တိ ရှိတတ်ပါတယ်။ မမဇင်ကပြုံးပြီး ကျွန်တော့်ခေါင်းကို တစ်ချက်ပုတ်ပါတယ်။

"အေး... ငှားခဲ့ကွာ... အိမ်ရှေ့ကနေ မပေးနဲ့နော် သိလား"

ခေါင်းညိတ်ပြပြီး ကျွန်တော် စာအုပ်ဆိုင်ကို တစ်ချိုးတည်းလစ်တော့တာပဲ။ ပြန်လာတော့ မမဇင်အတွက် ကာတွန်းလေးအုပ်တောင်ပါလာပါတယ်။ ကျွန်တော့်အတွက်လည်း တက္ကသိုလ်ဘုန်းနိုင်နဲ့ မင်းကျော်ဝတ္ထုနှစ်အုပ်ပါလာတယ်။ မမဇင်က ကာတွန်းတွေလှမ်းယူရင်း ခဏနေဦးဆိုပြီး ပျောက်သွားပါတယ်။ အဲဒီအချိန်မှာ ကျွန်တော် သတိထားမိတာက ကက်ဆက်သံပါ။

ကက်ဆက်ကို ကျွန်တော်သိပ်ကြိုက်တာပဲ။ ကျွန်တော်တို့ ဆယ့်



www.burmeseclassic.com

www.burmeseclassic.com



လေးနှစ်သားအရွယ်လောက်တုန်းက ကက်ဆက်ဆိုတာ အိမ်တိုင်းမှာရှိတဲ့ ပစ္စည်းမဟုတ်ဘူး။ ကက်ဆက်ရှိတဲ့အိမ်ဟာ ချမ်းသာကြွယ်ဝ ပြည့်စုံခြင်း ဆိုတဲ့ အဓိပ္ပာယ်ကိုပါ ပေးပါတယ်။ ကက်ဆက် ဘယ်နားမှာရှိတယ်ဆိုတာ မမြင်ရပေမယ့် ကက်ဆက်သံတိုးတိုးငြိမ်ငြိမ်လေးကို ကြားနေရတာတော့ အမှန်ပဲ။ ကျွန်တော်က သီချင်းဆိုတာကို ရေဒီယိုကလာမှ နားထောင်ရတဲ့ ကောင်။ ရေဒီယိုတောင် အိမ်တိုင်းမှာရှိတာ မဟုတ်ဘူး။ ကျွန်တော့်အိမ် မှာတော့ သစ်သားနဲ့လုပ်ထားတဲ့ ရေဒီယိုကလေးတစ်လုံး ရှိပါတယ်။

အဲဒီအချိန်မှာ မမဇင်ပြန်ရောက်လာပြီး 'ရော့' ဆို လှမ်းပေးတယ်။ ကြည့်တော့ သိပ္ပံတံဆိပ် သံပရာပေါင်းတစ်ထုပ်ခင်ဗျ။ ကျွန်တော်တို့နားက ဈေးဆိုင်တွေမှာ အဲဒီလိုမုန့်မျိုး မရှိပါဘူး။ ကျွန်တော် ဝမ်းသာသွားပြီး ထူပူသွားတာပဲ။ မုန့်ကိုရတာထက် ကျွန်တော့်ကို စေတနာရှိတာကို ဝမ်းသာ တာပါ။

"မင်းနာမည်က ဘယ်သူလဲ"

"ရဲဝင်း"

"ဪ အေး မနက်ဖြန် စာအုပ်အပ်ရင်လည်း ဝင်ခဲ့ဦးနော်"

နောက်နေ့တွေမှာ မမဇင်နဲ့ ကျွန်တော် တစ်နေ့တစ်ကြိမ်တော့ တွေ့ကြရပါတယ်။ စာအုပ်ဆိုင်ကပြန်တိုင်း မမဇင်အတွက် ကာတွန်းတွေ ပါတတ်သလို ကျွန်တော့်အတွက်လည်း ထူပေကြီးပေဆိုတဲ့ စာအုပ်တွေကို ရွေးရွေးငှားလာမိတယ်။ ကျွန်တော် ဒီလိုစာအုပ်တွေ ဖတ်တယ်ဆိုတာကို မမဇင်က အထင်ကြီးတယ်ဆိုတာကို ကျွန်တော် လက်မလွှတ်နိုင်ဘူး။

တစ်ယောက်ယောက်က ဒါမှမဟုတ် ဆရာက ဒီလိုစာမျိုးတွေဖတ် ပါလို့ ညွှန်ကြားရင်တောင်မှ ကျွန်တော် အဲဒီလောက်ဖြစ်မှာ မဟုတ်တာ





သေချာတယ် ကိုယ့်ဆရာရေ။ အခုတော့ မမဇင်ရဲ့ 'တယ်ဟုတ်ပါလား' ဆိုတဲ့ စကားလေးတစ်ခွန်းနဲ့ ကျွန်တော်ဖတ်လိုက်တဲ့စာတွေကို နည်းတာ မဟုတ်ဘူး။

တစ်နေ့တော့ မမဇင်ကြောင့် ကျွန်တော် ဝမ်းနည်းရတဲ့အဖြစ် တစ်ခုနဲ့ ကြုံပါတယ်။ အဲဒီနေ့က ကျွန်တော် ကာလသားတွေနဲ့အတူ ကင်းတဲနားမှာ ထိုင်နေတဲ့အချိန်ပါ။ ကျွန်တော်ဟာ အားရင် ကာလသား တွေနား သွားနေလေ့ရှိပါတယ်။ သူတို့နဲ့နေရတာကို ကစားရတာထက် ကျွန်တော်ပိုပြီး အရသာတွေ့နေတာ အမှန်ပဲ။ ပြီးတော့ သူတို့ မမဇင် အကြောင်းပြောကြရင် ကျွန်တော်ကငြိမ်ပြီး နားထောင်နေတတ်တယ်။ သူတို့ပြောတဲ့အထဲမှာ အမှားတွေ မဟုတ်တာတွေပါရင်တော့ ကျွန်တော် က ပြုံးနေလိုက်တာပေါ့။ တစ်ခါနှစ်ခါ ဝင်ပြောဖူးတုန်းက ကိုမြင့်အောင် က 'ဟေ့ကောင် ကလေးက... ကလေးလိုနေစမ်းကွာ' လို့ လှမ်းငေါက် တာနဲ့ ကျွန်တော် နောက် ဘယ်တော့မှ ဝင်မပြောတော့ဘူး။

ထုံးစံအတိုင်းပဲ အဲဒီနေ့က သူတို့ မမဇင်အကြောင်းပဲ ပြောနေကြ တာပါ။ ပြောနေကြရင်းနဲ့ သူတို့အားလုံး တအံ့တဩနဲ့ လှမ်းငေးကြလို့ ကျွန်တော်လှမ်းကြည့်တော့ မြင်ရတဲ့မြင်ကွင်းက မယုံနိုင်စရာပါ။ မမဇင် ရယ်လေ။ မမဇင်က အင်္ကျီခါးတိုကလေးနဲ့ ဖလဲဂျင်းဘောင်းဘီအကျပ်ကို ဝတ်လို့။ ကော့ကော့ကော့ကော့နဲ့ ကားလမ်းမပေါ်မှာ လျှောက်သွားနေတာ ခဏမှင်သက်သွားပြီးတဲ့နောက် နံဘေးက အသံတွေက ဆူညံသွားတာပဲ။ ကျွန်တော် နားပိတ်ထားစရာမလိုပါဘူး။ ကျွန်တော့်အသိစိတ်ထဲ အူနေပြီး ဘာကိုမှ မကြားရတော့တာ တကယ်ပါပဲ။

ကျွန်တော့်ဘဝမှာ ဂျင်းဘောင်းဘီနဲ့ အရွယ်ရောက်ပြီးကာစ မိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ယောက်ကို ပထမဦးဆုံးတွေ့ဖူးခဲ့တာ အမှန်ပါ။ ခုထက်ထိ ဂျင်းဘောင်းဘီနဲ့ ကောင်မလေးတွေကို လှမ်းတွေ့ရရင် ရင်ထဲမှာ ညို့တို့တို့ မှိုင်းတိုင်းတိုင်းဖြစ်နေတုန်းပဲ။

ကျွန်တော် ဘာမှမပြောဘဲ ကင်းတဲကနေ ပြန်လာပြီး စောင်ခေါင်းမြီးခြုံအိပ်တော့တာပဲ။ မျက်စိမှိတ်ထားတဲ့ ကျွန်တော့်ကမ္ဘာထဲမှာ ကျွန်တော်ဟာ ဂျင်းဘောင်းဘီဝတ်ထားတဲ့ မမဇင်ကို မြင်နေတယ်။ ဒီလို ဝတ်ထားတာဟာ သူ့ရည်းစားနဲ့တွေ့ဖို့ သွားတာပဲလို့လည်း စိတ်ထဲမှာ ဖွဲ့နေတယ်။ စောင်ခြုံထားရင်း ကျွန်တော်မောလာတယ်။ နောက်ဆုံးတော့ အိပ်ပျော်သွားပါတယ်။ နိုးလာတော့ ည ၇ နာရီ အပြင်မှာ မိုးတွေက သည်းသည်းမည်းမည်းရွာလို့။

အဲဒီအတွက် ကျွန်တော့်တုံ့ပြန်မှုက လေးရက်လောက် မမဇင်တို့ရဲ့ လမ်းကြားကိုရော အိမ်ရှေ့ကိုရော မသွားတာပါပဲ။ (ကျွန်တော့်ဘဝမှာတော့ လေးကမ္ဘာလောက်လို့ ထင်နေတယ်) ငါးရက်မြောက်နေ့ကျတော့ မနေနိုင်တော့ဘူး။ အခုဆိုရင် မမဇင် ကျွန်တော့်ကို မျှော်နေလောက်ပြီလို့ပဲ တွေးနေတာကိုး။ စာအုပ်တွေအပ်ဖို့ ကိစ္စကရှိသေးတယ် မဟုတ်လား။

ဒါနဲ့ ကျွန်တော် ကျကျနနဝတ်စားပြီး မမဇင်တို့ အိမ်ရှေ့က သစ်ပင်ရိပ်အောက်မှာ သွားထိုင်နေလိုက်တယ်။ ကစားနေတဲ့ သူငယ်ချင်းတွေရှိပေမယ့် ကျွန်တော် ဝင်မကစားဘူး။ ထိုင်နေတုန်း မမဇင်တို့အိမ်ဘက်က ကက်ဆက်သံကို ကြားပါတယ်။ သီချင်းသံမဟုတ်ပါဘူး။ ကက်ဆက်ဓာတ်လမ်းခွေပါ။ ကျွန်တော်လည်း လှည့်မကြည့်ဖို့ ဆုံးဖြတ်ထားတော့ နားအာရုံပဲ စိုက်ထားရတယ်။ သိပ်မကြာဘူး ကျွန်တော့်နားထဲမှာ 'ဟော့ ဟော့ ကိုရဲ' ဆိုတဲ့အသံကို ကြားရတော့တာပဲ။





ပထမ ကျွန်တော်လှည့်မကြည့်ဘူး။ သုံးလေးခွန်းထက်လည်း ပိုမခံနိုင်ပါဘူး။ မမဇင်ရယ်လေ ဆံပင်လေးနှစ်ဖက်ကိုခွဲပြီး ဘေးတစ်ဖက်တစ်ချက်မှာ စည်းလို့၊ အိမ်နေရင်း အင်္ကျီလက်ပြတ်ကလေးနဲ့ရယ်၊ လက်မောင်းသားလေးတွေကလည်း ဝင်းလို့ခင်ဗျ။

"မင်း ဘာဖြစ်လို့ အိမ်ဘက်မလာတာလဲ၊ မင်းကို ရှာနေတာ သုံးလေးရက်ရှိနေပြီ"

ကျွန်တော်က ခေါင်းငုံ့ရင်းနဲ့ပဲ မေးလိုက်ပါတယ်။

"စာအုပ်တွေ အပ်ဖို့လား"

"အေးပေါ့ကွ မင်းမလာတာနဲ့ မနေ့က ကြီးဒေါ်ကိုပဲ အပ်ခိုင်းလိုက်ရတယ်"

"ဆိုင်သိလို့လား"

"သိတယ်လေ ကဲ့ကော်ရိပ်သာလမ်းထဲက မဟုတ်လား၊ နေပါဦး အခု မင်း ဘာလုပ်နေတာလဲ"

"ဓာတ်လမ်းနားထောင်နေတာ"

"ဪ… အေး မင်းက ဓာတ်လမ်းကြိုက်တာပဲ၊ ကဲ… လာ အိမ်ထဲမှာ ဝင်နားထောင်… လာ… လာလေ"

မမဇင်က ကျွန်တော့်လက်ကို အတင်းဆွဲခေါ်သွားတယ် ကိုယ့်ဆရာရေ ကျွန်တော့်မှာ လေထဲပစ်ပြီး လွှင့်လိုက်ရသလိုကို ဒရွတ်တိုက်ပါသွားတာခင်ဗျ။ မမဇင်ရဲ့လက်နဲ့ ကျွန်တော့်ရဲ့လက် ထိလိုက်ရတဲ့အချိန်မှာ ကျွန်တော် ဘာကိုမှ မသိတော့ဘူး။

သတိစဝင်တာက မမဇင်တို့ရဲ့အိမ်ရှေ့တံခါးဝကိုရောက်တော့မှပါ။ ကျွန်တော် ကတုန်ကယင်နဲ့ အဝင်တံခါးဝမှာ လှိုင်းချတော့…



www.burmeseclassic.com

www.burmeseclassic.com



"အို… အဲဒီမှာ မထိုင်နဲ့လေကွာ၊ အိမ်ထဲဝင်ထိုင်ပြီး နားထောင်ဝင်ပါကွ…"

ကျွန်တော် မရဲတရဲဝင်ပြီး ကက်ဆက်နဲ့ မနီးမဝေးမှာ ထိုင်ပါတယ်။ ကက်ဆက်ဆိုတာကို နီးနီးကပ်ကပ်မြင်ဖူးတာလည်း ဒါ ပထမဦးဆုံးအကြိမ်ပါ။ ဖွင့်ထားတဲ့ကက်ဆက်ဓာတ်လမ်းက 'မင်းအသက်ငါ့ပေး ဆရာကြီးမြခိုင်' တဲ့…။ မမဇင်ကတော့ ဆိုဖာလေးပေါ်မှာ ထိုင်လို့။

ကျွန်တော် စိတ်ဆိုးပြေသွားပါပြီ။ ကျွန်တော် သုံးလေးရက် မလာတာကို သူချော့တာပဲလို့ စိတ်ထဲက ကျေနပ်ကတည်းက စိတ်ဆိုးပြေနေပါပြီ။

"မမဇင် ဒေးဗစ်ချန်းစားမလား"

ကျွန်တော် စကားဆုံးတော့ မမဇင်က ပြုံးတယ်။

"မစားပါဘူးကွာ နေ့ခင်းဆို သိပ်ပျင်းတာပဲ သိလား၊ မင်းလည်း နေ့ခင်းပျင်းရင် လာနော်…"

ကမ္ဘာလောကကြီးထဲမှာ နေရတာ ကျွန်တော့်ကိုယ်ကျွန်တော် အကျေနပ်ဆုံးအချိန်ဟာ အဲဒီက စတာပါပဲ။ ကျွန်တော် ကက်ဆက်စကားသံတွေကို အာရုံစိုက်ပြီး နားထောင်နေလိုက်တယ်။ အဲဒီအခါ ကျွန်တော်တို့ဟာ တနင်္ဂနွေနေ့ရောက်မှ ပုံပြင်နဲ့ဓာတ်လမ်းပမာကို နားထောင်ရတဲ့ကောင်တွေဆိုတော့ အဲဒီအခွင့်အရေးမျိုးဟာ ရတောင့်ရခဲပါပဲ။ ဓာတ်လမ်းကလည်း ဂမ္ဘီရနဲ့ စုံထောက် ရောမွှေထားလေတော့ ကျွန်တော့်အကြိုက်ပေါ့။

ဓာတ်လမ်းဆုံးလို့ မမဇင်ကိုနှုတ်ဆက်ပြီး ပြန်ထွက်လာတော့ ကျွန်တော့်ကို ကစားဖော်တွေက ငေးလို့ခင်ဗျ။ အံ့သြတဲ့ အားကျတဲ့ အဲဒီမျက်လုံးတွေရှေ့မှာ ကျွန်တော် ရင်အုံကလေးကိုမောက်ပြီး လျှောက်ခဲ့မိတာ ဝန်ခံ





ရမှာပဲ ။ ဒီကိစ္စကို ဘယ်သူ့မှ သွားမပြောနဲ့နော်လို့ ကျွန်တော်တစ်ယောက်ကိုမှ မတားခဲ့ပါဘူး။ ပြောကြစမ်းပါ… တစ်လောကလုံး ကြားအောင်ကို ပြောလိုက်ကြစမ်းပါ။

အဲဒီနောက်ပိုင်းမှာ ကျွန်တော်က ကလေးကစားနည်းတွေ ဘာကိုမှ မကစားတော့ဘူး။ နေ့တိုင်း မမဇင်ဆီမှာ ကက်ဆက်ဓာတ်လမ်းတွေ သွားနားထောင်တယ်။ တစ်ခါတလေ မမဇင်နဲ့ စာအုပ်ဆိုင်ကို အတူသွားတယ်။ ကျွန်တော်လာနေကျမို့လားတော့ မသိဘူး။ သူ့အိမ်က ကျွန်တော်နဲ့ဆိုရင် အပြင်ကို လွှတ်လေ့ရှိတယ်။

လူပျိုကာလသားတွေထိုင်နေကြတဲ့ ကင်းတဲရှေ့၊ ဆံပင်ညှပ်ဆိုင်ရှေ့ကနေ မမဇင်နဲ့အတူဖြတ်ရရင် ကျွန်တော် သိပ်ပျော်တာပဲ။ ဟိုလူတွေ အရမ်းအော်တဲ့အခါမျိုးဆိုရင် မမဇင်က ကျွန်တော့်ပခုံးကို လှမ်းဖက်ပြီး လျှောက်တတ်တယ်။

အဲဒီလိုအချိန်မျိုးမှာ ကျွန်တော်က အသည်းနှလုံးကို ရွှေဓားလွယ်ဆုပေးလိုက်သလို ရင်တကော့ကော့နဲ့ပေါ့။ ကျွန်တော်က မမဇင်တို့ရဲ့ အိမ်ရှေ့တံခါးကို ပိုင်ပိုင်နိုင်နိုင်တွန်းဖွင့်ပြီး ကက်ဆက်ဓာတ်လမ်း ဝင်နားထောင်ချိန်မှာ ခြံရှေ့ရစ်သီရစ်သီလုပ်နေတဲ့ သူငယ်ချင်းတွေရှေ့မှာလည်း ရင်ကို ကော့ထားတာပါပဲ။ ကျွန်တော်ကြည့်ရတဲ့ ကောင်တွေဆိုရင်တော့ ခြံတံခါးကိုပေးဖွင့်ပြီး အိမ်ရှေ့တံခါးဝမှာ ထိုင်ခိုင်းတတ်တယ်။ ကြည့်မရရင်တော့ နေပေတော့ အပြင်မှာပဲ။ မမဇင်ကလည်း ကျွန်တော်ခေါ်သွင်းတဲ့လူတွေကို ဘာမှမပြောပါဘူး။

ပြီးတော့ ကျွန်တော့်ကို ကက်ဆက်ဖွင့်တာ ပိတ်တာ (A) side (B) side ပြောင်းတာ၊ အသံတိုးတာ ကျယ်တာတွေကိုလည်း ပြထားသေး

www.burmeseclassic.com



တယ်။ ကျွန်တော် ကက်ဆက်ခလုတ်ကို လှမ်းကိုင်ရင် ဟိုကောင်တွေ မျက်လုံးပြူးပြီး မျက်ဆံကလေး ကလယ်ကလယ်နဲ့ပေါ့ဗျာ။ ကျွန်တော့်အိမ်ကလည်း မမဇင်တို့အိမ်သွားမလို့ဆို ပြီးရောပဲ။ ဘာကိုမှ မပြောတော့တာ။

အဲဒီလိုနဲ့ သုံးလေးလလောက်အကြာမှာ ကျွန်တော်ဟာ ညဆိုရင် ဆယ့်နှစ်နာရီကျော်မှ အိပ်တတ်လာတယ်။ အိမ်နေရင်း အင်္ကျီလက်ပြတ်ကလေးဝတ်တဲ့နေ့မျိုးမှာ ဖြူဝင်းမွတ်နေတဲ့ မမဇင်ရဲ့လက်မောင်းကလေးတွေ၊ လက်သည်းနီဆိုးပြီးကာစ လက်သည်းကလေးတွေကို လေနဲ့မှုတ်ဟန်ကလေးတွေ၊ ဒေးဗစ်ချန်းကို ငံပြာရည်-ငရုတ်သီးမှုန့်တွေနဲ့နယ်ပြီး နှစ်ယောက်ခိုးစားရတာတွေ။ သူ့ဆံပင်ကို စိတ်ရှည်လက်ရှည်ဖြီးပြီး ကျစ်ဆံမြီးကျစ်နေတဲ့ဟန်ကလေးတွေ။ အဲဒါတွေကို စဉ်းစားရင်း အိပ်မရဖြစ်ခဲ့တယ်။

ဂေါ်လီရိုက်ရင် ကျော်ထွေးကို ဘယ်လိုနိုင်အောင် ရိုက်ရမလဲ။ မြင့်မောင်ရှာလို့မတွေ့အောင် ပြေးပုန်းကစားရင် ဘယ်နေရာပုန်းမလဲ။ သားရေကွင်းပစ်ရင် မူတူးကို ဘယ်လိုနိုင်အောင်ပစ်မလဲ။ ထုပ်ဆီးတိုးရင် မလုရီကို ဘယ်လိုမိအောင်ဖမ်းမလဲ ဆိုတဲ့ အိပ်မက်တွေထက် ကျွန်တော့်စိတ်ကူးမိုးကောင်းကင်ဟာ ကျယ်ပြန့်လာခဲ့တယ်။ ကျွန်တော့်ရင်ခုန်သံဟာ ပျားရည်မြစ်ထဲ ကူးခဲ့တယ်။ ကျွန်တော်ဟာ ကိုယ်သဘောကျတဲ့ ကဗျာအတိုကလေးတွေကို ပုံစံနည်းနည်းပြောင်းပြီး (ကိုယ်ရေးသလို ဘာလိုလို) ကူးရေးတတ်လာခဲ့တယ်။ ကျွန်တော်ဟာ ကလေးလိုနေတတ်သမျှ မနေတော့ဘဲ ကျွန်တော့်စိတ်ထင်ရာ လူကြီးလို နေလာခဲ့တယ်။

ရင်ခုန်နေပြီလေ...။

ကျွန်တော်ရင်ခုန်နေတဲ့အရာနဲ့ လိုက်လျောညီထွေအောင် နေရတော့တာပေါ့ဗျာ။





အဲဒီနေ့ကတော့ တော်တော်လေးရင်ခုန်ပါတယ်။

ရင်ခုန်ဆို ဘဝမှာ ပထမဦးဆုံးခုန်တဲ့ရင်မို့ ဘယ်တော့မှ ပြန်မရနိုင်တော့တဲ့နည်းမျိုးနဲ့ကို ခုန်တာပါ။

နေ့ခင်းဘက် မမဇင်နဲ့ အမြဲရှိတတ်တဲ့ သူ့အဒေါ်က ဆယ်ရပ်ကွက်ဈေးကို ဈေးဝယ်သွားပါတယ်။ ကျွန်တော်နဲ့ မမဇင် နှစ်ယောက်တည်းရယ်။ ကက်ဆက်မှာဖွင့်ထားတဲ့သီချင်းက 'ပန်းဘုရင်မ' သီချင်း။

"ကိုယ့်အသည်းပန်းလေးတစ်ပွင့်ကို ပန်းဘုရင်မလေးလက်သို့သာ ပေးအပ်ဖို့ မှန်းရွယ်လာ ချူးချွေမှာစိုးမိတယ်ကွာ"

ကျွန်တော် ရုတ်တရက် အသံတိုးပစ်လိုက်တော့ မမဇင်က လှမ်းကြည့်ပါတယ်။ စည်းချက်လိုက်နေတဲ့ သူ့ခြေထောက်ကလေးတွေလည်း ရပ်သွားတယ်။ ဘာဖြစ်လို့လဲဆိုတဲ့သဘောနဲ့ ကျွန်တော့်ကို လှမ်းငေးကြည့်နေတဲ့ မမဇင်အနားကို ကျွန်တော် အတင်းစွတ်ဝင်သွားတယ်။ ရင်တွေခုန်လွန်းလို့ ဘာသံကိုမှ မကြားရတော့တဲ့အထိပဲ။ လက်နဲ့ဒူးတွေ တုန်နေတာပဲ မှတ်မိတယ်။ ကျွန်တော် အားကိုကြိတ်တင်းရတယ်။

"မမဇင် ကျွန်တော်... ဟို ကျွန်တော့်ကို ချစ်လား"

အားတင်းပြီးမေးရလို့ လေသံက မဆက်မိပါဘူး။

မမဇင်က ပထမအံ့သြသလို ကြည့်နေတယ်။ ငါးစက္ကန့်လောက်ကြာမှ ပြုံးတယ်။ ပြီးတော့ ကျွန်တော့်လက်မောင်းက ဆွဲကိုင်ပြီး သူ့နံဘေးက ဆိုဖာပေါ်ဆွဲချရင်း...

"ဘာများလဲလို့ ... ချစ်တာပေါ့ကွ"

ကျွန်တော် သတိလစ်မလို ဖြစ်သွားတယ်။ (ထိုသို့ဖြစ်ပုံမျိုး ယခုအသက်သုံးဆယ့်ခြောက်နှစ်အထိ တစ်ခါမှ မဖြစ်ဖူးပါ)



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ... စိတ်ကောက်ပြန်ပြီလား ဟုတ်လား"

မမဇင်က ကျွန်တော့်ခေါင်းကို တစ်ချက်နှစ်ချက်ဖွပြီး မေးတယ်။

"ကဲ... ကဲ ခဏနေဦး"

မမဇင်က ဆိုဖာပေါ်က လှစ်ခနဲ ထသွားတယ်။ ကျွန်တော့်တစ်ကိုယ်လုံးမှာ ကျနေတဲ့ ကြီးမားလေးလံသောအရာတစ်ခု လွင့်ထွက်သွားသလိုပဲ။

"ကဲ... ရော့ ဟုတ်ပြီလား"

မမဇင် ကျွန်တော့်ကို တစ်ခုခုလှမ်းပေးတယ်။ မျက်လုံးတွေပြာနေလို့ ကျွန်တော် ဘာမှ မမြင်ရပါဘူး။ ကျွန်တော် တစ်ခုခုပြောဖို့ ကြိုးစားပါသေးတယ်။ ဒါပေမယ့် ဘာတစ်ခွန်းမှပြောလို့ မထွက်ပါဘူး။

နောက်ဆုံး ကျွန်တော် ပြေးထွက်လာခဲ့ပါတယ်။

အိမ်ရောက်တော့ တဆတ်ဆတ်တုန်နေတဲ့ရင်နဲ့ လက်ထဲ ကျစ်ကျစ်ပါအောင်ဆုပ်ထားတဲ့အရာကို ဖြေကြည့်တော့ သိပ္ပံတံဆိပ် သံပရာပေါင်းတစ်ထုပ်ပါ။

ကျွန်တော်ဟာ အဲဒီနေ့ပြီးကတည်းက မမဇင်ဆီကို မရောက်တော့ပါဘူး။

နှင်းတွေအရမ်းကျနေတဲ့ တစ်နေ့မှာတော့ မမဇင်တို့အိမ်ထဲက ပစ္စည်းတွေကို လော်ရီကားကြီးပေါ် မ,တင်နေကြတာ တွေ့ရပါတယ်။ ကျွန်တော် ဖလံထည်အနွေးအင်္ကျီလေးကိုဝတ်ရင်း အိမ်ရှေ့ခုံတန်းလျားကနေ ထိုင်ကြည့်နေမိတယ်။ မမဇင်ကိုတော့ မတွေ့ရတော့ပါဘူး။ နှင်းကွဲစမှာ ပစ္စည်းတွေစုံလို့ လော်ရီကားကြီးက အိပ့်အိပ့်နဲ့ မောင်းထွက်သွားတယ်။ ကားအဆုံးအထိ ကျွန်တော်ငေးကြည့်နေမိပါတယ်။





မမဇင်ကိုတော့ မတွေ့ရတော့ဘူး။

အဲဒီနေ့ပဲ ကျွန်တော်ကြားရတာက မမဇင်ဟာ ကျွန်တော်တို့အရှေ့ရပ်ကွက်က လူတစ်ယောက်နဲ့ ကြိုက်ကြတာတဲ့။ အဲဒါကို သူ့မိဘတွေသိသွားလို့ ပြောင်းသွားကြတာဆိုပဲ။ ကျွန်တော် ဘာမှ မပြောပါဘူး။ ဘယ်သူ့ကိုမှလည်း ဒီအကြောင်းတွေကို မပြောပြဖြစ်ဘူး။

ဒါပေမယ့် ဂျင်းဘောင်းဘီဝတ်တဲ့ ကောင်မလေးတွေကိုတွေ့ရင် ရင်ထဲမှာ ညို့ပြီး စိတ်က ဘယ်ရောက်သွားမှန်းမသိအောင် ဖြစ်နေမိတုန်းပဲ။

ကျွန်တော် အသက်သုံးဆယ့်ခြောက်နှစ်ရှိပြီ။ နှစ်ဆယ့်နှစ်နှစ်တောင်ကြာရောပေါ့။ အခုနေ ကျွန်တော့်ကို တွေ့ရခင်ရတဲ့လူဟာ မြစ်တစ်မြစ်ကို အလျားလိုက်ဖြတ်ကြည့်သလို ဖြစ်နေမှာပဲ။

အမှန်တော့ ဘယ်မြစ်မှ သူတို့မြစ်ဖျားခံရာနေရာကို ဖွက်လို့ညာလို့မရပါဘူး။ လူတွေလည်း ကိုယ့်ရင်ခုန်သံကို ကိုယ်ညာလို့မရဘူး။ ညာရင်လည်း ဘယ်သူမှသိမှာ မဟုတ်ပါဘူး။ ကိုယ့်ကိုယ်ကိုယ်ပဲ သိမှာပါ။ ကိုယ့်ကိုယ်ကိုယ်သိနေတာလောက် ခဏလေးပြန်ပေါ်နေတာလည်း ဘာမှ မရှိဘူးလေ။

ကျွန်တော်ဟာ ဆရာအောင့်ချိမ့်ထက် ငယ်တဲ့အတွက် ဆရာအောင်ချိမ့်ထက် မိုက်ရူးရဲပိုဆန်တယ်လို့ ပြောလို့ရပါတယ်။ သူ့လောက်မလှဘူးလို့လဲ ပြောလို့ရပါတယ်။

ဟုတ်ပါတယ် ဇာတ်သိမ်းဟာ ထင်သလို မဖြစ်ခဲ့ပါဘူး။

ထင်သလို မဖြစ်ပေမယ့် ဒါဟာ အမှန်ပဲလေ...။

✤




www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော်...
# စကားလုံးစ...ပေါင်းမိသော
# အိပ်မက်များ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်တွင် ဘကြီးတစ်ယောက်ရှိသည်။

ဦးစိန်မောင် ... ဟုခေါ်သည်။ ကျွန်တော် အသက် ၁၀ နှစ်အရွယ်တွင် ဘကြီးက အသက် ၅၀ ကျော်အရွယ်ရှိနေပြီဖြစ်သည်။ အသက် ၅၀ ဆိုသော်လည်း ကျွန်တော့်ဘကြီးသည် တောင့်တင်းသန်မာသည်။ ဖျတ်လတ်သွက်လက်သည်။ ဘကြီး၏ပေါင်နှစ်ဖက်တွင် ထိုးကွင်းရှိပြီး ကျောတွင် ဘီလူးရုပ်၊ ရင်မှာ သိမ်းငှက် ...။ လက်မောင်းနှစ်ဖက်မှာ နဂါးနှစ်ကောင်ရှိသည်။

ဘကြီး အိမ်သို့လာလည်လျှင် သန်မာတောင့်တင်းသော သူ့လက်မောင်းကို ကျွန်တော်တို့က ဟီးလေးခိုစီးကာ ဆော့ကြ၏။ ကျွန်တော်တို့ခိုစီးရသောကလေးတွေသာ မောသွားမည်။ ဆွဲယူမြှောက်ပေးရသော ဘကြီးကတော့ ဘယ်တော့မှ မမော။ ကျွန်တော်တို့မောသွားတော့ ဘကြီးက သူ့





လက်မောင်းမှ ကြွက်သားတွေကို လှုပ်ပြသည့်အခါ လက်မောင်းအသားပေါ်ရှိ နဂါးကြီးလှုပ်နေတာကို ကျွန်တော်တို့ ဝိုင်းကြည့်ကြရသည်။

ကျွန်တော့်ဘကြီးသည် လူမိုက်ကြီးတစ်ယောက်ဖြစ်သည်။

ဘကြီးတင် မဟုတ် ... ဘကြီးအဖေနှင့် မွေးချင်းညီအစ်ကို ငါးယောက်စလုံး လူမိုက်တွေချည်းပဲဖြစ်သည်။ ဘကြီးတို့မှာ မွေးချင်းခြောက်ယောက်ရှိပြီး အငယ်ဆုံးက မိန်းကလေးဖြစ်၏။ ဘကြီးအဖေက ဦးဘိုမောင်ဟု ခေါ်သည်။ လှမောင်၊ စိန်မောင်၊ မြင့်မောင်၊ သန်းမောင်နှင့် ဆန်းမောင်ဆိုသော ညီအစ်ကိုငါးယောက်နှင့် နှမကလေးကို မိထွေးလေးဟု ခေါ်ကြသည်။ ဂျပန်တက်သည့်ခေတ်က သူတို့ရွာမှာ ဘကြီးတို့မိသားစုသည် အားလုံးကကြောက်ရသော လူမိုက်ကြီးများ ဖြစ်ပါသည်။

ကျွန်တော်တို့ဆွေမျိုးတစ်သိုက်ကြားထဲတွင် ပြောစမှတ်တွင်လောက်သော ဘကြီးတို့မိုက်ပုံကို လူကြီးတွေ မကြာခဏပြောလွန်းသဖြင့် ကျွန်တော်မှတ်မိနေ၏။ ဘကြီး၏မွေးချင်းအငယ်ဆုံး ညီလေးဆန်းမောင်မှာ နံဘေးရွာအသုဘတွင် ဖဲသွားရိုက်ရင်း ရန်ဖြစ်ကြရာမှ ဓားနှင့်အခုတ်ခံရကာ သေသွားသည်။ သတ်သွားသူများက ဆန်းမောင်ကို ရွာထိပ်ရှိ ဇရပ်တွင် လာချသွားကြသည်။ ထိုသတင်းကို ဘကြီးအဖေ ဦးဘိုမောင်ကြားသောအခါ တစ်ကိုယ်လုံးတုန်ယင်ကာ တံပိုးဆွဲပြီး ရွာထိပ်ဇရပ်သို့ သွားသည်။ လူတွေအုံနေကြသော ဇရပ်အနီးသို့ရောက်သောအခါ လူတွေကြားထဲ အတင်းတိုးဝင်ရင်း ...

"ခွေးသား ... မိဘအရှက်ကိုခွဲတဲ့ကောင်၊ ငါတို့အမျိုးထဲမှာ လူများသတ်လို့သေရတာ နင်တစ်ယောက်ပဲရှိတယ်ဟဲ့ ... အရှက်မရှိတဲ့ကောင်ရဲ့ ... ကိုင်းဟာ ... ကိုင်းဟာ ... ကိုင်း ... ကိုင်း"



www.burmeseclassic.com

www.burmeseclassic.com



ဘကြီးအဖေက ညောင်ပင်အောက်မှာ ဓားဒဏ်ရာနှင့် သေနေသောသားကို စိတ်ဆိုးကာ တံပိုးနှင့်ပျော့နေအောင် ရိုက်သည်... တဲ့။ ကျန်သည့်အစ်ကိုတွေက ဘာမှမပြော... ဝင်၍လည်း မဆွဲ... အိမ်ပြန်ကာ ဓားသွေးကြသည်... တဲ့။ ထိုသတင်းကိုကြားရုံနှင့်ပင် ဆန်းမောင်ကိုသတ်မိသောတခြားရွာမှ လူစုလည်း ဆွေမျိုးအကုန်ခေါ်ကာ ပြောင်းပြေးသည်ဟု ဆိုသည်။

အားလုံးက ဘကြီးကို လူမိုက်ဟုပြောကြသော်လည်း ကျွန်တော်ကတော့ မကြောက်ပါ။ ဘကြီးက အမြဲပြုံးနေတတ်ပြီး ကလေးတွေကို ချစ်တတ်၏။ အမေက ကျွန်တော်တို့ကိုရိုက်လျှင် မကြိုက်၊ ပွေ့ချီကာ ယူသွားတတ်သည်။ ဘကြီးက ဘုန်းကြီးကျောင်းသား တတ်သော်လည်း စကားပြောကျတော့ ကောင်း၏။ လေယူလေသိမ်း အဖြတ်အတောက် စကားသံအနိမ့်အမြင့်မှာ နားထောင်၍ကောင်းသည်။

"မိုက်တယ်ဆိုတာ လွယ်ပါတယ်" ဆိုသော ဦးညွန့်ဝင်းကား ကျွန်တော်တို့ငယ်စဉ်က နာမည်ကြီးတော ဘကြီးက ရယ်ကာမောကာ ပြောတာ မှတ်မိသည်။

"ခွီးပဲ... မိုက်တယ်ဆိုတာ လွယ်မလားကွ... အဆင်မပြေရင် တစ်ခါတည်းအသတ်ခံရမယ့်ကိစ္စဟာကို... အေးပေါ့ကွာ... ကိုယ့်လမ်းထဲ ကိုယ်ရမ်းပြီး မိုက်တာမျိုးဆိုရင်တော့ ဟုတ်မှာပေါ့..."တဲ့။

ကျွန်တော့ဘကြီးက လူမိုက်ဆိုသော်လည်း ဉာဏ်တော့ကောင်း၏။ သူက လူများမမိုက်ဝံ့တာကိုလည်း မိုက်ဝံ့သည်။ လူများ မစဉ်းစားတာကိုလည်း စဉ်းစားတတ်သည်။ ဘကြီးပြောပြသော လူမိုက်ဇာတ်လမ်းတွေထဲက ကျွန်တော်မှတ်မိနေသောတစ်ခုရှိသည်။





ဘကြီးတို့ရွာတွင် 'ရွှေဓား' ဆိုသောလူမိုက်တစ်ယောက် ရှိ၏။ ဓားခုတ်အလွန်ကောင်းသည်ဟု နာမည်ကြီးသည်။ တစ်နေ့ ရွှေဓားနှင့် ဘကြီးတို့ ကြက်ဝိုင်းတွင် ပြဿနာတက်ကြ၏။ ရွှေဓားက ဘကြီးကို နားရင်းအုပ်ထည့်လိုက်သည်ဟု ဆိုသည်။ လူမိုက်ခြေတက်နှင့် မိုက်လက်စ လူမိုက်ကြီးတို့ တွေ့ကြသည့်ပွဲမို့ တစ်ရွာလုံးက ကြောက်ကာ ဝင်မဆွဲရဲ။ ဘကြီးက ပြုံးပြုံးကလေးပြန်လာခဲ့သည်။ မပြန်ခင် ရွှေဓားကိုပင် ထိုင်ရှိခိုးခဲ့သေးသည်ဟုဆိုသည်။ ရွှေဓားကလည်း လူမိုက်ဝါရင့်မို့ ဘကြီးပြုံးတာ ထိုင်ရှိခိုးတာတွေကို သိသည်။ ဒီကောင် ငါ့ကို သတ်မှာကွ... တွေ့ကြသေးတာပေါ့... ဟု ကျိန်းသည်ဟု ဆိုသည်။

နောက်လေးငါးရက်အကြာ ရွှေဓား ထန်းရေဆိုင်ကအပြန် ရွာလမ်းမတွင် ခါးမှာ ဓားနှစ်ချောင်းထိုးကာ ပြုံးပြုံးကြီးရပ်နေသော ဘကြီးကို ရွှေဓားတွေ့ရ၏။ ရွှေဓားကလည်း သိသည်။ ဘကြီးက "ခင်ဗျားဓားခုတ် ဘယ်လောက်ကောင်းသလဲသိရအောင် ရော့..." ဟု ဆိုကာ သူ့ခါးကြားထဲက ဓားတစ်လက်ကိုဖြုတ်ကာ ပစ်ချပေး၏။ ပြီးတော့ သူ့ခါးကြားထဲက ဓားကိုလည်း ရှေ့တွင်ပစ်ချထားလိုက်သည်။

ကောင်းဘွိုင်ကားထဲကလိုပဲ ဖြစ်လိမ့်မည်ထင်သည်။

ရွှေဓားက ရှေ့မှာရှိသည့်ဓားကို ပြေးကောက်သည့်အချိန်တွင် ဘကြီးကလည်း ကောက်သည်။ သို့သော် ရွှေဓားကောက်ပြီးသောဓားကို ဆွဲထုတ်၍မရ။ ဘယ်ရပါ့မတုန်း ဘကြီးက သူ့ရှေ့ပစ်ချပေးသောဓားမှာ ဓားနှင့်တူသောအင်္ဂါရပ်တွေ အားလုံးပြည့်စုံသော်လည်း ဓားနှောင့်နှင့် ဓားအိမ်တစ်ဆက်တည်းထုထားသောဓားဖြစ်၏။ ထိုတစ်ချက်တည်းနှင့်ပင် ဘကြီးက ရွှေဓားကို အနိုင်ယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါကလည်း ဘကြီးကို လေပေါ်တွင်အရက်တိုက်ကာ ချောင်းရိုး တစ်လျှောက် လေလှော်ကြရင်း လူခြောက်ယောက်က ဓား၊ လှံများနှင့် ဝိုင်းခုတ်ကြ ထိုးကြသည်ဟု ဆိုသည်။ သို့သော် ဘကြီး မသေ။ သန်မာသော ဖျော်လတ်သော မကြောက်တတ်သောစိတ်တို့နှင့် ထိုခြောက်ယောက်ကို ခံချခဲ့သည်။ သူ့ကိုယ်မှာ ဓားခုတ်ရာ သုံးလေးငါးချက်တော့ ရခဲ့၏။

ထိုသို့ လူမိုက်အစ်ကိုလေးယောက်၏နှမဖြစ်သော မိထွေးလေးဒုက္ခကား သူ့ကို ဘယ်သူမှမကြိုက်ရဲခြင်းဖြစ်၏။ ချစ်စိတ်ကိုမထိန်းနိုင်သူ သုံးလေးယောက်လည်း ပါးချည်းအရိုက်ခံရသည်ဟု ကြားဖူးသည်။ နောက်တော့ စာသင်စာရေးကလေးဟု သူတို့ခေါ်ကြသော လုဦး... ဆိုသည့်လူ တစ်ယောက်ကို ဘကြီးတို့က သဘောကျကြသည်။ ထိုလုဦးကလည်း မိထွေးလေးကို ကြိုက်ရှာသည်။ မိထွေးလေးက နနကလေးနဲ့ အတော်ချော... ဟု ဘကြီးက ပြောပြတတ်၏။

ဒီတော့ ဘကြီးတို့က ဘာလုပ်ကြသည်ထင်သနည်း။ လုဦးကို သူတို့နှမနှင့် အတင်းပေးစားကြ၏။ လုဦးက ကြောက်ကာ မယူရဲတော့ ဓားနှင့်ထောက်ကာ ပေးစားကြသည်။ ဒီတော့မှ မိထွေးလေးလည်း ယောကျ်ားရ၏။ သို့သော် မိထွေးလေးက ကံမကောင်း။ သမီးမိန်းကလေးတစ်ယောက် မွေးပြီး မြွေကိုက်ကာ ဆုံးသွား၏။ ဘကြီးတို့ မျက်ရည်မကျ။ ဒေါသပင် ဖြစ်လိုက်ကြသေး၏။

"လူမိုက်နှမကျမှ မြွေက ကိုက်ရသလား၊ ဘယ်သူ့သွားသတ်ရ မတုန်း၊ မသကာ... ဓားနဲ့အခုတ်ခံရ တော်သေး..." တဲ့။

ဘကြီးက လူမိုက်ဆိုသော်လည်း ဘာသာရေးကျတော့ ကြည်ညို လေးစားသည်။ ရွာဘုရားပွဲတွေမှာ ဦးဘိုးမောင်သားတွေ ဦးစီးတာဆိုရင်





ဘာပြဿနာမှ မရှိဘဲ အေးဆေးစွာပြီးသည်ဟု ပြောကြသည်။

တစ်နေ့ ဘကြီး၏အစ်ကိုဖြစ်သူ လှမောင် ဓားခုတ်ခံရပြီး သေသည်။ သတ်သူက ထန်းတက်သူကျော်မြ...။ ထန်းလီးဓားနှင့် ခုတ်တာ ခံရခြင်း ဖြစ်၏။ ဘကြီးက အစ်ကိုဖြစ်သူကို အရမ်းချစ်သည်။ ကျော်မြလည်း သူ့အေးကို သူသိကာ ရွာဦးဆရာတော်ထံပြေးပြီး ဘုန်းကြီးဝတ်၏။ ကျော်မြ ဘုန်းကြီးဖြစ်သောအခါ ဘကြီးက ဘာမှမလုပ်။ ကျော်မြကို အိမ်ပင့် ဆွမ်းထောက်လိုက်သေး၏။ ဘုန်းကြီးကျော်မြလည်း ဆွမ်းခံမကြွရဲ၊ နောက်ဆုံး ကျော်မြ တစ်သက်လုံး ဘုန်းကြီးဝတ်သွားရှာသည်။

ဒီတော့ ဘကြီးက ဘာပြောသည် ထင်ပါသနည်း။

"နို့မို့ဆို ဒီကောင် ထန်းပင်ကလေးတက်လိုက်၊ ထန်းရည်ကလေး သောက်လိုက်နဲ့ပဲနေမှာ၊ ဒီလို တစ်သက်လုံးဘုန်းကြီးဝတ်သွားတော့ ငါလည်း ကုသိုလ်ရတာပေါ့..." တဲ့။

ဘကြီးအဖေ ဦးဘိုးမောင်... အစ်ကိုလှမောင်နှင့် ညီသန်းမောင်၊ ဆန်းမောင်တို့လည်း သူတို့အကုသိုလ်အတိုင်း အသတ်ခံကြရကာ ဆုံးပါးခဲ့ကြသည်။ ဘကြီးနှင့် မြင့်မောင်တစ်ယောက်သာ အသက်ရှင်၏။ ခေတ်စနစ်တွေပြောင်းလို့ ဘကြီးလည်း အသက်ကြီးသောအခါ ဘကြီးက အရင်လို လူမိုက်မဟုတ်တော့။ အနေအထိုင်ရိုးရိုးဖြင့် ကုန်စုံဆိုင်ကြီးဖွင့်ကာ အေးချမ်းစွာနေသည်။

"လူမိုက်ဆိုတာလည်း သစ္စာတော့ရှိရတယ်ကွ၊ ကိုယ့်မစော်ကားရင် မထိပါးရင် ဗိုလ်မကျရဘူး၊ လူမိုက်စိတ်ဆိုတာ... လူမိုက်ချင်းတွေ့မှပဲ သုံးရတာမျိုးဟ..." ဟု ဘကြီးက ပြောတတ်သည်။

ဘကြီးသည် မိုက်သော်လည်း အနိုင်မကျင့်တတ်သောစိတ်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သာ အသက်ရှင်လျက်ရှိသည်ဟု ထင်ရသည်။ ဘကြီးက မြွေပွေးလို လူစားမျိုးဟု ဆွေမျိုးများက ပြောတတ်ကြသည်။ သူ့မထိသမျှ ဘာမှမဖြစ် ထိလျှင်တော့ သေပေရော့ပေါ့။

သူ့ရွာမှာ ကုန်စုံဆိုင်ဖွင့်ထားသောဘကြီးက ကျွန်တော်တို့ သယ်န်းကျွန်းဈေးသို့ 'လှအုံးမယ်' ဆိုသော ဘတ်စ်ကားကြီးစီးကာ တစ်ပတ်တစ်ခါ ဈေးလာလာဝယ်တတ်၏။ ဝယ်တိုင်းလည်း ကျွန်တော်တို့အိမ်မှာ တည်းတတ်သည်။ လာတိုင်းလည်း ဘကြီးသည် ခန္ဓာကိုယ်ကြုံလှီသေးကွေးသော ကျွန်တော့်ကို သဘောမကျ စိတ်မကျေနပ် ဖြစ်နေတတ်သည်။

"မြကြည် နင့်သားကို ကြီးလာရင် ထွားမယ်မှတ်တာ၊ ဒီကောင် အခုလည်း ဒီလောက်ပါပဲလား၊ ဒီအတိုင်းဆိုရင်တော့ တို့အမျိုးထဲ အနိုင်ကျင့်ခံရတဲ့ကောင်တစ်ကောင် တိုးလာသလို ဖြစ်နေမပေါ့ဟ..."

အမေကတော့ ဘာမှပြန်မပြောတတ်။ ဘကြီးက ကျွန်တော့်ကို ခေါ်ကာ မေးတတ်၏။ "ဟေ့ကောင်... မင်းသတ္တိရှိသလား" ကျွန်တော်ကလည်း ဘာရယ်မဟုတ်... ကလေးဆိုတော့ ခေါင်းညိတ်ပြမိ၏။ ဘကြီးက သဘောကျသည်။

"အေး... အေး... ခန္ဓာကိုယ်သေးတာ ဘာညာတော့ မဆိုင်ဘူးကွ၊ သတ္တိရှိဖို့ပဲလိုတာ၊ ဟိုလူမိုက်ဘသန်နှယ်... ငါ့တစ်ဝက်ပဲရှိတာ၊ ငါ့လခွေး... မိုက်တဲ့နေရာတော့ ကမ်းကုန်ပဲ... အကောင်သေးရင် သတ္တိရှိကွ... သိလား"

တစ်နေ့ ဘကြီးအိမ်ရောက်လာရင်း အမေတို့နှင့် အလ္လာပသလ္လာပစကားပြောပြီး ကျွန်တော့်ကိုခေါ်သည်။ ကျွန်တော်တင်မဟုတ် ကျွန်တော့်အစ်ကိုဝမ်းကွဲဇော်မိုးနှင့် ခင်ထွေးကိုလည်း ခေါ်၏။ ပြီးတော့ သတ္တိရှိ





လားဟု မေးသည်။ ကျွန်တော့်အစ်ကိုတွေက ကျွန်တော့်ထက် တစ်နှစ်စီကြီးကြသည်။ ကျွန်တော်တို့သုံးယောက် ဘာရယ်ညာရယ်မသိဘဲ ခေါင်းညိတ်ကြတော့ ဘကြီးက သဘောကျသည်။ ထို့နောက် အိမ်ရှေ့တွင် ခုံတန်းတစ်ခုချကာ ကျွန်တော်တို့ကို ထိုခုံတန်းမှာ ထိုင်ခိုင်းထား၏။ ဘကြီးကတော့ ဘာမှမပြော။ အိမ်ရှေ့လမ်းကိုသာ ကြည့်နေသည်။ ခဏကြာတော့ အိမ်ရှေ့လမ်းမှာ ကလေးတစ်ယောက် လျှောက်ကာလာနေ၏။

"ဟုတ်ပြီ... ဇော်မိုး... ဟိုမှာလာနေတာ မင်းနဲ့ ရွယ်တူပဲကွ... သွား... သွားထိုးချေ"

"ဗျာ..."

"ဒီအကောင်ကို သွားထိုးလို့ ပြောနေတာကွ... သွား... ရန်စပြီးထိုးကွာ..."

ကျွန်တော့်အစ်ကို ဘာလုပ်ရမှန်းမသိ။ ကြောင်ကာနေ၏။ ဘကြီးက အတင်းတွန်းလွှတ်တော့ အစ်ကိုဖြစ်သူ ထွက်သွားကာ လမ်းပေါ်မှာ သူ့ဘာသာသူလျှောက်နေသော ကောင်လေးကို ဝင်တိုက်ပြီး စထိုးသည်။ ဟိုကောင်လည်း ပထမကြောင်နေပြီး နောက်တော့ ပြန်ကာတွယ်၏။ တစ်ယောက်တစ်ချက်ထိုးကြရင်း နောက်တော့ ဖက်ကာလုံးသည်။ ဘကြီးက အေးအေးဆေးဆေးကြည့်နေပြီး ခဏကြာမှ ဝင်ကာဖျန်ဖြေပေးသည်။ ဟိုကလေးကို သွားတော့ဟု ပြောလိုက်၏။ ထို့နောက် ကျွန်တော့်အစ်ကိုကို ငါးမူးမုန့်ဖိုးပေးကာ ပြန်ထိုင်ခိုင်းသည်။

ကျွန်တော့်အစ်ကို နှုတ်ခမ်းနည်းနည်းဖူးကာ မျက်ကွင်းညိုရောင်ကာနေသည်။

"ဟော... ခင်ထွေး မင်းနဲ့ ရွယ်တူပဲကွ... မင်း သွားထိုး..."



www.burmeseclassic.com

www.burmeseclassic.com



ခင်ထွေးနှင့် နောက်တစ်ယောက်လည်း တီးကြပြန်၏။ ကျွန်တော် ကြောက်လှပြီ။ သိပ်မကြာ ကျွန်တော့်အလှည့် ရောက်ကာလေ၏။

"ငါ့လခွီးပဲ... မင်းနဲ့ရှယ်တူက တော်တော်ရှားပါလား၊ ဒီကောင်က မင်းထက်တော့ နည်းနည်းထွားတယ်... ဒီကောင်နဲ့ပဲ ဆော်ကွာ သွား..."

ကြောက်စိတ်ဖြင့် နေရာမှရွေ့မရသော ကျွန်တော့်ကို ဘကြီးက အတင်းတွန်းကာလွှတ်၏။ သူ့ဘာသာ လမ်းလျှောက်လာနေသော လူတစ်ယောက်ကို ဘာပြဿနာမှ မရှိဘဲ ထိုးဖို့ကြိတ်ဖို့ဆိုတာ တော်တော်ခက်ပြီး ကျွန်တော် လုံးဝမလုပ်တတ်သော အလုပ်တစ်ခုသာ ဖြစ်သည်။ သို့သော် ကျွန်တော့်ရှေ့က အစ်ကိုနှစ်ယောက်ကိုကြည့်ကာ ဘကြီးကို ကျွန်တော် ကြောက်နေပြီဖြစ်၏။ ကျွန်တော့်အစ်ကိုတွေက ဘာမှမပြောဘဲ ဘကြီး ခိုင်းသည့်အတိုင်း လုပ်ထားသဖြင့် ကျွန်တော့်အလှည့်မှာ မဖြစ်မနေလုပ်ရတော့မည်ဟုလည်း ကျွန်တော် သိနေခဲ့သည်။

သူ့ဘာသာသူလျှောက်လာနေသော ကောင်လေးရှေ့ကို ကျွန်တော် လမ်းပိတ်ကာရပ်လိုက်သည်။ ထိုကောင်က ကြောင်ကာသွား၏။ ကျွန်တော်လည်း ဘာလုပ်ရမှန်းမသိ။ ရပ်ကာ ငေးကြည့်နေမိသည်။ ထိုအချိန်တွင် ဘကြီးကနောက်မှနေ၍ ကျွန်တော့်လက်ကို ဆွဲမြှောက်ယူကာ ထိုကောင့်မျက်နှာကို ပုတ်သည်။ တည့်တည့်ထိသွားပြီး ဟိုကောင်ကြောင်နေချိန်မှာ ဘကြီးက သူ့ထံသို့ ကျွန်တော့်ကို တွန်းကာလွှတ်လိုက်၏။ ထို့နောက် ကျန်သောအဖြစ်တွေကို ကျွန်တော် သိပ်မမှတ်မိတော့။ မျက်စေ့ကိုမှိတ်ကာ လက်သီးနှစ်ဖက်ကို ဝေ့ယမ်းနေသောစိတ်ကိုသာ မှတ်မိတော့သည်။

ဒဏ်ရာရလာသော ကျွန်တော့်ကို မိသားစုဝင်များက ကန့်ကွက်ကြငြင်းဆန်ကြသော်လည်း... ဘကြီးကတော့ တဟားဟားနှင့် သဘောကျကာ





နေ၏။

"ဟ... ယောကျ်ားလေး ဒဏ်ရာရတာ ဆန်းသလားဟ၊ နို့မို့ဆို လူတစ်ယောက်ကို မလုပ်ရဲ... မကိုင်ရဲနဲ့ တစ်သက်လုံး အနိုင်ကျင့်ခံနေရမှ ပိုဆိုးမှာ၊ နင့်သားရဲ့ဝင်းက ပိုဆိုးတာပေါ့၊ လူကောင်က လက်သန်းလောက်ရှိတာ ဒီလိုစိတ်မျိုးသာမရှိရင် တစ်သက်လုံး အနိုင်ကျင့်ခံနေရမှာ သိလား..."

ဘကြီးကို ခပ်ရွံ့ရွံ့ရှိကြသော အမေနှင့်အဖေကလည်း ဘာမှ မပြောကြပါ။ ထိုသို့နှင့် ဘကြီးအိမ်လာတိုင်း ကျွန်တော်တို့ကို အိမ်ရှေ့တွင် ခုံချကာ ရှယ်တူအလုံးတူတွေ့လျှင် ဆော်ပလော်တီးခိုင်းလေ့ရှိ၏။ နိုင်သည်ဖြစ်စေ ရှုံးသည်ဖြစ်စေ မုန့်ဖိုးလည်း ရကြပါသည်။ ရန်ပွဲတစ်ပွဲပြီးတိုင်းလည်း ဘကြီးက "မှတ်ထားကွ... ယောကျ်ားလေးဆိုတာ ဘယ်သူ့ကိုမှ မကြောက်ရဘူးကွ..." ဟု ဆုံးမလေ့ရှိ၏။ "ငါ့အမျိုးတွေ အနိုင်ကျင့်ခံရတာ ငါမကြည့်ချင်ဘူး... မကြားချင်ဘူး..." ဟုလည်း အမြဲပြောလေ့ရှိသည်။

အခုတော့ ဘကြီးလည်း ဆုံးသွားရှာပြီဖြစ်သည်။

ဘကြီးသည် သူလိုငါလိုပင် ဇဖ-ပါးရောဂါဖြင့် ကွယ်လွန်ခြင်းဖြစ်၏။ ဘကြီး ထိုသို့လေ့ကျင့်ပေးသည့်အတွက် ကျွန်တော်တို့ ဘာများရလိုက်သည် ထင်ပါသနည်း။

ဘကြီး ခုံပေါ်မှာ ထိုင်ခိုင်းကတည်းက ကျွန်တော်တို့သည် အိမ်ရှေ့လမ်းကလေးကို ရင်တခုန်ခုန် ရင်တဖိုဖိုနှင့် ထိတ်လန့်စွာငေးကြည့်ရသည်။ ကလေးတစ်ယောက်လာလျှင် ကိုယ်နှင့် အရွယ်မတူပါစေနှင့်ဟု ဆုတောင်းကြရသည်။ ဘကြီးက ရှယ်တူသည်ဟု ဆုံးဖြတ်သည့်အခါ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



သည် ထိုမတရားမှုကြီးကိုပြုလုပ်ရန် ဝန်လေးစွာ ထကြရ… သွားကြရသည်။

ထို့အတွက် ကျွန်တော့်တွင် (ကျန်သည့်အစ်ကိုများတော့ မသိ) လူကြောက်သောရောဂါ စွဲကပ်သွား၏။ ရန်ဖြစ်ရမှာကို အသေအလဲကြောက်သောရောဂါလည်း ရကာသွား၏။ ရန်ဖြစ်ရန်ကြုံလာလျှင်လည်း ရန်ဖြစ်ခြင်းသည် မတရားမှုနှင့် စခဲ့ရသဖြင့် မတရားမှု မဖြစ်သင့်သောအမှုဟု ယူဆကာ ရန်မဖြစ်အောင် အောက်ကျို့ကာ ရှင်းနေမိရက်သားဖြစ်နေတတ်သည်။ ရန်ဖြစ်ဖို့ကိစ္စများကို ရှိသောစကား… ရသောအခြေအနေနှင့် တတ်နိုင်သမျှ ရှောင်တတ်သူ ဖြစ်ကာသွား၏။ ဘကြီးလိုချင်တာနှင့်တော့ လုံးဝ တလွဲစီ ဖြစ်နိုင်ပါသည်။

ထို့အတွက်ကြောင့်လည်း ကျွန်တော့်ဘဝတွင် တစ်ခါမျှ ရန်မဖြစ်ဖူးခဲ့။

ရန်ဖြစ်ရမှာကိုလည်း သေမလောက်ကြောက်တတ်သွားပါသည်။ အသက်တွေရလာတော့ ကျွန်တော်ရော ကျွန်တော့်အစ်ကိုတွေပါ တစ်ဦးမှ လူမိုက်မဖြစ်ကြပါ။ မှတ်မှတ်ရရ ရန်တွေဘာတွေလည်း တစ်ခါမှ မဖြစ်ကြပါ။ ဖော်မိုးက ကားပြင်အင်မတန်တော်သော ဝပ်ရှော့ဆရာ၊ ခင်ထွေးက အိမ်ဆောက်အလွန်ကောင်းသော လက်သမားဆရာနှင့် ကျွန်တော်က စာရေးဆရာ ဖြစ်လာခဲ့သည်။ တစ်ဦးမှ လူမိုက်မဖြစ်။ တစ်ယောက်မှလည်း လူသူလေးပါး အနိမ်အစားခံရသည်ဟူ၍ မရှိခဲ့ပါ။

August (၇) ရက်နေ့က ကျွန်တော့်ဇနီးက ကလေးတစ်ယောက် ကျွန်တော့်အတွက် မွေးပေးပါသည်။ သားယောကျ်ားလေးဖြစ်၏။ ကျွန်တော် တော်တော်လေးပျော်ပါသည်။ တစ်နေ့ ကလေးကိုချီရင်း ကျွန်တော် ဒီကောင့်ကိုကြီးလာရင် စာတွေပေးဖတ်ရမည်။ ဒီကောင်စာဖတ်တတ်ချိန်





မှာ ဘယ်လိုစာမျိုးတွေ ပေးဖတ်ရမည်။ နောက်… ဘယ်အသက်အရွယ်မှာ ဘယ်စာတွေပေးဖတ်ရမည်… ဟု စိတ်ကူးယဉ်နေမိစဉ် ဖြုန်းခနဲ ဘကြီးကို သတိရမိခြင်းဖြစ်၏။ ကျွန်တော် တော်တော်ထိတ်လန့်ကာ တွေဝေသွားကြောင်း ဝန်ခံရပါမည်။

လက်ရုံးအားကိုးနှင့် တစ်သက်လုံးကြီးပြင်းကာ သူ့ဘဝလုံခြုံခဲ့သော ကျွန်တော့်ဘကြီးက ယောကျ်ားဆိုလျှင် (လူဆိုလျှင်…) ဘဝမှာ အနိုင်မခံရဖို့ လိုသည်ဟု ဆုံးဖြတ်ကာ ထိုအတွေးကို လက်ကိုင်ထားခဲ့သည်။ စာနှင့်ပေနှင့် ရင်းနှီးခဲ့သော ကျွန်တော်ကလည်း ဘဝမှာ ငါဖတ်ခဲ့တဲ့စာတွေ အသိတွေကိုမှ မသိရင်… ငါ့သားလေးတော့ အနိုမ်ခံရတော့မှာပဲဟု… ဆုံးဖြတ်ကာ သူ့ကို စာတွေပေးဖတ်ဖို့ ကြိုတင်စဉ်းစားနေသည်။ ကဲ…။

တကယ်တော့ စာပေသည် ကလေးတစ်ယောက်ဘဝမှာရော ကလေးမှ လူကြီးဖြစ်လာမည့် လူကြီးတစ်ယောက်ဘဝမှာရော မရှိမဖြစ် လိုအပ်သောအရာသာ ဖြစ်ပါသည်။ သို့သော် စာအုပ်တွေကို မဖတ်မဖြစ် ဖတ်ရမည်ဟု ကျွန်တော် အမိန့်ပေး၍မရ။ ကျွန်တော် ရှယ်တူယောကျ်ားကလေးတစ်ယောက်ကိုတွေ့လျှင် ကြောက်သလို ကျွန်တော့်သား စာအုပ်တွေကို တွေ့လျှင် ကြောက်မသွားဖို့ကို ကျွန်တော် ကြိုးစားနိုင်ရမည်။

“ရန်ဖြစ်တာ အလကားပါကွာ” ဟု ကျွန်တော့်ယုံကြည်ချက်သည် ယနေ့အထိ (ကျွန်တော့်အတွက်) မှန်နေခဲ့သည်။ “စာဖတ်တာ အလကားပါကွာ” ဟု ကျွန်တော့်သားများ ယုံကြည်သွားလျှင်…

ကျွန်တော့်သူငယ်ချင်းဖြစ်သော ဒီဇိုင်းဆွဲပြီး ပန်းချီဆရာဟု အမြဲပြောတတ်သည့် မျိုးဆွေသန်း (ဒါရိုက်တာတွေ ဘာတွေလည်းလုပ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်သူတော့ ရိုက်ကူးသူဟု ကြေညာသည်) နှင့် မတင်ဇာမော်တို့က လည်း သားယောကျ်ားလေးမွေးသည်။ ကျွန်တော့်ထက် (၁၀) ရက်ခန့် စော၏။ ဟာသသရုပ်ဆောင် ကိုအရိုင်းကလည်း သမီးမိန်းကလေးမွေး သည်ဟု ကြားရပါသည်။ မင်းသားကိုလွင်မိုးကလည်း ရှေ့လ (စက်တင် ဘာလ) တွင် သမီးမိန်းကလေး ထပ်မွေးမည်ဟု ကြားသိရ၏။ ဝမ်းသာ ပါသည်။

မျိုးဆွေသန်းနှင့် မတင်ဇာမော်တို့သားကလည်း ပန်းချီဆရာ၊ ဒီဇိုင်း ဆရာ၊ အဆိုတော် တစ်ခုခုဖြစ်လာမလား ကျွန်တော်မသိ။ ကိုအရိုင်း၏ သမီးကလည်း အငြိမ့်မင်းသမီး၊ ဟာသသရုပ်ဆောင် တစ်ခုခု ဖြစ်လာ မလား ကျွန်တော်မသိ။ လွင်မိုးနှင့် မမေသူတို့သမီးနှစ်ယောက် (တစ် ယောက်က မမွေးရသေး) ကလည်း ရုပ်ရှင်မင်းသမီးနှင့် သတင်းကြေညာသူ တစ်ခုခုဖြစ်လာမလား ကျွန်တော်မသိ။ ကျွန်တော့်ကောင်ကလည်း စာရေး ဆရာ၊ ဇာတ်ညွှန်းရေးဆရာ တစ်ခုခုဖြစ်လာမလား ကျွန်တော်မသိပါ။

ကျွန်တော်တို့အားလုံး၏ကလေးတွေမှာ သူတို့နှင့် ပတ်သက်သော ကံကြမ္မာစာအုပ်ကလေး တစ်အုပ်စီကတော့ ပါလာကြပြီးသားဖြစ်၏။ တလောက ကိုမျိုးမင်း (မောင်မျိုးမင်း) ရိုက်ပြီး ရုံတင်သောကားလို ပြော ရမည်ဆိုလျှင် “မိဘဆိုတာ သားသမီးရဲ့ကံကြမ္မာစာအုပ်ကို တစ်နေ့ချင်း ဖတ်ခွင့်ရသူပါပဲ...” ဟု ပြောရမလို ဖြစ်နေသည်။

ကျွန်တော်လည်း... ကျွန်တော့်ကံကြမ္မာစာအုပ်အတိုင်း တွေ့သင့်သူ တို့နှင့်တွေ့ကာ လုပ်သင့်တာတွေ လုပ်ချင်တာတွေ လုပ်ခဲ့ရ၏။ အဖေ ဖြစ်ချင်တာလည်း မဖြစ်ခဲ့။ အမေဖြစ်ချင်တာလည်း မဖြစ်ခဲ့ပါ။ (ကျွန်တော့် အမေကတော့ ကျွန်တော့်ကို အရာရှိတစ်ယောက် ဖြစ်စေချင်ခဲ့ဖူးသည်။





တော်တော်လွဲတဲ့ အမေပါပဲ။ အဖေကတော့ မသိ၊ ဒီနေ့အထိလည်း ဘာ တစ်ခွန်းမှ မပြောခဲ့။) ကျွန်တော်က ကံကြမ္မာကို ယုံကြည်သော ထေရ်ဝါဒ ဗုဒ္ဓဘာသာစစ်စစ်တစ်ဦး ဖြစ်ပါသည်။

သို့သော်... (E.Q) တွေ (I.T) တွေနှင့် ရှုပ်ယှက်ခတ်နေသော ဒီ ခေတ်ကြီးထဲမှာ “နင့်ကံနဲ့နင်ဟဲ့...” ဆိုပြီး ပစ်ချထားလောက်အောင်လည်း ကျွန်တော့်ကလေးအပေါ် မမိုက်မဲသင့်ပါ။ အနုပညာကို ခံစားနားလည် ခြင်းနှင့် စာဖတ်ခြင်းသည်တော့ မည်သူ၏ကလေးအတွက်ပင် ဖြစ်စေ ဆုံးရှုံးစရာမမြင်ဟု ကျွန်တော်ယူဆပါသည်။ သို့သော်... ကျွန်တော်တို့ ကလေးတွေက အနုပညာဆိုတာကို မကြောက်ဖို့... စာဖတ်ခြင်းဆိုတာကို မလန့်ဖို့တော့ ကျွန်တော်တို့ ကြိုးစားရပါမည်။ ကြိုးစားဖို့လည်း လိုသည်။

သို့သော် ဒီကလေးကို ‘ကျွန်တော်ငယ်စဉ်တုန်းကလို မဖြစ်စေချင်ပဲ ကျွန်တော်ကြီးတော့ ဖြစ်နေတာမျိုး ဖြစ်ရမည်’ ဟုတော့ ဆန္ဒမရှိတာလည်း အမှန်ပင်ဖြစ်ပါသည်။

ကိုလွင်မိုး... မမေသူနှင့် သူတို့သမီးကလေး ခေးခေး ပြန်သွား ကြပြီ။ ကျွန်တော့်ကောင်လည်း ကျွန်တော့်လက်ပေါ်မှာပင် အိပ်ကာသွား၏။ ကျွန်တော်တို့အခန်းကိုစောင့်သော ဆရာမ မဝါကတော့ “တော်တော် လည်တဲ့ကောင်...” ဟု ရက်သားပဲရှိသေးသောကလေးကို မှတ်ချက်ချသည်။ ကျွန်တော့်ကောင်ကို သူအိပ်နေကျပုခက်ပေါ်သို့ ကျွန်တော် အသာထည့် လိုက်သည်။ ဒီကောင်အိပ်နေဆဲ...။ ဘာသာရေးအရ ကျွန်တော်ယုံသမျှ ဆိုလျှင်တော့ ငါးရက်သားသာရသေးသော ဒီကောင်သည် ဘဝင်စိတ် ကလေးနှင့် နှပ်နေတာပဲဖြစ်ရမည်။

ဆရာမကြည်အေး၏ဝတ္ထုတစ်ပုဒ်ထဲမှ စာသားတစ်ခုကို အမှတ်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

'သားသမီးဆိုတာ မိဘပိုင်တဲ့ပစ္စည်းမဟုတ်ဘူး သားသမီးဆိုတာ မိဘက သူ့အလိုကို ပြုပြင်ပေးရုံပဲ...' ဟူ၍ ဖြစ်၏။ (စကားလုံးအတိအကျ မဟုတ်ပါ... ထိုသဘောတော့ဖြစ်၏။) ထိုအတွေးမှဆက်ကာ ဆရာမ မဂျူး၏ 'ကျွန်မ၏သစ်ပင်' ဆိုသော ဝတ္ထုကိုလည်း သတိရ၏။ အမှန်တော့ အမှန်ပါပဲလေ...။

"သားသမီးဆိုတာ မိဘရဲ့ရင်မှာ လာပေါက်ရတဲ့ သစ်ပင်ကလေး တစ်ပင်ပါ..."

အပွင့်ပွင့် အသီးသီးလို့ ရင်ခွင်ပေါ် ဖိတ်မကျတော့လည်း ဘာဖြစ်သလဲ။ ကျချင်ရာ ကျပစေပေါ့။ ဒီကောင်ကတော့ အသိဉာဏ်ရသည့် အချိန်မှစ၍ သူ့စာအုပ်ကိုသူ တစ်ရွက်ချင်းဖတ်တော့မည်။ ကျွန်တော်တို့က ခိုးပြီးဖတ်ရမည့်သူတွေလည်း ဖြစ်နိုင်သည်။ သူ့စာအုပ်မှာ အမှားတွေမရေးမိဖို့ ဝင်မပြောမိဖို့ပဲ ကျွန်တော်တို့ ထိန်းသိမ်းရတော့မည်။ ကျွန်တော်က... ဒီကောင့်ကံကြမ္မာစာအုပ်ကို မသိမသာရော သိသိသာသာပါ ခိုးဖတ်သူလည်း ဖြစ်သွားနိုင်၏။

ကျွန်တော် လှည့်ထွက်ခဲ့သည်။

ကျွန်တော့်မိန်းမကိုပင် နှုတ်မဆက်ခဲ့။ (နောက်နေ့မှာ Lady က စိတ်ဆိုး၏။)


ကျွန်တော် လမ်းမှာတွေးလာတာကတော့ ကလေးမွေးတယ်ဆိုတာ ကံအားဖြင့်ရော... ဉာဏ်အားဖြင့်ပါ မလွယ်ပါလား... ဆိုတာပဲဖြစ်သည်။

✤






# ကျွန်တော်နှင့် မိန်းမ၏အလှအပများ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





ကျွန်တော်သည် အလှအပနှင့် ပတ်သက်၍ တော်တော်ညံ့ပြီး အားနည်းသောလူတစ်ယောက် ဖြစ်ပါသည်။ သို့သော် ကျွန်တော်သည် အလှအပကို ချစ်မြတ်နိုးစွာခံစားတတ်သူတစ်ဦးလည်း ဖြစ်လေသည်။

ကျွန်တော့်စကားသည် ရှုပ်ထွေးသွားနိုင်စရာရှိသော်လည်း ထိုအတိုင်းပင် ကျွန်တော် တကယ်ဖြစ်ခဲ့ပါသည်။ အလှအပနှင့် ပတ်သက်၍ ကျွန်တော် တော်တော်ညံ့သည်ဆိုခြင်းမှာ ကျွန်တော့်ကုသိုလ်ကံသည် ခန္ဓာကိုယ်ပေါ်မှာ အလှအပဆိုတာကို နည်းနည်းကလေးမှ ပြခွင့်ရရန်အတွက် ပါမလာခဲ့ခြင်းကို ဆိုလိုပါသည်။ အလှအပအတွက် ကုသိုလ်ကံမပါသလို မလှပခြင်းအတွက်လည်း အကုသိုလ်ကံပါပါဟန်မတူဟု ကျွန်တော် ထင်ပါသည်။ ကျွန်တော်သည် မလှသော်လည်း အကြီးအကျယ် ရုပ်မဆိုးသူတစ်ယောက်ဟု မိမိကိုယ်မိမိ ထင်ပါသည်။





အရပ်ပုပြီး အကောင်သေးသည့်အတွက် ငယ်စဉ် လူပျိုဖော်ဝင်စဉ်က ဘဝနှင့်ထပ်ပြီး သေလုမျှောပါး စိတ်ညစ်ခဲ့ရဖူးသော်လည်း တက္ကသိုလ်ရောက်တော့ အတော်အတန်သက်သာ ရသည်။

"မနေ့ကတွေ့တာ ရှင်မဟုတ်လား။ အရပ်ပုပု အကောင်သေးသေး ဆိုတော့ ချက်ချင်းမှတ်မိတယ်"

ထိုစကားကြောင့် ငွေအကုန်ခံပြီး ကိုယ့်ကို လူများသိရအောင် တစ်ခါတည်းမှတ်မိသွားအောင် လုပ်နေကြသူများကို ကျော်တက်နိုင်ခဲ့သဖြင့် ကျွန်တော် တော်တော်ကျေနပ်မိခဲ့သည်။ ထို့ကြောင့် ကျွန်တော်သည် မလှသော်လည်း ရုပ်အကြီးအကျယ်မဆိုးသူတစ်ယောက်ဟု သတ်မှတ်၏။ (ကိုယ့်ကိုယ်ကိုယ် သတ်မှတ်ရတာဆိုတော့ ကန့်ကွက်သူမရှိ အဆင်ပြေသွားပါသည်)

ကျွန်တော်သည် အလှအပနှင့်ပတ်သက်ပြီး အားနည်းသူတစ်ယောက် ဖြစ်ပါသေးသည်။

ကျွန်တော် ရေမွှေး ဘယ်တော့မှ မဆွတ်တတ်ခဲ့ဖူးပါ။ ရေမွှေးဆွတ်ပြီးလျှင် သွားရ လာရတာ မလွတ်လပ်ဟု ကျွန်တော်ထင်သည်။ ကိုယ့်ရေမွှေးရနံ့ ကိုယ်ရကာ တစ်ဦးဦးနှင့် ရပ်စကားပြောလျှင် ထိုလူ ကိုယ့်ရေမွှေးအနံ့ကို ရနေမှာပဲဟု မလုံမခြုံစွာ စိတ်ကခံစားပြီး သူ့ကိုအားနာ၊ ကိုယ့်ကိုယ်ကိုယ်ရှက်ကာ တော်တော်ဒုက္ခရောက်ရသဖြင့် ရေမွှေးကို ကျွန်တော် မနှစ်သက်ဘဲ မဆွတ်တတ်ခဲ့ခြင်းဖြစ်ပါသည်။ ဒါပေမဲ့ တခြားတစ်ယောက် ရေမွှေးဆွတ်လာလျှင်တော့ အနံ့သင်းသင်းကလေးရနေလျှင် သဘောကျတတ်ပါသည်။ မိန်းကလေးဆိုလျှင် ပိုသဘောကျတတ်၏။

ကျွန်တော် ဘယ်ခေါင်းလိမ်းဆီမှ မလိမ်းတတ်ပါ။ အုန်းဆီမှ အစ

www.burmeseclassic.com



ခေါင်းလိမ်းဆီဆိုလျှင် ကျွန်တော် ကြောက်တတ်ပါသည်။ ကိုယ့်ခေါင်းကိုပင်ပြန်ကိုင်ကြည့်၍ စိုထိုင်းထိုင်းဖြစ်နေလျှင် ကျွန်တော်မနေတတ်။ ဆံပင်လည်း သိပ်ဖြီးလေ့ဖြီးထ မရှိသဖြင့် ဒီအတိုင်း လမ်းထွက်၊ ကားဖြတ်သွားလို့ တိုက်သည့်လေပဲဖြစ်ဖြစ်၊ ရာသီကြောင့် တိုက်သည့် လေပဲ ဖြစ်ဖြစ် ကျွန်တော့်ဆံပင်တွေ ခုန်ထသွားလျှင် ကျွန်တော် ကျေနပ်နေတတ်သည်။ နောက်ရောဂါတစ်ခုက ခေါင်းလိမ်းဆီထည့်လျှင် ကျွန်တော် ခေါင်းကိုက်တတ်ပါသည်။

မိတ်ကပ်ကတော့ ငါနှင့် ဘာမှမဆိုင် (ယောကျ်ားလေးများနှင့်)ဟု သတ်မှတ်ထားရာမှ တက္ကသိုလ်ရောက်တော့ မိတ်ကပ်ခပ်ပါးပါး အမြဲလိမ်းတဲ့ ယောကျ်ားတွေကို တွေ့ရတော့ သြော်... ငါဟာ မိတ်ကပ်လည်း မကြိုက်တဲ့ ကောင်ပါလားဟု ကိုယ့်ကိုယ်ကိုယ် သိလာခဲ့သည်။

ထိုသို့ အလှမကြိုက်ရခြင်းမှာ ကျွန်တော့်စိတ်ထဲတွင် ဘယ်အားနည်းချက်၊ ဘယ်ခံစားမှု စိတ်ပိုင်းဆိုင်ရာကြောင့် ဖြစ်လာမှန်း မသိသော ခံစားမှုတစ်ခုကြောင့်ဖြစ်သည်။ ထိုခံစားမှုမှာ အရေးကြီးသောလူ၊ မိန်းကလေးတစ်ယောက် အရေးကြီးသည့်ကိစ္စမျိုးဖြင့် လူတွေကို သွားတွေ့ရစကားပြောရတော့မည်ဆိုလျှင် ကိုယ့်ကိုယ်ကိုယ် သပ်သပ်ရပ်ရပ်လုပ်သွားခြင်းသည် မရိုးသားဟူသောအမြင်ပင် ဖြစ်သည်။ သူ့ကိုဖားတာ၊ ဂရုစိုက်တာ၊ သူ့ကို လိမ်ညာတာဟု ကျွန်တော့်ကိုယ်ကျွန်တော် မြင်နေမိတတ်သည်။ အထူးသဖြင့် မိန်းကလေးများနှင့်ပတ်သက်လျှင် ပို၍ ဆိုးမည်။ ထို့ထက် အထူးသဖြင့် ကျွန်တော့်စိတ်ထဲက ကျိတ်ကြိုက်နေသော မိန်းကလေးများနှင့်ဆိုလျှင် သာ၍ဆိုးသည်။

ကျွန်တော့်ဆီမှာကလည်း အင်္ကျီ လုံချည် သိပ်၍မရှိ။ ရှိသည့်





တစ်ထည်နှစ်ထည်ကိုလည်း ထိုခံစားမှုကြောင့် မဝတ်ရဲသဖြင့် ကျွန်တော့်ထုံးစံအတိုင်း ဒုံရင်းနှင့်ပင် ယခင်က လှုပ်ရှားလှုပ်ရှားခဲ့သည်။ ကံကောင်းသဖြင့် အူကြောင်ကြောင်တစ်ယောက်တော့ ရခဲ့၏။ သူ့ကို ကျွန်တော် လက်ထပ်ခဲ့သည့်အထဲတွင် ငါလိုကောင်မျိုးကို ကြိုက်တာ တော်တော်အူကြောင်ကြောင်နိုင်တာပဲ ဆိုတာလည်း အဓိကပါလေသည်။ သို့သော် ကျွန်တော်သည် အလှအပကိုတော့မြတ်နိုးသူ ဖြစ်ပါသည်။

ကျွန်တော်ကလွဲလျှင် တခြားလူတွေဆင်ထားသော အလှအပကိုတော့ တော်တော်သဘောကျ မြတ်နိုးတတ်သည်။ သို့သော် မိန်းကလေးတစ်ယောက်၊ လူတစ်ယောက်သည် ဆံပင်ပုံစံကြောင့် လှနေတာလား၊ အဝတ်အစားကြောင့်လား၊ မိတ်ကပ်ကြောင့်လားဆိုတာကိုတော့ ကျွန်တော်မခွဲတတ်။ သူတို့ဝတ်သောထဘီ အင်္ကျီပုံစံတွေကိုလည်း ကျွန်တော်မသိ။ နာမည်လည်း မခေါ်တတ်၊ ပုံစံကိုလည်း ပြောမပြတတ်။ ကျွန်တော့်မျက်စိထဲမှာ လှသည်ဟုထင်လျှင် ကျွန်တော် နှစ်သက်မြတ်နိုးသည် ဒါပဲသိသည်။

ထိုသို့ဖြစ်ရခြင်းမှာ ကျွန်တော့်မွေးချင်းထဲတွင် မိန်းကလေးမပါခြင်းကြောင့် ဖြစ်နိုင်ပါသည်။ ကျွန်တော်ငယ်စဉ်ကတည်းက ကြီးပြင်းလာရသောပတ်ဝန်းကျင်တွင် မိန်းကလေးအသုံးအဆောင်ပစ္စည်းများနှင့် ကျွန်တော် အတော်ဝေးခဲ့ပါသည်။ သူငယ်ချင်း မိန်းကလေးတစ်ယောက်အိမ်ကို သူခိုးခိုးသွားတုန်းက ကျွန်တော် အတော်ဒုက္ခရောက်ခဲ့ရဖူးသည်။ သူ၏ သူ့အဝတ်အစားတွေ တော်တော်များများပါသွားကြောင်း ညည်းသည်။

“ငါ တစ်နေ့ကဝတ်ခဲ့တဲ့အင်္ကျီလေ၊ ကွက်စိပ်ကလေး လက်စကလည်ပင်းဆယ်ပြားစေ့ပုံနဲ့လေဟာ”

ကျွန်တော်မသိပါ။ သူ့ကို အူကြောင်ကြောင်နှင့် ငေးကြည့်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရဲဝင်းကလည်း... ကြောင်ခြစ်ထဘီလေးနဲ့ ဝတ်တဲ့နေ့ကလေ"

ပို၍ ဝေးသွားပါသည်။ ကျွန်တော် ကြောင်ခြစ်ရော ခွေးခြစ်ရော မသိပါ။

"ဒုက္ခပဲ... နင်ကလည်း ဆံပင်ကလေးကို ကြက်တောင်စည်းလာတဲ့နေ့က"

ကျွန်တော်ကြိုးစားပြီး မှတ်မိချင်ယောင်ဆောင်ပါသည်။ သို့သော် ကျွန်တော်မမှတ်မိကြောင်း ထိုသူငယ်ချင်းသိသာနေသဖြင့် ကျွန်တော့်ကို ဆက်မပြောတော့။ မကျေမနပ်နှင့် ထွက်သွားပါသည်။ သူ စိတ်မကောင်းဖြစ်နေချိန်မှာ ကျွန်တော် အားမပေးနိုင်ခဲ့သဖြင့် စိတ်မကောင်းမိ။ ကျွန်တော် အားနာပြီး ပြောပြတော့ နောက်သူငယ်ချင်းမိန်းကလေးက မဲ့ရွဲ့ကာ ပြောသည်။

"အလကား... အဲဒီကောင်မက သူခိုးအခိုးခံရတာ ခုတုံးလုပ်ပြီး သူ့မှာရှိတဲ့အင်္ကျီတွေ လိုက်ကြွားနေတာ၊ နင်မမှတ်မိတာ ကောင်းတယ်" တဲ့။

ဩော်... မိန်းကလေးဆိုတာ အဲဒါမျိုးပါလားလို့ ကျွန်တော် ပညာယူရ၏။ နောက်ကျတော့ သူငယ်ချင်းတွေ အင်္ကျီဝတ်လာတိုင်း အမြဲတမ်းမေးရသည်။ ဒါ ဘာအစလဲ၊ ဘာပုံလဲပေါ့။ သူတို့က ဘာဖြစ်လို့လဲဟု ကျွန်တော့်ကို ပြန်မေးကြ၏။

"နင်တို့အိမ် သူခိုးခိုးရင် ငါ ဝမ်းနည်းလို့ရအောင် မှတ်ထားတာ"

ဒီတော့လည်း ကျွန်တော် အဆဲခံရပြန်သည်။

ထိုသို့ အလုအပကိုညံ့ပြီး တော်တော်အားနည်းသော ကျွန်တော်သည် ထုံးစံအတိုင်း အိမ်ထောင်ကျခဲ့ပါသည်။ ထိုထုံးစံအတိုင်းသည် တော်





တော်စိတ်ဝင်စားဖို့ကောင်းသော ထုံးစံအတိုင်းသာ ဖြစ်ပါသည်။

"သူရဲမတောင် ၁၆ နှစ်မှာ လှတယ်" ဟူသော စပိန်စကားပုံအတိုင်း ဆိုလျှင် ကျွန်တော်ယူခဲ့သော မိန်းမသည် သူ့ကိုယ်သူ လှသည်ဟု ထင်ထားတာ ၄ နှစ်နီးပါးရှိသည့် မိန်းကလေးတစ်ယောက်သာဖြစ်၏။ ငယ်သော် လှ၏။ Small is Beautiful ဆိုသော်လည်း ကျွန်တော်ရသော မိန်းမကို ကျွန်တော် သိပ်လှသည်ဟု မထင်ပါ။ သူက ကျွန်တော့်ကို လှပအောင်ကြံဖန်တော့ ကြိုးစားကျေနပ်စေခဲ့လိမ့်ဦးမည်ဟု ကျွန်တော် ထင်ပါသည်။ သို့သော် သူ့ကို ရည်းစားဖြစ်တုန်းက လှသည်ဟု ကျွန်တော် တစ်ခါမှမထင်ခဲ့ဖူးတာ အမှန်ပင်ဖြစ်သည်။ လှလှ မလှလှ သူ့ကို ကျွန်တော်ယူမည်ဟု ဆုံးဖြတ်ထားသည့် ဆုံးဖြတ်ချက်လည်း မပျက်ခဲ့ပါ။ သို့သော် ကံကောင်းတာက ရည်းစားဘဝတုန်းက သူ့ကို ကျွန်တော် သိပ်လှတာပဲဟုသော် လည်းကောင်း၊ လှလည်း မလှဘူးဟုသော် လည်းကောင်း တစ်ကြိမ်မှ မပြောခဲ့ဖူးခြင်းသာ ဖြစ်ပါသည်။

စာရေးဆရာ မိန်းမရတော့ ပထမဦးဆုံး သူ့ကိုလုပ်ခိုင်းသောအလုပ်မှာ ငါ့စာအုပ်စင်ပေါ်က စာအုပ်တွေ ကြိုက်တဲ့စာအုပ်ဖတ် ဆိုတာပဲ ဖြစ်သည်။ သူကလည်း ဖတ်ရှာပါသည်။ တော်တော်ဖတ်ပြီးသည်အထိ သူ ဘာမှ မထူးခြားပါ။ ကျွန်တော်ရေးခဲ့တဲ့ ဝတ္ထုတိုတွေ စုထားတာ ပေးဖတ်တော့ သူက ဝတ္ထုစုထားပြီး ချုပ်ထားတာလေးက ခေါင်းအုံးနားလန်းကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေခဲ့တာကို ဝမ်းသာစရာ တွေ့ရ၏။ ဘာပဲဖြစ်ဖြစ် အိပ်သွားအောင်တော့ စွမ်းဆောင်နိုင်တယ်ပေါ့လေ။ မိန်းမတွေဟာ မအိပ်ခင် သိပ်စကားများတာ မဟုတ်လား။

အဲဒီ ကျွန်တော့်မိန်းမက ရပြီး ၃ လလောက်ကြာတော့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ကို တိုင်ပင်လာသည်။

"မောင်... ဒီမှာကြည့်စမ်း"

ထိုစကားနှင့် စပြီး ပိတ်စ၊ မိတ်ကပ်၊ ကြိုးဆွဲနှုတ်ခမ်းနီ၊ အင်္ကျီပုံစံနှင့် ဆံပင်အကြောင်းတွေ တတွတ်တွတ်ပြောသည်။ သူပြောသမျှလည်း ကျွန်တော် တစ်ခုမှ နားမလည်။ သို့သော်လည်း နားမလည်ဘူး မသိဘူးဆိုရင် ဟိုးအရင်က ကိစ္စမရှိပေမယ့် အခုတော့ ကိစ္စ တော်တော်များများ ရှိသွားနိုင်သဖြင့် အီး... အဲ... ဟုတ်လား... ကောင်းသားပဲ... မှတ်မိတယ်... လိုက်တယ် လုပ်ရ၏။

တစ်နေ့ မြို့ထဲသွားမည်လုပ်တော့ သူက အင်္ကျီတစ်ထည် ဝတ်သည်။ ထိုအင်္ကျီက သူနှင့် မလိုက်။ ချစ်စရာမကောင်း။ ဒါနဲ့ ကျွန်တော်က ဒီအင်္ကျီမဝတ်ဖို့နှင့် နောက်တစ်ထည်လဲဖို့ ပြောရသည်။ သူ့ဘာသာ လှတယ်ပြောပြော၊ အေးလူတွေ လှလှ မလှလှ ကျွန်တော်ကြည့်မရသောကြောင့် ဖြစ်၏။ သူက လုံးဝမလဲဘဲ တင်းခံသည်။ ကျွန်တော် အတင်းပြောတော့ ကျွန်တော့်ကို ပြန်ရန်တွေ့သည်။

"မောင်ပဲ အဲဒီပုံစံဆိုတော့ အင်း... ဆို အဲဒါ မောင်ပေးဖတ်တဲ့ စာအုပ်ထဲက ဒီဇိုင်းပဲ။ မောင်ပဲ အင်း... ဆို ကောင်းသားပဲဆို..."

ကျွန်တော် တော်တော်စဉ်းစားရကျပ်သွားတာကို ဝန်ခံပါသည်။ ဘယ်တုန်းက ကောင်းသားပဲ ပြောမိပြီး သူ ဘယ်စာအုပ်ကို ကိုးကားပြီး ပြောမှန်းလည်း မသိ။ သိပ်စကားမများချင်တာနှင့်ပဲ သူ့ကို ဘာမှ မပြောဘဲ ဝတ်ဖို့ သဘောတူလိုက်ရ၏။

နောက်တော့ သူက တစ်ဆင့်တက်လာခဲ့သည်။

ဆံပင်ကို ဟိုပုံစံထားမည်။ အင်္ကျီလက်ကို စာအုပ်ထဲကပုံ ချုပ်မည်။





မိတ်ကပ်က ဟိုစာအုပ်ထဲက ညွှန်းထားတာ ကောင်းသည်။ နှုတ်ခမ်းနီကို ဟိုစာအုပ်ထဲက ဆိုင်မှာ ဝယ်မည်။ လက်ကိုင်အိတ်တွေ ဟိုစာအုပ်ထဲက ပါတဲ့ လိပ်စာဆိုင်မှာ ဝယ်မည်။

ဘုရား... တော်တော်ခေါင်းကြီးသွားပြီး ကျွန်တော် ပြန်မေးရသည်။

"မင်းညွှန်းနေတဲ့စာအုပ်တွေက ဘယ်စာအုပ်တွေလဲ၊ ဘယ်မှာဖတ်ခဲ့တဲ့ စာအုပ်တွေလဲ"

"ဟင်... မောင့်စင်ပေါ်ကပဲ ဖတ်တာလေ၊ သရဖူတို့ Life Style တို့ Fashion Image တို့ထဲကလေ။ မောင်ပဲ ကြိုက်တဲ့စာအုပ်ကို ဖတ်ဆို။ အဲဒီထဲကပဲလေ။ အခုပြောနေတာ မောင်ကြိုက်တဲ့ Cindy Crawford ဝတ်တဲ့ လည်ပင်းပုံစံနဲ့ အကိုက်ပဲလေ"

ဘာပဲဖြစ်ဖြစ် မိန်းကလေးဆိုတာ ကြိုက်ရာရွေးတဲ့အထဲမှာ နံပါတ်တစ်သတ္တဝါပါပဲ။ ကျွန်တော် ဘာမှ ပြန်မပြောတော့ပါဘူး။ အခုတော့ သူနဲ့လိုက်ဖက်တာတွေ ရွေးပေးနိုင်အောင်လို့ ကျွန်တော် အလှအပတွေကို သတိထားနေရပါသည်ခင်ဗျား။


✣



www.burmeseclassic.com

www.burmeseclassic.com





# မိန်းမနှင့် ဈေးဝယ်သွားခြင်း

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





ငှက်ကလေးတွေအော်သံ၊ ကားစက်သံတိုးတိုး၊ လူတွေစကားပြောသံ သဲ့သဲ့ဖြင့် ရှိနေသော မနက်ခင်းတွင် ကျွန်တော် အိပ်ရာမှ နိုးလာခဲ့သည်။

အိပ်ရာမှနိုးနိုးချင်း သိသောအသိမှာ ရေအလွန်ငတ်ခြင်းနှင့် မျက်နှာသစ်ချင်ခြင်းတို့ပင် ဖြစ်သည်။ ထို့ကြောင့် ခြင်ထောင်ထဲမှ လက်ထွက်ကာ စမ်းကြည့်တော့ ရှိနေကျနေရာမှာ ရေသန့်ဘူးကိုတွေ့ရသဖြင့် ဆွဲယူကာ မျက်စိမှိတ်ထားရင်း အိပ်လျက်နှင့်ပင် ရေကို တဂွတ်ဂွတ်မြည်အောင် အားရပါးရသောက်ရသည်။ ကျွန်တော်သည် အိပ်ရာမှမထဘဲ လှဲလျက်နှင့်ပင် ရေသန့်ဘူးထဲမှ ရေကို မဖိတ်မစင် မသီးရအောင် သောက်တတ်သောအစွမ်း ရှိလေသည်။ (ထိုကိစ္စမှာ ပါရမီမဟုတ်၊ ကျင့်လျှင် ရ၏။ တာရာမင်းဝေကလည်း ထိုသို့သောက်နိုင်သည်ဟု သိရသည်)

ရေငတ်ပြေသွားသောအရသာက တစ်ကိုယ်လုံးကို ကျေနပ်စေ၏။





ထို့ကြောင့် မျက်စိကို ဆက်မှိတ်ထားရင်း အိပ်ရာနိုးစ လေးနေသောခန္ဓာကိုယ်နှင့် အိပ်ရာ၏ထိတွေ့မှုကို အရသာယူကာ နှပ်နေလိုက်သည်။ ထိုသို့ ပြန်လည်ဇိမ်ယူရင်း ပြန်အိပ်ပျော်သွားတတ်သော မနက်ခင်းများလည်း ကျွန်တော့်တွင် မနည်းမနောရှိ၏။

ကျွန်တော် ဇိမ်ပြန်ယူရင်း ညက မိန်းမကို မအိပ်ခင်ပြောခဲ့သော စကားများကို ပြန်အမှတ်ရကာ တွေးနေမိသည်။ ကျွန်တော်သည် ကျွန်တော် ကျင်လည်လှုပ်ရှားရသော ပတ်ဝန်းကျင်မှာ မည်မျှ လျှင်မြန်ပါးနပ်ရသည်။ ချက်ဆို နားခွက်က မီးတောက်ရသည်။ မည်သည့်အရိပ်အကဲ မည်သည့် ပတ်ဝန်းကျင်ကို ဘယ်လိုရင်ဆိုင်နေထိုင်ရမည်ဆိုတာကို ချက်ချင်း တတ်သိနားလည်ရသည်။ စကားချိုသာခြင်းနှင့် ပြတ်သားတိကျရခြင်းကို ဘယ်လိုသဘောပေါက်ရသည်။ အစရှိသည်တို့ကို ပြောပြ သွန်သင်ဆုံးမခဲ့၏။ နံဘေးက မိန်းမကတော့ ဘာတစ်ခွန်းမှ ပြန်မပြောခဲ့။ ဆင်တစ်ကောင်၏ မျက်လုံးမျိုးနှင့်တူသော သူ့မျက်လုံးကလေးကို ပုတ်ခတ် ပုတ်ခတ်လုပ်ကာ ငြိမ်သက်စွာ နားထောင်နေခဲ့တာ မှတ်မိသည်။ အခုတော့ ကျွန်တော့် နံဘေးမှာ သူမရှိတော့။

ကျွန်တော် ဇိမ်ယူနေသော နံနက်ခင်းသည် အအေးဓာတ်လျော့ကာ တစ်စစ ပိုပူပြင်းလာပြီး ဆူညံသံတွေကလည်း ပိုများလာ၏။ ကျွန်တော် ဆက်အိပ်၍ ရတော့မည်မထင်။ ရေအေးအေးကလေးနှင့် မျက်နှာ ဇက်ကြော တို့ကို ထိတွေ့ချင်စိတ်က ခန္ဓာကိုယ်ထဲတွင် တိုးဝှေ့နေသဖြင့် ကျွန်တော် အိပ်ရာက ထခဲ့သည်။ အိပ်ရေးလည်းဝနေသဖြင့် ထူးဆန်းစွာ ပေါ့ဆောစီးစီး နိုးထခဲ့ရသော မနက်ခင်းကလေးတစ်ခုသာ ဖြစ်သည်။ အိပ်ခန်းမှ အိမ်ရှေ့သို့ထွက်တော့ မီးဖိုခန်းထဲမှာ ကျွန်တော့်ဇနီးကို ပြုံးခနဲတွေ့လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာနှင့်ရေ အားရပါးရ ထိတွေ့ပြီးတော့ ကျွန်တော် ပို၍ လန်းကာ ကြည်လင်သွားသည်။ ကျွန်တော်နှင့် ရက်ပေါင်းများစွာ ဝေးကွာခဲ့ရသောနံနက်ခင်းကလည်း နွေးထွေးသောနေရောင်ခြည် အော်သံပျော်သံတွေနှင့် ပြည့်ကာနေသည်။ မျက်နှာကို ရေတဖွားဖွား သစ်ရင်း ဒီလိုနံနက်ခင်းမှာ ငါ ဘာလုပ်ရရင် ကောင်းမလဲဟု တွေးနေမိသည်။

မျက်နှာပေါ်က ရေစိုသည့်အရသာကို ခံစားနေစဉ် မိန်းမက တဘက်ကို လှမ်းကာပေးပြီး အိမ်ထဲပြန်ဝင်ကာ သွား၏။ မျက်နှာမှ ရေကို ချက်ချင်းမသုတ်သေးဘဲ အအေးခံကာ သစ်ရွက်များကြားထဲမှာ ဖြာကျနေသောနေရောင်ကို ငေးကာ ကြည့်နေမိသည်။

"ဈေးကို လိုက်မှာလား"

နောက်မှ ရုတ်တရက်အမေးကြောင့် ကျွန်တော် လန့်ကာသွား၏။ လှည့်ကြည့်တော့ ညာဘက်လက်တွင် ဆွဲခြင်းကို ဆုပ်ကိုင်လျက် ဘယ်ဘက်လက်တွင် ပိုက်ဆံအိတ်ကို ခပ်တင်းတင်းဆုပ်ကိုင်ကာ ဂျာမာန်စစ်သားတစ်ယောက်လို ခပ်တောင့်တောင့်ရပ်နေသော ခပ်ပိန်ပိန် ကျွန်တော့်မိန်းမပုံစံကိုကြည့်ကာ ရယ်ချင်သွား၏။

"ဈေးကို ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ဘူး လိုက်မလားလို့"

ကျွန်တော့်ခပ်မြူးမြူးအမေးကို မိန်းမက ခတ်ပြတ်ပြတ် ပြန်ကာဖြေ၏။ ပြီးတော့ "လိုက်ရင် မျက်နှာသုတ်" ပြောကာ ခြေတစ်လှမ်း လှမ်းကာ ထွက်သည်။ ကျွန်တော် သူနှင့် အိမ်ထောင်ကျပြီးကတည်းက တစ်ရက်မှ ဈေးသို့ မလိုက်ဖူးခဲ့။ ညတိုင်း စာရေး၊ မရေးလျှင် ဖတ်၊ မဖတ်လျှင် ဗီဒီယိုကြည့်နေတတ်သောကြောင့် သူ ဈေးကပြန်မှ ကျွန်တော် အိပ်ရာက



BURMESE CLASSIC .com



နိုးတတ်သည်။ ဒီနေ့တော့ စောစောစီးစီးနိုးနေကာ ဘာလုပ်ရမှန်း မသိတာက တစ်ကြောင်း၊ အနည်းငယ်ဆာနေသဖြင့် ဈေးထဲမှာ တစ်ခုခုစားဖို့ စိတ်ကူးတာတစ်ကြောင်းတို့ကြောင့် ဈေးထဲလိုက်ဖို့ ဆုံးဖြတ်လိုက်၏။

အိပ်ရေးဝဝအိပ်ထားကာ မျက်နှာသစ်ပြီးစ ကျွန်တော့်မျက်နှာမှာ နံနက်ခင်းလေအေးအေးကြောင့် ကမ္ဘာကြီးလောက် ပြည့်ဖောင်းနေသည်ဟု ထင်ရ၏။ လူကျပ်စပြုနေသော လိုင်းကားတွေ၊ နံနက်ခင်းဈေးသည်တွေ၊ သနပ်ခါးအဖွေးသား ထမင်းချိုင့်ကလေးတွေနှင့် ကောင်မလေးတွေ၊ စိုင်းထီးဆိုင်သီချင်းနှင့် လူစည်ကားနေသော လက်ဖက်ရည်ဆိုင်တွေကို ကြည့်ငေးကာ ကျွန်တော်အိပ်ပျော်နေခဲ့သည့် နံနက်ခင်းတွေတိုင်းမှာ လူတွေ ဒီလိုပဲ လှုပ်ရှားနေကြမှာပဲဟု တွေးမိ၏။

ကျွန်တော်တို့ စံပြဈေးသစ်ကြီးကို လမ်းလျှောက်သွားကြရသည်။ စံပြဈေးသို့မရောက်မီ ၃၈ ကားလေးဂိတ်နားတွင် သံလမ်းဈေးကလေးတစ်ခုကို ဖြတ်ရ၏။ ထိုဈေးကလေးအစပ်ကို ရောက်တော့ ရောင်းဝယ်စည်ကားနေသောဈေးသည်များနှင့် ဝယ်သူများကို တွေ့ရသည်။

"ဂန္ဓမာကြီးတွေ လတ်မှ လတ်၊ ညီမလေးရေ ပန်းဝယ်ဦးမလား ညီမ"

ဈေးသည်ကောင်မလေးတစ်ယောက်က ကျွန်တော့်မိန်းမကို ပြုံးပြကာ လှမ်းအော်သည်။ မိန်းမက လှည့်ပင်မကြည့်။

"ကလေး ပန်းဝယ်မလားတဲ့၊ ဟိုမှာ မေး..."

"ဒီကပန်းက ဈေးကြီးတယ်၊ မနေ့က ဂန္ဓမာတွေ ယူပြီးသား၊ ဘုရားစင်မှာ မတွေ့ဘူးလား တိတ်တိတ်နေ"

ကျွန်တော် တစ်ခါမှမကြားဖူးသော လေသံ၊ ခပ်ပြတ်ပြတ်တုံ့ပြန်



www.burmeseclassic.com

www.burmeseclassic.com



စကားတို့ကြောင့် ဒေါသဖြစ်သွားသော်လည်း မိန်းမက ဘောဘီဝဲယာကို ကြည့်ကာ လျှောက်သွားသဖြင့် ကျွန်တော် လူတစ်ယောက် နှစ်ယောက်အတိုး ခံရကာ နောက်မှာကျန်ခဲ့သည်။ အိမ်ထောင်ကျပြီးကတည်းက ကျွန်တော့်ကို ဒီလေသံနှင့် တစ်ခါမှ မပြောဖူးခဲ့သည့် မိန်းမ၊ ဒီနေ့မနက်ခင်းလည်း ဘာ ပြဿနာမှ မရှိ။ ဘယ်လိုဖြစ်တာလဲ။

သို့သော် ကြာကြာဒေါသထွက်နေ၍ မရ။ ရှေ့မှာ သံလမ်းတုံး တွေကို ခုန်ကျော်သွားနေသော သူ့နောက်သို့ မျက်ခြည်မပြတ်ရအောင် ကမန်းကတမ်းလိုက်ရ၏။

"ဟောဒီမှာ ငါးကြင်းတွေပေါ်တယ်လေ ပေါမှပေါ"

"ငါးပြေမတွေ လတ်မှလတ် အစ်မရေ"

"ကြက်သားတွေနော်... ကြိုက်တဲ့အခြမ်း ကောက်ကြည့်၊ ရေလွှတ် တွေ ရေလွှတ်"

"ပုစွန်တွေ ပေါမှပေါ အစ်မရေ၊ မလတ်ရင် ပိုက်ဆံမပေးနဲ့"

လူနှစ်ယောက်ရှောင်စာ လမ်းကလေးနံဘေးမှာ ကပ်အော်နေသော အသံတွေကြောင့် ကျွန်တော် သူ့လက်ကို ဆွဲရပြန်၏။

"ကလေး..."

ကျွန်တော် ဘာဆိုလိုသည်ကို သူ ပါးနပ်စွာ သိလေသည်။

"မလေးနဲ့... လာ... အဲဒါ ညကအကျန်တွေ"

သူက ကျွန်တော့်လက်ကို ဆက်ဆွဲကာ ရှေ့သို့သာ တိုး၍ သွား လေသည်။ ကျွန်တော်တို့ လူတိုးကြ ဇော့ကြရင်း သံလမ်းဈေးကလေးကို ကျော်ကာ ကားလမ်းမသို့ ရောက်သွား၏။ ကျွန်တော် နားတွေအူကာ လူ တွေ တိုးရဇော့ရသဖြင့် လန်းဆန်းသည့်စိတ်ပျောက်ကာ ငြီးစီစီပင် ဖြစ်ချင်





လာသည်။ မိန်းမခြင်းတောင်းထဲမှာ ဘာတစ်ခုမှ မရသေး။

စံပြဈေးမီးပွိုင့်ကိုရောက်တော့ ပိုက်ဆံအိတ်ကိုင်ထားသော လက် ကလေးတစ်ဖက် ကျွန်တော့်လက်မောင်းကြားထဲသို့ ရောက်ကာလာ၏။ ကားတွေရှုပ်၊ လူတွေရှုပ်နေသော မီးပွိုင့်မှာ ကျွန်တော်တို့က ခဏနေဦး ရပ် မြန်မြန်ကူး စသည်ဖြင့် လိုအပ်သလို ညွှန်ကြားရ၏။ တစ်ဖက်ပလက် ဖောင်းကိုရောက်၍ စံပြဈေးသစ်ကြီးကိုရောက်တော့ မိန်းမက ကိုင်ထား သောလက်ကို ဖြုတ်ကာပစ်လိုက်သည်။ လက်ပြင်ကျယ်ကျယ် ခါးကုန်းနေသော သူမခန္ဓာကိုယ်ကလည်း ဆတ်ခနဲ မတ်ကာသွား၏။ မျက်လုံးကျဉ်းကျဉ်း ကလေးတွေက အရောင်တောက်ကာလာသည်။ ကျွန်တော် တအံ့တဩ ကြည့်နေမိ၏။ သူမပုံစံက ရန်သူ့နယ်ထဲဝင်တော့မည့် စစ်သားတစ်ယောက် လို ဖြစ်နေသည်။

ဈေးရုံကြီးထဲကို လှမ်းဝင်လိုက်တော့ လူလေးငါးဆယ် စုပြုံအော် နေသော Audio သံကို စုပေါင်းကြားလိုက်ရသဖြင့် ကျွန်တော် လန့်ကာ သွား၏။ ပြီးတော့ ဝေ့ခနဲရိုက်လာသော အပုပ်ငွေ့နှင့် အနံ့အသက်။ ထိုအပုပ် လှိုင်းကြီးထဲ ကျွန်တော်တိုးဝင်ခဲ့ရသည်။ စပယ်ရနံ့၊ နှင်းဆီရနံ့၊ လရောင် ရနံ့နှင့် ပင်လယ်ရနံ့တွေကို စကားလုံးကောင်းကောင်းရှာကာ စာဖွဲ့တတ် သောကျွန်တော်၊ ဈေးရုံ၏ ရနံ့ကို ဘယ်လိုစာဖွဲ့ရမှန်း မသိ။ စကားလုံးရှာ၍ မတွေ့။

မိန်းမကြည့်သလိုပင် ဘောဘီဝဲယာကို ငေးတော့... နှုတ်သီးကလေး တွေထောင်ကာ ပက်လက်ကလေးလန်ကာ အပုံလိုက်လဲကျနေသော ကြက် ကိုယ်လုံးတီးကလေးတွေ (တချို့က ရင်ဘတ်တွေ ပွင့်ကာနေ၏) လောကဓံ ကိုကျော်ပေးကာ မှောက်လျက်ကလေးဖြစ်နေရှာသော ငါးရံ့တွေ၊ အပိုင်း

www.burmeseclassic.com



ပိုင်းအတစ်တစ် အခုတ်ခံထားရသော ငါးကြင်းတွေ၊ တောင်လိုပုံထားရာမှ လျှောကျနေသော ပုစွန်ကလေးတွေ၊ သစ်သားစည်ပိုင်းထဲက ဆယ်ချလိုက်သောငါးခူတွေ၊ အလေးနှင့် ခေါင်းကို အထုခံလိုက်ရသဖြင့် အမြီးတဆတ်ဆတ်တုန်နေသော ငါးကျီးတွေ။ ဒိုင်းခနဲ ခုတ်ချလိုက်သော စဥ့်တီတုံးပေါ်က နံရိုးဖွေးဖွေး၊ ခွာတစ်ဖက်နှင့် ချိတ်မှာလည်နေသော ဆိတ်ပေါင်တံကြီးနှင့် အရည်စက်စက်ကျနေသော ကလီစာတစ်တွဲ၊ ကျွန်တော် ခေါင်းတွေမူးကာလာ၏။

"ကလေး... မင်း ဘာဝယ်"

ကျွန်တော့်စကားမဆုံး မိန်းမက ဆွဲသဖြင့် ပါသွားပြန်၏။ ပြီးတော့ ငါးခြေမတွေထည့်ထားသော ဗန်းကလေးရှေ့မှာ ထိုင်ကာချသည်။ ငါးခြေမ တစ်ကောင်ကို ကောက်ကာ အသာ ပါးဟပ်ကို ဖြဲကြည့်၏။

"လတ်တယ် အစ်မရေ၊ အကောင်ကြီးတွေ ခုနှစ်ဆယ်ဈေး"

ကျွန်တော်သက်ပြင်းချကာ တခြားတိုးနေသူတွေကို ကြည့်နေတုန်း အဆွဲခံလိုက်ရသဖြင့် ပါသွား၏။ လှည့်ကြည့်တော့ ငါးသည်က သူ့ငါးတွေကို တစ်စုတစ်စည်းပြန်ဖြစ်အောင် လုပ်ကာနေ၏။ ဝယ်လိုက်ပါလားဟု ကျွန်တော်ပြောတော့ မလတ်ဘူးဟု ဖြေသံကို အော်သံ ခေါ်သံကြားထဲမှ ကြားရ၏။ ချိန်ခွင်ထဲမှ ပုစွန်များကို ခြင်းတောင်းထဲ ထည့်ပေးနေသော ပုစွန်သည်ရှေ့မှာ ရပ်ပြန်၏။

"ပုစွန်ကြော့ကြီးတွေ အထုပ်ကြီးတွေလေ... လာ... လာ"

"ဘယ်ဈေးလဲ အစ်မ"

"တစ်ရာငါးဆယ်"

ဆတ်ခနဲ ကျွန်တော်ပါသွားပြန်၏။ များတယ်... ဟူသော စကား





တစ်ခွန်းဖြင့် ကျွန်တော် ကျေနပ်လိုက်ရပါသည်။ ငါးဖယ်ခြစ်သည် ရှေ့မှာ ရပ်ကာ ခြစ်ထားသောငါးဖယ်ပုံထဲမှ နည်းနည်းယူကာ လက်ညှိုး လက်မ ဖြင့် မိန်းမက ခြေကာကြည့်၏။ ဘာမှမပြော ဆက်ထွက်သွားပြန်သည်။

"ဘာလဲဟ"

"ငါးရွှေခြစ်နဲ့ ရောထားတယ်၊ ဘာသိလို့လဲ တိတ်တိတ်နေ"

စိတ်ထဲမှာတော့ နည်းနည်း မကျေမနပ်ဖြစ်လာပြီဖြစ်သည်။ သို့သော် ကိုယ်မကျွမ်း နားမလည်သည့်ကိစ္စဖြစ်နေသည်က တစ်ကြောင်း၊ လူကြားထဲမှာ တိုးဝှေ့နေရသည်က တစ်ကြောင်းတို့ကြောင့် ဘာမှ မပြော ဖြစ်။ ရှေ့နည်းနည်းရောက်တော့ မိန်းမက ပုစွန်သည်ရှေ့မှာ ကုန်းကုန်း ကလေး ထိုင်ချပြန်၏။

"လတ်တယ် အစ်မ"

"ဘယ်ဈေးလဲ"

"ရှစ်ဆယ်"

"မလျှော့ဘူးလား"

"ဘယ်နှစ်ဆယ်သား ယူမှာလဲ"

"နှစ်ဆယ်သား"

"နှစ်ဆယ်သားဆိုရင်တော့ မလျှော့တော့ဘူး အစ်မ"

ဒီတစ်ခါလည်း ထကြွရဦးမည် ထင်ထားသော်လည်း မိန်းမက ပုစွန်တွေကို လက်ဖဝါးကလေးနှင့်သပ်ကာ ချိန်ခွင်ထဲ ထည့်သည်။ ပုစွန်သည်က နှစ်ဆယ်သားအလေးကို ထည့်၏။ ကျွန်တော် သက်ပြင်းချရ ပါသည်။ တစ်ပတ်ပြန်လျှောက်ရင်း ဆိတ်သားဆိုင်ရှေ့ကို ရောက်သည်။

"အဘက ဆိတ်သားမှ ကြိုက်တယ် ခဏ ဘယ်ဈေးလဲ"

www.burmeseclassic.com



"တစ်ရာ"

"နှစ်ဆယ်သားပေး"

ဆိတ်သားကုလားက သံချောင်းဖြင့်ခြစ်နေသော ဝါးပါးကလေးကို ကျွမ်းကျွမ်းကျင်ကျင် ကိုင်ကာ ဆိတ်သားတုံးကြီးကို ရှပ်ခနဲ ရှပ်ခနဲလှီးကာ ခုံပေါ်သို့ပစ်တင်သည်။ တစ်ယောက်က ချိတ်ထားသော ချိန်ခွင်ကြီးထဲ ပစ်ကာထည့်၏။ ကျွန်တော့်မိန်းမက ဖျတ်ခနဲ ရှေ့သို့တက်သည်။

"ခဏနေဦး အရွတ်တွေပါတယ်၊ အရွတ်တွေနဲ့ဆို မယူဘူး"

"ဟာ အစ်မနော်၊ အရွတ်မဟုတ်ဘူး အဆီပြင်ပါ၊ မပါပါဘူး"

"အဆီမဟုတ်ဘူး အရွတ်တွေ၊ ဒါဆို မယူတော့ဘူး"

မိန်းမက စကားဆက်မပြောတော့ဘဲ လှည့်ကာ ထွက်သွား၏။ ကျွန်တော်အားနာကာ ကုလားနှင့် မျက်နှာချင်းဆိုင်ရပ်ကာ ကျန်ခဲ့သည်။ ဘာလုပ်ရမှန်းမသိ၊ စိတ်ထဲမှာ အားနာကာနေ၏။

"အစ်မ အစ်မ ရတယ်နော်၊ မကြိုက်ရင် လဲပေးမယ် လာ"

ဆိတ်သားဆရာက ချိတ်ထားသောပေါင်တံကြီးကို လှည့်သည်။ ဆိတ်ခွာနှင့် မျက်နှာ မတိုက်မိရအောင် မနည်းရှောင်ရ၏။ မိန်းမက ကျွန်တော်ရှောင်လိုက်သော ဆိတ်ခွာကိုဖမ်းကိုင်ကာ "ဒီနားက အသားပေး" ဟု ပြောသည်။ ကုလားက ဘာမှမပြော ရှပ်ခနဲ လှီးကာ ချိန်ခွင်ပေါ်တင်ကာ ပေးလိုက်၏။ မိန်းမမျက်လုံးက ချိန်ခွင်လျှာကို ရောက်သွားသည်။ လျှာ မငြိမ်သေး ဖျတ်ခနဲကောက်ကာ ဆိတ်သားတုံးက ကြွပ်ကြွပ်အိတ်ကလေး ထဲ ရောက်ကာသွား၏။

BURMESE CLASSIC .com

"ပြန်ချိန်ပေး... လျှာမငြိမ်သေးဘူး"

"ဟား... အစ်မ"





ကိုယ့်ဆရာက ဘာမှမပြောတော့ဘဲ ဓားနှင့်တစ်ချက်ရှပ်ကာ အသား တစ်တုံး ထပ်ကာထည့်၏။

"အပိုယူသွားပါ အစ်မ"

"ဘာအပိုလဲ အဲဒါမှ နှစ်ဆယ်သားလောက်ပဲရှိတာ မသိရင်ခက် မယ်"

မိန်းမက ပိုက်ဆံရှင်းရင်း ခပ်တည်တည်ပြောကာ လှည့်ထွက်သည်။ ကိုယ့်ဆရာက ပြုံးပြုံးနှင့် ဓားကို ဆက်သွေးပြန်၏။ ကျွန်တော်တို့ လှည့် ထွက်ခဲ့ကြသည်။ သူ့ဟာသူကျတော့လည်း ဟုတ်လို့ပါလား။

ငါးတန်းအစပ်ကိုရောက်တော့ ဇန်းထဲမှာ တစ်ကောင်နှင့်တစ်ကောင် တိုးဝှေ့နေကြသည့် ငါးရှဥ့်များကို တွေ့ရ၏။ ကျွန်တော် သဘောကျ သွားသည်။ ငါးရှဥ့်ကို ဓိုးဖြူသီးကလေးဖြင့် ချက်စားရလျှင် အလွန်အရသာ ရှိ၏။ ကျွန်တော်တို့လို အညောင်းထိုင်သူများနှင့်လည်း အထူးသင့်တော် ကြောင်း စာရေးဆရာမောင်သစ်ဆင်းက ပြောခဲ့ဖူးတာ မှတ်မိသည်။

"ကလေး... ငါးရှဥ့်ဝယ်ကွာ၊ ငါးရှဥ့်ကို မကျည်းနှစ်ကလေးနဲ့ ဓိုးဖြူသီးနဲ့ ချက်ရအောင်"

ကျွန်တော် ငါးရှဥ့်ကြိုက်ကြောင်း သူသိပြီးသားဖြစ်၏။ ရုတ်တရက် ဝင်မရပ်သေးဘဲ မိန်းမက ခဏရပ်ကာ စဥ်းစားသည်။ ဘာတွေကို စဥ်းစား ဆုံးဖြတ်နေတာလဲဆိုတာတော့ ကျွန်တော်မသိ။ ပြီးမှ မိန်းမက ငါးရှဥ့် သည်နံဘေးတွင် ဝင်ကာရပ်သည်။ ငါးရှဥ့်သည်ရှေ့မှာ လူတွေအုံနေတာ လေးငါးယောက်ခန့်ရှိသည်။ မိန်းမသည် ငါးရှဥ့်သည်ကို မော့မကြည့်ဘဲ ငါးရှဥ့်ခပ်လတ်လတ်တစ်ကောင်ကို လက်ညှိုးကလေးဖြင့်ထိုးကာ ဘေးသို့ ဖယ်သည်။ ထိုစဥ် ဈေးသည်က မိန်းမဖယ်ထားသောငါးရှဥ့်ကိုပါ သိမ်းကျုံး



www.burmeseclassic.com

www.burmeseclassic.com



ကောက်ကာ ချိန်ခွင်ထဲသို့ ထည့်၏။

"ဟာ... အစ်မ... အဲဒါ ကျွန်မဖယ်ထားတာ"

BURMESE CLASSIC .com

ဈေးသည်က ကြားဟန်မပြ။ ချိန်ခွင်ကိုသာ ဆွဲချိန်၏။ မိန်းမက လည်း ဘာမှမပြော ချိန်ခွင်ထဲရောက်နေသည့် သူ့ငါးရှဉ့်ကို ပြန်ကာ ဆွဲယူသည်။

"ဟာ ဘယ်လိုဖြစ်နေတာလဲ၊ ဒီမှာ ချိန်နေ ရောင်းနေတာ မတွေ့ဘူးလား"

"ဒါ ကျွန်မဖယ်ထားတာလို့ ပြောတာ ကြားမှ မကြားဘဲ"

"ဘယ်နှစ်ဆယ်သား ယူမှာမို့လို့လဲ"

ဈေးသည်က ချိန်ခွင်တန်းလန်းထဲသို့ နောက်ထပ်ငါးရှဉ့် ထပ်ထည့်ရင်း ခပ်မာမာမေးသည်။ မိန်းမက နောက်ထပ်ငါးရှဉ့်တစ်ကောင် ထပ်ရွေးရင်း တစ်ဆယ်သားဟု ပြော၏။

"အမလေး ဝယ်တော့ တစ်ဆယ်သားနဲ့၊ ဒီမှာ ရောင်းနေ ဝယ်နေတဲ့အထဲ သိပ်ရှုပ်တာပဲ"

"ဒီမှာ ရှုပ်တယ်မပြောပါနဲ့၊ ကျွန်မဘာသာ ကျွန်မအိမ်အတွက် တိုင်းဝယ်ရတာ၊ တစ်ဆယ်သားဝယ်ဝယ် တစ်ကျပ်သားဝယ်ဝယ် ပြောစရာ မရှိဘူး၊ မရောင်းချင်နေ ကိစ္စမရှိဘူး"

ဈေးသည်ကို မျက်မှောင်ကျုံ့ကာ ခပ်ထန်ထန်ပြန်ရန်တွေ့နေသော မိန်းမကို ကျွန်တော် ပါးစပ်အဟောင်းသားဖြင့်ငေးကာ ကြည့်နေမိသည်။ ကျွန်တော်နှင့် ရည်းစားဖြစ်စဉ်ကနေ ညားခဲ့ကြသည့် တစ်နှစ်ကျော်အထိ မိန်းမထံတွင် ထိုကဲ့သို့လေသံ အမူအရာမျိုး လုံးဝမတွေ့ဖူးပါ။ ပိန်လှီသေးကွေး အေးအေးကလေးနေတတ်သောမိန်းမသည် လေးလုံးခြောက်ဖက်





ငါးစိမ်းသည်တစ်ယောက်ကို တစ်စက်မရွံ့ဘဲ စိမ်ခေါ်နေပါကလား။

"အေး... မရောင်းဘူးဟေ့ မရောင်းဘူး၊ တစ်ဆယ်သားနဲ့များ"

"မရောင်းရင်နေ မအော်နဲ့၊ ဈေးသည်တွေကများ သူတို့တစ်သည်တည်း ငါးကိုင်ထားရရင် သိပ်လူဝါးဝတာပဲ လာ သွားမယ် မောင်"

မိန်းမက ကျွန်တော့်ကိုဆွဲခေါ်ကာထွက်သည်။ မိန်းမနှင့် ငါးရှဉ့်သည် ရန်ပွဲသေးသေးကလေးကြောင့် နောက်ထပ်လာရပ်သူ နှစ်ယောက်သုံးယောက်လည်း မယောင်မလည်နှင့် ထွက်ကာသွား၏။ ငါးရှဉ့်သည်၏ တုံ့ပြန်စကားများက ဈေးသည်ပေါင်းစုံ အော်ဟစ်နေသံထဲမှာ တိမ်မြုပ်ကာ ကျန်ခဲ့သည်။

"ကလေးကွာ... ငါးစိမ်းသည်နဲ့များ သွားပြီး ရန်ဖြစ်ရတယ်လို့တော်ကြာ..."

"ဘာသိလို့လဲ တစ်ဈေးလုံး ငါးရှဉ့် သူတစ်ယောက်တည်းရှိလို့ဖြစ်နေတာ၊ ကိုယ့်ဘာသာကိုယ် ဘယ်လောက်ဖိုးဝယ်ဝယ်ပေါ့၊ ဒါမျိုးခံနေရင် မရဘူး ပြောရတယ်"

"ပြဿနာတက်မှာ စိုးလို့ပါကွာ"

"မတက်ရဲပါဘူး၊ သူက ဈေးရုံထဲမှာရောင်းတာမဟုတ်ဘူး၊ အလစ်ခိုးရောင်းတာ ပြဿနာတက်လို့ ဈေးတာဝန်ခံနဲ့တွေ့ရင် သူ ဒုက္ခရောက်မှာပေါ့။ ငါးရှဉ့်မစားနဲ့တော့၊ ငါးမုတ်သေးသေးတွေ့ရင် ကြွပ်ကြွပ်ကြော်ပေးမယ် ဟုတ်လား"

ခဏာပတ်ပြီးတော့ ငါးမုန့်သေးသေးတွေ့ပါ၏။ ပြီးပြီလားဟု မေးတော့ သူက ပုစွန်ကို ဖုံလုံသီးနဲ့ချက်မှာဟု ပြောကာ သားငါးတန်းကို ကျော်လျှောက်ပြီး ဟင်းသီးဟင်းရွက်တန်းသို့ ရှေ့ဆက်ကာသွား၏။ တန်းစီ



www.burmeseclassic.com

www.burmeseclassic.com



ထားသောမုန်လာဥကြီးတွေ၊ ခဝဲသီးတွေ၊ ရိုးတံကားကား အရွက်ဖားဖား ကန်စွန်းနှင့် မုန်ညင်းရွက်တွေ၊ အရောင်စိုကာ နီရဲနေသော ခရမ်းချဉ်သီးကြီးတွေ၊ နံနံတွေ မြင့်မိုရ်တောင်လောက်ကြီးတွေ တစ်ပုံမှ တစ်ဆယ်။ "သခွားသီးတွေ ထွားသလား ကြီးသလားမမေးနဲ့၊ စားလို့မကုန်ရင် ရန်ဖြစ်လို့ ကောက်ရိုက်လဲရတယ် ဝယ်ထား" ရေကန်စွန်းကြီးတွေများ အဖျားကကိုင်ပြီး "အရင်းနဲ့ရိုက် ယောကျ်ားမိန်းမ စိုက်ခနဲပဲ" စသည့် ပျော်စရာကောင်းသော ဈေးခေါ်အော်ဟစ်သံများကို ကြားရသည်။

မိန်းမက သစ်သီးဟင်းရွက်တွေချည်းသာ ရောင်းသည့် ဆိုင်ရှေ့မှာ ရပ်သည်။

"ဖုံလုံသီး ဘယ်လောက်လဲ"

BURMESE CLASSIC .com

"တစ်တောင့်အစိတ်"

ဖုံလုံသီးအပုံကြီးထဲမှ လျှောက်ရွေးနေတာကို ကျွန်တော် ငေးနေမိ၏။ "နုတာရွေးမှ နု နုသိရအောင် ချိုးကြည့်ရတယ်"ဟု ပြောရင်း လက်ထဲမှခြင်းတောင်းကိုချကာ ဖုံလုံသီးတစ်လုံးကို ခွပ်ခနဲချိုးကာ ကြည့်၏။ တယ်ဟုတ်ပါလားဟု ကျွန်တော်တွေးရသည်။ ပုစွန်ကို အနည်းငယ်ထွေးသွားရုံထောင်းကာ ဖုံလုံသီးထဲ အစာသွပ်ချက်လျှင် အတော်အရသာရှိသည်။ ကျွန်တော်လည်း သဘောကျပြီး ဖုံလုံသီးတစ်လုံးကောက်ကိုင်ကာ ခွပ်ခနဲချိုး၏။

"ဟား... ဒီမှာလည်း နု..."

"ကျွတ်... ခက်တာပဲ နှစ်ချောင်း ဘာလုပ်မှာလဲ၊ တစ်ချောင်းဆိုလောက်နေပြီ ခက်တာပဲ"

"ဟုတ်လား သိဘူးလေ၊ ဝယ်လိုက်ပါတော့ကွာ၊ ချိုးပြီးမှပဲ"





သူက ကျွန်တော် တစ်ဖက်စီကိုင်ထားသော ဖုံလုံသီးကို ဆတ်ခနဲကောက်ယူကာ စေ့ဆက်ရင်း ဖုံလုံသီးအပုံထဲ ပြန်ထည့်ကာ ထားလိုက်၏။ ငရုတ်သီး၊ နံနံပင်၊ မုန်လာဥ စသည်တို့ လက်မလည်အောင်ရောင်းနေရသော ဆိုင်ပေါ်မှဈေးသည်က မမြင်။ ကျွန်တော့်မှာ မျက်နှာပူခြင်း၊ ထိတ်လန့်ခြင်း၊ စိုးရိမ်ခြင်းတို့နှင့် အားနာခြင်းတို့ကြောင့် ထိုနေရာမှ ခပ်ခွာခွာနေရသည်။ လှမ်းမြင်ရင်တော့ ဒုက္ခပဲဟု ရင်ပူရသေး၏။

သူကတော့ အေးအေးဆေးဆေးပင် သခွားသီးတစ်လုံးနှင့် တို့စရာခရမ်းကြွပ်သီးကလေးတွေ ဝယ်နေသေး၏။ စိုးရိမ်ထိတ်လန့်မှု အလျဉ်းပင်မရှိ။ ထို့နောက် သရက်သီးမှည့်နှစ်လုံးကို ဟင်းရွက်တန်းအထွက်မှာ ဝယ်သည်။ ကျွန်တော် ဘာမှ ဝင်မပါရဲတော့။ ဗိုက်က ဆာနေပြီဖြစ်သည်။

"ကလေး ဗိုက်အရမ်းဆာနေပြီကွာ၊ မုန့်ဟင်းခါးလေး ဘာလေး စားရအောင်"

"မုန့်ဟင်းခါး... လာ... လာ"

သူက ကျွန်တော့်လက်ကိုဆွဲကာ ဈေးရုံကို ဟိုဝင်ဒီထွက် လုပ်ပြန်၏။ ကျွန်တော်ကတော့ တရုတ်သိုင်းကားထဲက ဝင်္ကဘာတစ်ခုထဲ ရောက်နေသလို ခံစားရသည်။ ကျွန်တော်တစ်ယောက်တည်းဆိုလျှင် ပြန်ထွက်တတ်တော့မည်မထင်။ ထို့နောက် မုန့်ဟင်းခါးဆိုင်တစ်ဆိုင်ရှေ့သို့ ရောက်၏။ တော်တော်ရောင်းရသော ဆိုင်တစ်ဆိုင်ဖြစ်သည်။ မုန့်ဟင်းရည်နံ့ကလည်း မွှေးကာနေ၏။

"မုန့်ဟင်းခါး ပွဲဝက်နှစ်ပွဲပေး"

"ဟ... ကလေး"

"အသာနေပါဦး နေစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ ကျွန်တော် တော်တော်တင်းကာသွား၏။ ဈေးထဲဝင်ကတည်းက 'ဘာသိလိုလဲနှင့် အသာနေ' စကားလုံးနှစ်လုံး ကျွန်တော့်ကို တွင်တွင်သုံးနေသော မိန်းမကို ယောကျ်ားတို့မာန ဒေါသက ပြရတော့မည်။

"ဒီမှာ ဟေ့ကောင်၊ မုန့်ဟင်းခါးတစ်ဝက်နဲ့ ငါ ဘယ်လိုလုပ် ဝမှာလဲ၊ တစ်ပွဲ"

"အိုး... ခက်တာပဲ ဘာသိလို့လဲ အသာနေ"

ဗုဒ္ဓေါ... ပြောကာမှ နှစ်လုံးတောင် တစ်ခါတည်း တွဲသုံးပါရောလား။ ကျွန်တော် စကားဆက်မည်အလုပ် မုန့်ဟင်းခါးပွဲတွေ ရောက်ကာလာ၏။ မုန့်ဖတ်က မမြင်ရ။ ဟင်းရည်တွေက များကာနေ၏။ မိန်းမက အသာထရပ်ကာ တစ်ဖက်ဆိုင်ကို လှမ်းကာပြော၏။

"မုန့်ဖတ်ငါးကျပ်ဖိုးပေးပါ၊ ဟုတ်ကဲ့ ကျွန်မထဲ တစ်ဝက်ထည့် သူ့ထဲ တစ်ဝက်ထည့်"

ကျွန်တော် တကယ်ကို အသာငြိမ်လိုက်ရပါသည်။ ထိုမုန့်ဟင်းခါးတစ်ဝက်ကို ကုန်အောင် တော်တော်စားယူရ၏။ ဘာမှမသိ၍ အသာနေတာပဲ ကောင်းပါလိမ့်မည်။

ဈေးထဲက ပြန်ထွက်လာတော့ မိန်းမက ကျွန်တော်နှင့် သွားနေပြဲ သောမိန်းမ ပြန်ဖြစ်ကာလာ၏။ အပြုံးကလေးနှင့် မျက်နှာက အေးချမ်းသည်။

"မောင်... ထမင်းစားပြီးရင် ရှုတင်ရှိသေးလား၊ သွားဦးမှာလား"

"မရှိပါဘူးကွာ၊ ညက အပြတ်ရေးပေးပြီးသွားပြီပဲ၊ မသွားတော့ဘူး"

"ညနေရော"





"ညနေ... အင်း ညနေတော့ လေထန်ကုန်းဘက်ရောက်မယ် ထင်တယ်"

မိန်းမက ဘာမှပြန်မပြောတော့။ ကျွန်တော် မိန်းမမျက်နှာကို ငေးကြည့်တော့ ဘာမှမဖြစ်သလိုပင် ပင်ပန်းနွမ်းနယ်မှု တစ်ခုမှ မတွေ့ရ။ ကျွန်တော်က ခေါင်းတွေကိုက်ချင်ကာ ငြီးစီစီ မှုးနောက်နောက်ဖြစ်နေသည်။

ဗီဒီယိုရိုက်သော၊ ဇာတ်ညွှန်းရေးသော၊ ဝတ္ထုရေးသော ကျွန်တော့်ထက် ဈေးဝယ်ထွက်သည့်အခါတွင်တော့ ကျွန်တော် တုံးလှ နုံလှပါသည် ထင်သော မိန်းမသည် သွက်လက်ထက်မြက် တိကျပြတ်သားကာ ကွက်ကျော် ကွက်လှည့်မြင်တတ်ကြောင်း ဝန်ခံရမည် ဖြစ်ပါသည်ခင်ဗျား။

✤



www.burmeseclassic.com

www.burmeseclassic.com





## မိန်းကလေးလက်တွေကို
## ကျွန်တော်မှန်းရခြင်းမှာ. . .

ကြောင်နှစ်ကောင်တဆုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





ပထမအစမ်းစာမေးပွဲဖြေရန် တစ်ပတ်ခန့်သာလိုတော့သဖြင့် အတန်းတိုင်းအတန်းတိုင်တွင် ဆရာစာသင်သံမှ တစ်ပါး တိတ်ဆိတ်လျက်ရှိသည်။ အတန်းထဲတွင်လည်း ကျောင်းပျက်သူ ကျောင်းသား မရှိသလောက်ဖြစ်ကာ ကျောင်းကော်ရစ်တာကလည်း ရှင်းကာနေ၏။ ယခင်တုန်းကလို ရေထွက်သောက်သောကျောင်းသား၊ အိမ်သာသွားသည့်ကျောင်းသား ဆရာမဝင်သဖြင့် ကော်ရစ်တာမှာထွက်ရပ်သော ကျောင်းသား စသည်တို့ မရှိကြသဖြင့် ကော်ရစ်တာသည်လည်း ရှင်းကာနေသည်။

ကျွန်တော်တို့သဃ်န်းကျွန်း အထက(၃) ကျောင်းသားများအတွက်တော့ ပထမအစမ်းစာမေးပွဲသည် အတန်းတင်စာမေးပွဲလိုပင် အရေးကြီးသောစာမေးပွဲတစ်ခုဖြစ်၏။ ပထမအစမ်းစာမေးပွဲ စစ်ပြီးသွားလျှင် ရသည့်အမှတ်ကိုကြည့်ကာ အတန်းအပြောင်းအရွှေ့လုပ်လေ့ရှိသောကြောင့် ဖြစ်





သည်။ ဆယ်တန်းတွင် A, B, C, D, E, F ဟု အခန်းခြောက်ခန်းရှိသည့်အနက် ဘာသာစုံအောင်သူများကို A ခန်းသို့ပို့သည်။ တစ်ဘာသာကျက B,... စသည်ဖြင့် ပထမအစမ်းပြီးလျှင် ခွဲလေ့ရှိသည်။

A ခန်းတွင် ဆရာကောင်း ဆရာမကောင်းတွေရှိပြီး ကြပ်ကြပ်မတ်မတ် စာသင်လေ့ရှိသောကြောင့် A ခန်းက ၁၀ တန်းအောင်သောကျောင်းသားအများစုထွက်လေ့ရှိသည်က တစ်ကြောင်း၊ A ခန်းမှာဆိုလျှင် အတော်အသင့် စာတော်သူတစ်ယောက်ဆိုသော ဂုဏ်ပုဒ်ကို ရသည်က တစ်ကြောင်းကြောင့် ကျောင်းသားတိုင်း ပထမအစမ်းစာမေးပွဲကို လေးလေးနက်နက်ထားကာ ကျက်ကြရ ဖြေကြရသည်။

ကျွန်တော်က C ခန်းမှာကျောင်းတက်ရသော ကျောင်းသားတစ်ယောက်ဖြစ်သည်။ ဒါကလည်း ကိုးတန်းတုန်းက အမှတ်စာရင်းနှင့် ခွဲတာဟု ဆရာများကဆိုသဖြင့် ကျွန်တော်သည် သိပ်မတော်သော်လည်း အရမ်းမညံ့သောကျောင်းသားတစ်ယောက်ဟု မှတ်ယူနိုင်ပါသည်။ သို့သော် ကျွန်တော့်အိပ်မက်ထဲမှာ Aအခန်းကတော့ ရှိနေမြဲဖြစ်သည်။ ထို့ကြောင့် ကျွန်တော် စာကိုဂရုတစိုက်သင်ရသည်။

သင်္ချာ (၂) ဆရာမထွက်သွားလို့ နှုတ်ဆက်အပြီး ထိုင်ပင် မထိုင်ရသေး။ ပထဝီဆရာမက တန်းဝင်လာသဖြင့် ကျွန်တော်တို့ ပြန်ထိုင်မနေတော့ပဲ နှုတ်ဆက်လိုက်ကြ၏။ ပြီးတော့ အတန်းသည် ဆိတ်ငြိမ်ကာသွားသည်။ ထိုအချိန်တွင် ဆရာမတွေပြောသမျှ စာတွေမှာ ပထမအစမ်းအတွက် အရေးကြီးသော Sport တွေဖြစ်ကြောင်းကို အားလုံးနားလည်ကြသည်။

ပထဝီဆရာမက ရှမ်းကုန်းမြေမြင့်အကြောင်း ပြန်သင်သည်။ စာရာ



www.burmeseclassic.com

www.burmeseclassic.com



ဝတီမြစ်ဝကျွန်းပေါ်ဒေသကိုလည်း သင်သည်။ သင်ပြီးသားဖြစ်သဖြင့် အရေးကြီးသောအချက်အလက်များကိုသာ ပြန်လည်၍ Revation ပြန်ခြင်းဖြစ်သည်။ ကျွန်တော့်ပထဝီစာအုပ်ထဲမှာ စတားတွေ ခရေပွင့်တွေ ရုပ်ယုက်ခတ်ကာသွား၏။

ထို့နောက် ဆရာမက မြန်မာနိုင်ငံမြေပုံကို ဆွဲပြကာ မြစ်ကြီးများ၊ မြို့ကြီးများနှင့် အဓိကစက်ရုံကြီးများရှိရာ မြို့များကို ထည့်ကာပြသည်။ မှန်ချက်စက်ရုံရှိသော ပုသိမ်မြို့၊ ရေနံတွင်းများရှိရာ ချောက်မြို့ စသည်ဖြင့် ဖြစ်သည်။

"မင်းတို့ မြန်မာပြည်မြေပုံကိုတော့ ဆွဲတာ ကျင့်ကို ကျင့်ထားရမယ်၊ ပထဝီဘာသာမှာ မြန်မာပြည်မြေပုံဟာ အဓိကပဲ၊ ပထဝီမှာ စာက တစ်ဝက် မြေပုံက တစ်ဝက်ပဲ၊ စာဘယ်လောက် ဤ,သည်မရွေး မှန်နေပစေ မြေပုံမပါရင်တော့ Sorry ပဲ"

ပထဝီဆရာမ ဒေါ်ဝင်းဝင်းလှက မည်သည့်အပိုဒ်ကို ဖြေဖြေ မြေပုံဆွဲထည့်နိုင်လျှင် ပိုကောင်းကြောင်းကို အထူးအလေးပေးကာ ပြောသွား၏။ ဥပမာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသကို မေးသည်ဆိုကြပါစို့။ မြန်မာမြေပုံဆွဲကာ ထိုဒေသကို အရောင်တစ်ခုနှင့် ထည့်ပေးနိုင်လျှင် ပိုအမှတ်ရနိုင်သည်ဟု ဆိုသည်။

ဆရာမ အချိန်စေ့တော့ မုန့်စားကျောင်းဆင်းသည်။ သို့သော် အတန်းထဲက မုန့်ထွက်စားသူ သိပ်မတွေ့ရ။ ကျွန်တော်လည်း ကျန်ကျောင်းသားတွေလိုပဲ ခုံပေါ်မှာ မှတ်စုစာအုပ်တွေနဲ့ အလုပ်ရှုပ်နေခဲ့သည်။

"ဟဲ့… ရဲဝင်း… ငါ့ကို တစ်ခုကူညီဦးဟာ… "

ပြောရင်း ကျွန်တော့်ခုံနံဘေးမှာဝင်ထိုင်သူက မေစိုးထိုက်ဖြစ်သည်။





မေစိုးထိုက်က ကျွန်တော်တို့အတန်းထဲမှာ အတော်နာမည်ရသည်။ မေစိုးထိုက်က ချောသည်။ စကားပြောလျှင် ချွဲသည်။ အကြည့်က ကြာကြည့်ကြည့်တတ်၏။ သူ့ကိုလိုက်ကြသူ ကြိုက်ကြသူလည်း တော်တော်များသည်။ ဒီလိုလိုက်တဲ့သူများတော့ မေစိုးထိုက်တို့က မာနတစ်ခွဲသားနဲ့ နေသလား! မဟုတ်။ ရည်းစားတွေတစ်ယောက်ပြီး တစ်ယောက်ထားသည်။ စာမှာကျတော့ ကလချာ၊ ဘာစာမေးမေး မျက်လုံးအပြူးသားကလေးနှင့် အဆော်ခံ အရိုက်အနှက်ခံရလျှင်လည်း မဖြုံတတ်၊ အတန်းပိုင်ဆရာမက "မေစိုးထိုက်ရယ် ညည်း လူကလေးလှသလို Reportcard ကိုလည်း လှအောင် လုပ်စမ်းပါ" ဟု ပြောတော့ မေစိုးထိုက်က သူ့ Reportcard ကို လိပ်ပြာကလေးတွေပါသော စက္ကူလှလှကလေးနှင့် ဖုံးလိုက်၏။

"ဘာကူညီရမှာတုန်းဟ၊ ငါဘာသာငါကို ရှုပ်နေတဲ့ဟာကို…"

"မြေပုံဟာ… မြေပုံ… ဆရာမပြောပုံအရဆိုရင် မြေပုံတစ်ခုကတော့ ပါကို ပါတော့မှာ၊ ခက်တာက ငါက မြေပုံမဆွဲတတ်ဘူးဟ၊ ငါ့ကို မြေပုံဆွဲနည်း သင်ပေးစမ်းပါဟာ"

"ဟာ… စာမေးပွဲက ဒီလောက်ဖင်နားကပ်နေမှ မြေပုံအဆွဲသင်နေလို့ ရတော့မလားဟ၊ တစ်ခြားအပုဒ် ရှောင်ဖြေပေါ့ဟာ…"

"ဘယ်အပုဒ်ဖြေဖြေ မြေပုံကတော့ ပါမှာပဲတဲ့ဟ၊ နင်ကလည်းဟာ… ငါ့ကို ကူညီပါဆို ရဲဝင်းကလည်း…"

မေစိုးထိုက်က ကျွန်တော့်ပခုံးကို လှမ်းရိုက်ကာ သူ့ပခုံးနှင့်စိကာ တိုက်ရင်း ကျွန်တော်တို့ယစ်မူးရပါသော ချွဲသံကလေးနှင့်ဆိုတော့ ကျွန်တော်လည်း လှုပ်၍မရနိုင်တော့။ ကျွန်တော့်စာတွေ ထားချ သူ့ကို မြေပုံဆွဲပြရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူနှင့် ကျွန်တော် ပူးပူးကပ်ကပ်နေရတာကို သာယာမိတာကိုတော့ ဝန်ခံရမည်။ သို့သော် ကျွန်တော့်မှာ တခြားကောင်တွေလို သူ့ကို ကြိုက်ချင်တာ ဘာညာတော့မရှိ။ ပထမအချက်က မေစိုးထိုက် ဘာဖြစ်လို့ ကျွန်တော့်အနားကပ်သည်ဆိုတာကို ကျွန်တော်သိသည်။ အတန်းထဲမှာ ကျွန်တော်က မြေပုံဆွဲအတော်ဆုံး၊ ပြီးတော့ ကျွန်တော်နှင့်သူက စာမေးပွဲဖြေလျှင် ခုံနံပါတ်ကပ်လျက်ဖြစ်၏။ ဒုတိယအချက်က ကျွန်တော်က အကောင်သေးသေးကွေးကွေး၊ သူက ဖွံ့ဖွံ့ထွားထွား ငွားငွားစွင့်စွင့် တင်းတင်းပြည့်ပြည့် ထောင်ထောင်မောင်းမောင်း၊ ကျွန်တော့်အရပ်က သူ့ပခုံးကိုပင် မမီချင်။ ထို့ကြောင့် ဖော့ဌပွကို သာယာရုံကလွဲ၍ ရှေ့ဆက်စရာသည် မရှိ။

မေစိုးထိုက်သည် ကျွန်တော်ထင်ထားတာထက် ချာသည်ဆိုတာကို လက်တွေ့မို့သာ ယုံရတော့သည်။ မုန့်စားကျောင်းသာ ပြန်တက်သွားသည်။ မြန်မာနိုင်ငံမြေပုံမပြောနှင့် ဧီးရွက်နှင့်တူသောပုံပင် သူ့ထံမှ ထွက်မလာ။ ကျွန်တော်တတ်သမျှ မြေပုံအလွယ်ဆွဲနည်းတွေလည်း ကုန်ပြီ။ ဒီတော့ ပထမဦးဆုံး ကျွန်တော့်တပည့်ကို နောက်ဆုံး လက်ပူတိုက်နည်းနှင့်သာ သင်ပြရတော့သည်။

"ကဲ... မေစိုးထိုက်... နင့်ကို ငါ အလွယ်ဆုံး မြန်မာနိုင်ငံမြေပုံဆွဲနည်း သင်ပေးလိုက်မယ်ဟာ... နင့်ညာဘက်လက်ဝါးကို စက္ကူပေါ်မှောက်လိုက်"

မေစိုးထိုက်က ကျွန်တော့်ကိုအံ့သြသလို မော့ကာကြည့်သည်။

"ငါ့လက်ကို ဟုတ်လား"

"အေး ဟုတ်တယ်လေ ဒီမှာကြည့် ကဲ..."





ကျွန်တော်က စက္ကူပေါ်မှာမှောက်ချထားသော မေစိုးထိုက်လက်ဝါးမှ ပြန့်ကျဲနေသောလက်ချောင်းကလေးတွေကို တင်းစေ့သွားအောင် စုကာ ဖိထားရင်းက...

"ဟောဒီဘေးကိုထွက်နေတဲ့ လက်မကလေးနားက စဆွဲဟာ... ပြီးတော့ အမုန်ကလေးတစ်ခုခြစ်ပြီး လက်ညှိုးနားအထိ အတွန့်ကလေးတွေနဲ့ ဆွဲ၊ အဲဒီလက်ညှိုးကနေ အဝိုက်ကလေးတစ်ခုနဲ့ နင့်လက်ချောင်းတွေထဲက အရှည်ဆုံးလက်ခလယ်ကိုသွား အဲဒါ မြန်မာနိုင်ငံရဲ့ထိပ်ဆုံးဦးခေါင်းကလေး အဲဒီကနေပြီး လက်သူကြွယ်ကို ဖျောက်ပြီး လက်သန်းထိပ်ကလေးဆီကို ဆင်းပြီး အချွန်ကလေးထုတ်လိုက်၊ ပြီးရင် နင့်လက်ဖဝါးဘေးသားကလေးအတိုင်း ဝိုက်ချလိုက်ဟာ၊ ဒါဆို တော်တော်ရုပ်လုံးပေါ်နေပြီပဲ၊ တနင်္သာရီကိုင်းကတော့ ဆွဲတတ်မှာပေါ့..."

ကျွန်တော် ပြောပြောဆွဲဆွဲနှင့် ပြီးတော့ သူ့လက်ချောင်းကလေးများကို ဖယ်ပေးလိုက်သည့်အခါ သူဆွဲထားတာထက် အတော်အချိုးကျသောမြန်မာပြည်မြေပုံကို တွေ့ရ၏။ မေစိုးထိုက် အံ့သြကာ ပျော်သွားသည်။

"ဟယ်... ဟုတ်တယ်ဟ... ဒီလိုဆိုတော့လည်း လွယ်လွယ်ကလေးနော်... တော်တော်တူတာဟ"

ကျွန်တော်က အောက်ဆုံးက တနင်္သာရီတိုင်းကို ဖြည့်ကာ ဆွဲပေးလိုက်သည်။ မေစိုးထိုက်က သူ့လက်ဝါးကလေးကို တအံ့တသြကြည့်ကာ နေ၏။

"တစ်ခေါက်ထပ်ဆွဲပြဦးဟာ ရဲဝင်းကလည်း..."

အခန်းထဲကကောင်တွေကတော့ ပူးပူးကပ်ကပ်ထိုင်ကာ မေစိုးထိုက်



www.burmeseclassic.com

www.burmeseclassic.com



လက်ဝါးကို ကြိုက်သလိုကိုင်နေသော ကျွန်တော့်ကို မကြည့်ပဲ ဘုကြည့်ကြည့်ကြ၏။

"အိမ်မှာ ထပ်ကျင့်ကြည့်ဦးပေါ့ဟာ..."

"အေး...အေး ဒါဆိုရင် ငါရပြီဟ..."

*





စာမေးပွဲမှာ မြန်မာနိုင်ငံမြေပုံကိုဆွဲကာ မြို့တွေ၊ စက်ရုံတွေ ထည့်ရသောအပိုဒ် ပါလာပါသည်။ ကျွန်တော် ကောင်းစွာဖြေနိုင်ခဲ့၏။ ပထမအစမ်းပြီးလို့ ကျောင်းပြန်တက်ပြီး သုံးလေးရက်မှာပင် အမှတ်စာရင်းတွေကြေညာသည်။ ကြေညာပြီးသောလေးဘာသာအထိ ကျွန်တော် အားလုံးအောင်ပါသည်။ မုန့်စားဆင်းချိန်မရောက်မီ ဆရာမဝင်လာ၏။

နှုတ်ဆက်ပြီးတော့ တစ်တန်းလုံးတိတ်နေကြသည်။ ဆရာမက အမှတ်စာရင်းမကြေညာမီ အတန်းကိုဝေ့ကာကြည့်ပြီး စာရွက်တစ်ရွက်ကို ထုတ်သည်။

"ကဲ... ခုံနံပါတ်တစ်ရာခြောက်ဆယ့်ရှစ် မေစိုးထိုက် ထစမ်း"

အားလုံးအံ့သြကာ မေစိုးထိုက်ကို ကြည့်ကြသည်။ မေစိုးထိုက်လည်း အူတူတူဖြင့် ထကာရပ်၏။

"ကဲ... မေစိုးထိုက် မင်းဆွဲထားတာ ဘာပုံလဲကွ..."

ဆရာမက အဖြေစာရွက်တစ်ရွက်ကိုလှန်ရင်း စတိတ်ပေါ်မှ ဆင်းကာ ကျောင်းသားများအားလုံးမြင်အောင် ထောင်ကာပြသည်။ တစ်တန်းလုံး ဝါးခနဲ ပွဲကျသွား၏။ ရယ်သည့်ထဲတွင် ကျွန်တော်လည်းပါသည်။ ရယ်မှာပေါ့ မေစိုးထိုက်က သူ့ညာဘက်လက်ဖဝါးပုံကို လက်ချောင်းတွေပါပေါ်အောင် အတိအကျဆွဲကာ မြစ်တွေ၊ မြို့တွေ ထည့်ကာပြထား၏။ ကွေ့သင့်သည့်နေရာ မကွေ့၊ ဝိုက်သင့်သည့်နေရာ မဝိုက်၊ ပီဘိ လက်ဝါးပုံသာဖြစ်သည်။ လက်ကောက်ဝတ်ကိုပင် ထည့်ဆွဲထားလိုက်သေး၏။

"ဒီလောက်တော်တဲ့ မြေပုံဆွဲနည်းကို ဘယ်ဆရာက သင်ပေးလိုက်တာလဲကွ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာမက ရွဲ့ကာမေးသည်။ မေစိုးထိုက်က အမှန်အတိုင်းဖြေ၏။

"ရဲ... ရဲဝင်းပါ ဆရာမ... သူ သမီးကို သင်ပေးတာပါ ဒီလိုပဲ ဆွဲတဲ့"

အကြည့်တွေအားလုံးက ဝုန်းခနဲ ကျွန်တော့်ဆီရောက်လာကြသည်။

"ကဲ... မြေပုံအသင်တော်တဲ့ဆရာကြီး ထစမ်းပါဦး"

ကျွန်တော်မတ်တတ်ရပ်ပြီးတော့ ဆရာမက အကြီးအကျယ်ဆူတော့သည်။ ဆူရင်းနှင့် စိတ်က ပိုဆိုးလာဟန်လည်းရှိသည်။ သူ့ကို စော်ကားသည်ဟုလည်း ဆရာမက ဆိုသည်။

"ကဲ... တပည့်မကောင်း ဆရာ့ခေါင်းဆိုတော့ လက်ထပ်သင်ပေးလိုက်တဲ့ဆရာကြီး လက်ဝါးဖြန့်..."

ဆရာမက ကျွန်တော့်လက်ဝါးကို ငါးချက်တိတိတွယ်သည်။ မေစိုးထိုက်ကိုတော့ "သူများက ပေါက်ကရသင်တိုင်း လိုက်လုပ်ဦး" ဆိုကာ သုံးချက်တီးသည်။ ကျွန်တော် မေစိုးထိုက်လက်ဝါးကို ကိုင်စဉ်က မနာလိုကြည့် ကြည့်ကြသောကောင်တွေ ဝမ်းသာကုန်၏။ မြေပုံမဆွဲတတ်ရင် "ရဲဝင်းဆီမှာ သင်ကြပေါ့" ဟု မုန့်စားဆင်းတော့ အော်ကြသည်။

ကျွန်တော် မေစိုးထိုက်ကို စကားမပြောတော့ပါ။ သူကလည်း ကျွန်တော့်ကို မခေါ်တော့ပါ။ ထိုနေ့မှစ၍ မိန်းကလေးများ၏လက်ကို ကျွန်တော်မုန်းခဲ့ပါသည်။

လက်ချောင်းဖြူဖြူ ဖောင်းဖောင်းကလေးဆိုလျှင် ပို၍ မုန်းပါသည် ခင်ဗျား။

✤








# ကလစ်ဖြစ်သွားတဲ့ ရင်ထိုး



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်ငြိမ်သက်နေတဲ့ ကန်တော်ကြီးရေစပ်က ကျောက်ထိုင်ခုံလေးကို ရောက်ရောက်ခြင်း ကျွန်တော် ဒီကလစ်ကိုတွေ့တာ မဟုတ်ပါဘူး။ ပထမတော့ ကျွန်တော်လည်း ရေစပ်ကိုရောက်ရောက်ခြင်း လူတစ်ယောက်လုပ်လေ့လုပ်ထရှိတဲ့အတိုင်းပဲ လှုပ်ရှားနေတဲ့ရေပြင်ကို ငေးနေမိပါသေးတယ်။ ပြီးတော့ ကျွန်တော် စီးကရက်တစ်လိပ်ကို ထုတ်သောက်တယ်။ ပြီးတော့... စီးကရက်အနံ့ မနံရအောင် ပီကေစားဖို့ ပီကေကို အဆင်သင့်ခွာပြီး စက္ကူကလေးကို လုံးခြေနေမိတယ်။ ဟုတ်တယ်လေ... ကျွန်တော့်ချစ်သူက စီးကရက်သောက်တာကို မကြိုက်ဘူးဗျ။ ရည်ရွယ်ချက်ကြီးကြီးနဲ့တော့ ဟုတ်ဟန်မတူပါဘူး။ သူ့ရှေ့က မိန်းကလေးတွေ ရစ်သလိုပဲ ကျွန်တော့်ကိုလည်း စီးကရက်ကိစ္စကို ရစ်တာပါ။

ပီကေစက္ကူကလေးကို လုံးခြေပြီး လွှတ်အချမှာ ကျွန်တော် ကလစ်





ကလေးတစ်ချောင်းကို သွားတွေ့တာပါ။ ကလစ်ကလေးက ကျွန်တော်ထိုင်နေတဲ့ကျောက်ထိုင်ခုံအောက်က မြက်ပင်တွေကြားထဲမှာ ထောင်လို့ခင်ဗျ။

ကျွန်တော်လည်း ဘာရယ်မဟုတ်ပဲ ကလစ်ကလေးကို ကောက်ပြီးကြည့်တော့ အရှည်က ၂ လက်မလောက်ရှိမယ်။ အပြားကတော့ သာမန်ကလစ်တွေထက် နည်းနည်းထူတယ်။ Reyolds ဘောလ်ပင်အဖုံးပြားလောက် ရှိမလားပဲ။ အရင်းနားမှာ စိန်ပွင့်ကလေးတွေငါးပွင့် စီလို့ခင်ဗျ။ ရွှေရည်စိမ်ကလစ်ကလေးတစ်ခုပါ။ ဒါမျိုးကို စတိုးဆိုင်တွေမှာ ကျွန်တော်မကြာခဏ တွေ့ဖူးပါတယ်။

ဒါဆိုရင် ကျွန်တော်ရောက်မလာခင် ဒီထိုင်ခုံကလေးမှာ ချစ်သူစုံတွဲတစ်တွဲ ထိုင်သွားခဲ့တာ သေချာပြီပေါ့။ ကျွန်တော်က ချစ်သူမလာခင် ဒီကလစ်ကလေးကိုကြည့်ပြီး ရှားလော့ဒ်ဟုမ်း ဒါမှမဟုတ် ဆားပုလင်းနှင်းမောင် လုပ်နေမိတယ်။ လှည့်ပတ်ကြည့်တော့ ဒီကလစ်ကလေးပေါ်က စိန်ပွင့်ကလေးတွေက နေရောင်မှာ ဝင်းကနဲ လက်သွားတယ်။ ကဲလေ... ချစ်သူမလာခင် အပျင်းပြေပေါ့။

ဒီကလစ်ကိုပိုင်ဆိုင်တဲ့ မိန်းကလေးဟာ အကြွားသန်တဲ့မိန်းကလေးတစ်ယောက်ဖြစ်ရမယ်။ သူ့မှာ ရှိရင်းစွဲပြည့်စုံမှုထက် ပိုပြီး အထင်ခံချင်တဲ့မိန်းကလေးမျိုးပေါ့။ ကျွန်တော့်ချစ်သူလိုပေါ့လေ... ။ စိုးရဲ့မိဘတွေက ဆင်းဆင်းရဲရဲထဲကတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ စိုးက သူ့မှာရှိတာထက် အမြဲတမ်းပိုရှိတယ်ထင်အောင် နေတတ်ပြောတတ် သုံးဖြုန်း ဝတ်စားပြတတ်လေ့ရှိတယ်ခင်ဗျ။ ဒီလိုရွှေရည်စိမ် စိန်တုပါတဲ့ကလစ်ကလေးတွေ၊ ရင်ထိုးကလေးတွေ စိုးဆီမှာ အမြဲတွေ့ရတတ်တာပဲ။ စိုးက နေ့ခင်းဘက်



www.burmeseclassic.com

www.burmeseclassic.com



တွေဘာတွေတော့ မဝတ်တတ်ပါဘူး။ ညဘက် ဧည့်ခံပွဲတွေ ဘာတွေမှာတော့ ဝတ်တတ်တယ်။

တစ်ခါက မိတ်ဆွေတစ်ယောက်ရဲ့မွေးနေ့ပွဲတစ်ခုမှာ စိုးက အဲဒီလို စိန်တုဆွဲကြိုးကလေးဆွဲလာတယ်။ တစ်ဝိုင်းတည်းကျတဲ့ ကောင်မလေးတစ်ယောက်က မေးတော့ စိုးက တန်ဖိုးကို ဆယ့်နှစ်သိန်းလို့ ခပ်တည်တည်နဲ့ ဖြီးတယ်။ ရယ်ရတယ်ဗျာ... ဟိုကလည်း ယုံတာပဲ။ ကျွန်တော်ဖြင့် မျက်နှာပူလိုက်တာဗျာ။ ဒီတော့ ကလစ်ပိုင်ရှင်ကောင်မလေးဟာလည်း သူ့ကောင်လေးနဲ့ ချိန်းတွေ့တုန်း ကောင်လေးက အထင်မသေးရအောင် ဒီကလစ်အတုကလေးကို ဝတ်လာတာ ဖြစ်ရမယ်လို့ ကျွန်တော်ထင်တယ်ဗျာ။ ပြီးတော့ ကောင်မလေးနဲ့ကောင်လေး ချစ်သူရည်းစားဖြစ်တာကလည်း သိပ်မကြာသေးဘူး။

ဟုတ်တယ်။

ဒီအချက်ကိုတော့ ကျွန်တော်က အချက်နှစ်ချက်နဲ့ ထုတ်ပြီး ပြောတာပါ။ ပထမတစ်ချက်က ကာလရှည်ကြာချစ်ပြီးကြတဲ့ ချစ်သူရည်းစားဆို အတွင်းသိတွေဖြစ်ကုန်ကြလို့ အထင်ကြီးအောင် ဘာညာလုပ်နေစရာ မလိုတော့ဘူးလေ။ ဒုတိယတစ်ချက်ကတော့ နေရာခင်ဗျ။ ကျွန်တော်ထိုင်နေတဲ့အုတ်ခုံကလေးနောက်ကြားမှာ လူသွားလမ်းရှိပါတယ်။ ဘေးမှာ ပုဏ္ဏရိပ်ပင်တို့၊ ပန်းချုံတို့ သစ်ပင်ကြီးတို့ ဘာတို့လည်း မရှိကြဘူး။ ရှင်းရှင်းပြောရရင် နေရာမကောင်းဘူးပေါ့ဗျာ။ မိန်းကလေးတစ်ယောက်ရဲ့ အရက်သိက္ခာ ဣန္ဒြေအတွက် လုံခြုံစိတ်ချရတဲ့ နေရာမျိုးပါ။ ဒီလိုနေရာမျိုးဟာ သမီးရည်းစား စ,ဖြစ်သူတွေ ထိုင်လေ့ရှိတဲ့နေရာမျိုးပါ။ သမီးရည်းစားသက်ရင့်လေ ကန်တော်ကြီးရဲ့လုံခြုံစိတ်ချတဲ့နေရာတွေကို ရောက်





ကြစမြဲ မဟုတ်လား။

ကျွန်တော်ဟာ သက်မဲ့ကလစ်ကလေးတစ်ခုကို ကြည့်ပြီး ယေဘုယျကျတဲ့အချက်တွေကို ထုတ်နိုင်လို့ ဝမ်းသာနေမိတယ်ဗျာ။ “ဘယ်နဲ့လည်း ကိုသိန်းမောင် ကျုပ်စဉ်းစားတာ နေရာကျရဲ့ မဟုတ်လား” လို့တောင် စုံထောက်ဦးစံရှားလေသံနဲ့ ထုတ်ပြောလိုက်မိသေးတယ်ခင်ဗျ။

ကဲ... နောက်တစ်ချက်က ဒီကလစ်ကလေးက မြက်တောထဲမှာ ကျနေတာ...။

“ဒီကိစ္စကတော့ နည်းနည်းနက်တယ်ဗျို့ ကိုသိန်းမောင်” လို့ ကျွန်တော် အသံထွက်ပြီး ပြောလိုက်မိတယ်။ ဆရာကြီးရွှေဥဒေါင်းရဲ့ ဦးစံရှားဆိုရင်တော့ သူ့ဆေးတံကြီးကို အငွေ့တထောင်းထောင်းထအောင် ဖွာပြီး စဉ်းစားနေမှာပဲ။ ကျွန်တော်ကတော့ စီးကရက်ကို နောက်ဆုံး အားရပါးရ ဖွာပြီး ရေထဲလွှင့်ပစ် ပီကေစားရင်း စိုးလာမဲ့လမ်းကို လှမ်းမျှော်ရင်း စဉ်းစားရမယ်။ စိုးက ဒီနေ့မှ တော်တော်ကိုနောက်ကျနေတယ်ဗျာ။ ဒီကလစ်ကလေးရှိလို့သာ တော်ရောတယ်။

ကဲ... ဆက်စဉ်းစားစမ်း...။

ကောင်မလေးက ဆံပင်ကို ကုပ်ဝဲလောက်ပဲထားတာ ဖြစ်နိုင်တယ်။ ပြီးတော့ ဆံပင်ကိုလည်း ခဏ ခဏသပ်တင်တတ်တဲ့ ကောင်မလေးမျိုးဗျာ။ အဲဒီလို ခဏခဏ ဆံပင်ကိုသပ်တင်ရင်းနဲ့ ဒီကလစ်ကလေး ပြုတ်ကျတာကို မသိတာ ဖြစ်ရမယ်လို့ ကျွန်တော်စဉ်းစားပြီး ကျွန်တော့်အသိမှာ မဟုတ်သေးဘူးလို့လည်း သိနေတယ်။ ခုနကအချက်တွေလို မငြိလှဘူး။

ကဲ... နောက်တစ်မျိုးဗျာ။

သိပ်မရင်းနှီးကြသေးတဲ့ သမီးရည်းစားနှစ်ယောက် အတူကြာကြာ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်မိရင် ရင်တွေဘာတွေခုန်လာမှာပဲ။ ဒီမှာ ကောင်လေးက ကောင်မလေးကိုဖက်ဖို့၊ ဒါမှမဟုတ် နမ်းဖို့ ကြိုးစားမယ်။ ကောင်မလေးက လက်မခံပဲ အတင်းရုန်းရင်းက ဒီကလစ်ကလေး ပြုတ်ကျသွားမယ်။

ဒါမှမဟုတ် ကောင်လေးက ဂုဏ်ပကာသန တွေ ဘာတွေကို သိပ်အထင်မကြီးပဲ အရည်အချင်းကိုပဲ မြတ်နိုးတဲ့စိတ်မျိုးရှိမယ်ဗျာ။ ကောင်မလေးက သမီးရည်းစားအသစ်ထုံးစံအတိုင်း ပြောစရာစကား သိပ်မရှိလေတော့ လျှောက်ပြောရင်း ဒီရွှေရည်စိမ်ကလစ်အတုကလေးဆီကို စကားက ရောက်သွားမယ်။ ကောင်လေးက ဒီလိုမလိုအပ်တဲ့ ဂုဏ်ပကာသနတွေအကြောင်း ရှင်းပြတော့ ကောင်မလေးက နားလည်သွားပြီး ပစ်ချထားခဲ့တာရောခင်ဗျ။

နောက်ဆုံးအချက်ကတော့ တော်တော်ပုဂ္ဂလိကဆန်လွန်းတယ်။ ကျွန်တော်ဖြစ်ချင်တာကို ကျွန်တော်ဆွဲထည့်တွေးတာကို ကျွန်တော်က စိုးကို အဲဒီလိုမျိုးဖြစ်စေချင်တာ မဟုတ်လား။ ဒီကလစ်ကလေးပြုတ်ကျခဲ့တဲ့ နောက်ဆုံးအချက်ကို ကျွန်တော် စိတ်ကျေနပ်လောက်အောင်တွေးလို့ကိုမရဘူး ဖြစ်နေတုန်း စိုးလာနေတာကို တွေ့တယ်ခင်ဗျ။ ကျွန်တော်ဟာ ချက်ချင်း စုံထောက်ဦးစံရှားကနေ စိုးရဲ့ချစ်သူ ပြန်ဖြစ်သွားတယ်။

ပထမတော့ ဒီကလစ်ကလေးကို စိုးအတွက် လက်ဆောင်ဝယ်လာတာပါဆိုပြီး ပေးရင်ကောင်းမလားလို့ တွေးမိတယ်။ စိုးလည်း သဘောကျမှာပဲ။ ဒါပေမယ့် ကောက်ရတဲ့ကလစ်ဆိုတာ စိုးမသိတာတောင် ကျွန်တော်ကသိနေတော့ ဘယ်ကောင်းပါ့မလဲ။ သိသွားရင်လည်း ကျွန်တော်တော်တော်လေးအပြောခံရမှာ ဘာမဟုတ်တာလေးနဲ့ ချစ်သူက ပြဿနာရှာတာကို ကျွန်တော်မခံချင်ပါဘူး။

ဒါမှမဟုတ် မင်းအတွက် စိန်အစစ်နဲ့ ကလစ်ကလေး ဝယ်လာ





တယ်ဆိုပြီး စ,ရင်း ပေးရင်ကော...။ ကျွန်တော်လိမ်မှန်း စိုးက ချက်ချင်းသိမှာပါ။ ကျွန်တော်က သူ့ကို ဂျေဒိုးနတ်မှာတောင် အအေးမှန်အောင် တိုက်နိုင်တဲ့ကောင်မှ မဟုတ်တာကိုး...။

ဒီကလစ်လေးကောက်ရကြောင်း ဒီကလစ်ကလေးကို ကြည့်ပြီးကျွန်တော် ဒါတွေတွေးမိတယ်ဆိုတာ ပြောကြရင်ကော...။ ဒါမဆိုးဘူးခင်ဗျ...။ ပျော်စရာလည်းကောင်းမယ် သူ့ဆီက အကြံဉာဏ်လည်း ထပ်ရနိုင်တယ်လို့ ကျွန်တော်တွေးပြီး ကျေနပ်သွားတယ်။ ပြီးမှ ဒီကလစ်ကလေးကို သူယူချင်ရင်လည်း ယူ၊ မယူချင်လည်း လွှင့်ပစ်လိုက်ပေါ့ဗျာ။

"ရောက်နေတာ ကြာပြီလား၊ ပုဇွန်တောင်မှာ ကန်စည်ပြပွဲလုပ်တော့ ကားတွေက ကြပ်နေတာ၊ အဲဒီမှာ မိနစ်နှစ်ဆယ်လောက်ကို ကြာတာ"

"ရပါတယ် စုံထောက်ဝတ္ထုတိုတစ်ပုဒ်စာလောက်ပဲ ရှိသေးတာ"

ကျွန်တော်က အထာနဲ့ပြောတာပါ။ စိုးကတော့ မသိဘူးပေါ့။

"မြတ်လင်းနဲ့ ဥမ္မာတို့လက်ထပ်ကြတော့မယ်တဲ့ သိလား"

"ဟာ... ဟုတ်ရဲ့လား"

"ဥမ္မာကိုယ်တိုင်ကပြောသွားတာပဲ၊ ရှေ့လထဲမှာ မင်္ဂလာဆောင်မှာတဲ့"

ကျွန်တော် အသံတိတ်သွားတယ်။ သူတို့စုံတွဲက ကျွန်တော်တို့နောက်မှ ပြေလည်ကြတဲ့စုံတွဲပါ။ အခု သူတို့တောင် လက်ထပ်ကြတော့မှာဆိုတော့ စဉ်းစားကြည့်ပေါ့ဗျာ။

"အားကျတယ်ကွာ... ကိုယ်တို့လည်း ဘယ်တော့များမှ ဒီလိုမျိုး..."



www.burmeseclassic.com

www.burmeseclassic.com



"အံမယ် ကိုယ့်ဆရာ၊ မြတ်လင်းက ၁၀ သိန်းတင်တောင်းတာတဲ့၊ စက်ပုသွားတုန်းက စုထားတဲ့ငွေနဲ့ဝယ်တဲ့ တိုက်ခန်းလည်း ပါတယ်၊ ဥမ္မာကတော့ ကြွားသွားလိုက်တာ စုံနေတာပဲ၊ ဒီမှာ တစ်ခွန်းမှတောင် ပြန်မပြောနိုင်ဘူး၊ ဘယ်မှာလဲ ၁၀ သိန်း ဘယ်မှာလဲ တိုက်ခန်း"

ကျွန်တော် တော်တော်စိတ်ညစ်သွားတယ်ဗျာ။ ကောင်းကင်တမွတ်ကြယ်ကိုဆွတ်တွေ ဘာတွေ ထားပါဦးဗျာ။ ၁၀ သိန်းတဲ့ ... တိုက်ခန်းတဲ့ ဘယ်လိုမှ ကျွန်တော်နဲ့အလှမ်းမနီးတဲ့ ကိစ္စတွေပါ။ ဒီလိုကိစ္စတွေပြောမိကြတိုင်း စိုးဟာ ကျွန်တော်နဲ့အဝေးကြီးကို ရောက်သွားသလိုပဲ။ အခု ထိုင်နေရ တွေ့နေရ ချစ်နေရတာတွေကလည်း အိပ်မက်ထဲမှာဖြစ်နေသလို ကြီးပဲ ဖြစ်သွားလေ့ရှိတယ်။

"ဒီမှာကြည့်စမ်း စိုး ကလစ်ကလေးတစ်ချောင်း၊ ကိုယ် ဒီကိုရောက်တော့ ကောက်ရတာ ..."

ကျွန်တော့်လက်ထဲက ကလစ်ကလေးကိုထုတ်ပြတော့ စိုးက သိပ်စိတ်မဝင်စားပါဘူး။ မျက်မှောင်တောင်မှ ကုတ်ပြီး ကြည့်သေးတယ်။ ပြီးတော့ မဲ့ပြီး "ရှုပ်ရှုပ်ယှက်ယှက် ..."တဲ့။ ကျွန်တော်ကလည်း စိတ်ညစ်စရာတွေမတွေးချင်လို့ မပြောချင်လို့ တမင်ရှောင်ပြီး ကလစ်ကို ထုတ်တာပါ။ ခုနက ကျွန်တော် စုံထောက်ဆန်ဆန်တွေးထားတဲ့ အချက်တွေကို ပြောပြတော့လည်း စိုးက သိပ်စိတ်မဝင်စားပါဘူး။ သူ့ဆီက အကြံဉာဏ်တွေဘာတွေရဖို့ဆိုတာတော့ ဝေလာဝေးပေါ့။

"ဥမ္မာလေ ... လေသံကစာပြီး လူကို မြှူးနေတာပဲ၊ အခုမှ ကိုလင်းကိုလင်းနဲ့ နှုတ်ဖျားကကို မချဘူး၊ မြတ်လင်း စက်ပုသွားစက အဆင်မပြေလို့ ငွေတွေဘာတွေစုဖို့ မပို့နိုင်တုန်းက Companyက တစ်ယောက်





နဲ့ ဖမ်းနွယ်တာ မပြောလိုက်ချင်ဘူး၊ အေးလေ အခုတော့ သူက ပြောနိုင်ပြီကိုး၊ အသံစာနိုင်ပြီကိုး ... ၁၀ သိန်းနဲ့ တိုက်ခန်းဆိုတော့ ..."

ကျွန်တော် ကလစ်ကလေးကိုကိုင်ပြီး ငြိမ်နေမိတယ်။ မြတ်လင်းဆိုတဲ့ကောင်ကြောင့် ပျော်စရာကောင်းတဲ့အချိန်တော့ ပျက်ပြီပေါ့ဗျာ။ လက်ထဲက ကလစ်ကလေးလည်း ဘာမှကို မတတ်နိုင်ဘူး။ စိုးရဲ့မျက်နှာဟာ မနာလိုစိတ်၊ မကျေနပ်စိတ်၊ ဘဝင်မကျစိတ်တွေနဲ့ ကြည်ကြည်လင်လင်မဟုတ်တော့ဘူးခင်ဗျ။ ကျွန်တော့်ကိုချစ်မိတာ မှားပြီလို့များ စိုး တွေးနေသလား။

"စိုးရာ သူ့တို့ကံနဲ့ သူတို့ပါ၊ ကိုယ်လည်း ကြိုးစားနေတာပဲ၊ ကံဆိုတာ ပြောလို့မရပါဘူး၊ ငွေ ၁၀ သိန်း တိုက်ခန်းတစ်ခန်းထက် ကိုယ်ကတော့ တစ်ယောက်နဲ့တစ်ယောက် ယုံကြည်မှု၊ မြတ်နိုးမှုက ပိုတန်ဖိုးရှိတယ်လို့ ယုံတယ်၊ လက်ထပ်မယ်ဆိုတာ တစ်ဘဝလုံးအတွက်ပါ၊ ငွေ ၁၀ သိန်းနဲ့လည်း မလုံလောက်ပါဘူး ... ယုံကြည်မြတ်နိုးမှုကသာ ... တာရှည် ..."

"တော်တော့ ... ကို ပြောလိုက်ရင် ဒါတွေချည်းပဲ၊ စာထဲက စကားတွေက ပါတိတ်ဆင်ဝယ်လို့ရတာ မဟုတ်ဘူး၊ ကိုပြောတဲ့ မြတ်နိုးတာ၊ ယုံကြည်တာတွေက စားစရာ ဝတ်စရာမှမရှိရင် ဘယ်လိုခိုင်မြဲနိုင်မှာလဲ"

ကျွန်တော် ဘာမှပြန်မပြောနိုင်။ ကျွန်တော် စိုးကို လက်ထပ်ချင်လှပြီ။ ဒါပေမယ့် ဘယ်မှာလဲ ငွေ ၁၀ သိန်းက၊ ကျွန်တော် တော်တော်စိတ်ညစ်သွားတယ်ခင်ဗျ။ လက်ထဲက ကလစ်ကလေးကို လှည့်ကစားနေမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ ကျွန်တော်တို့ခုံအနောက်ကို S.E ဂျိုထောင်ကား အဖြူကလေးတစ်စင်း လာရပ်တယ်။ ကားထဲက အထက်တန်းကျကျဝတ် စားထားတဲ့ ကောင်မလေးနှစ်ယောက်နဲ့ ကောင်လေးတစ်ယောက် ဆင်း လာပြီး အရေးတကြီး ကျွန်တော်တို့ထိုင်နေတဲ့ ခုံနားကို ပြေးလာကြတယ် ခင်ဗျ။

ကျွန်တော်တို့လည်း ဘာမှန်းမသိတော့ သူတို့အနားရောက်တဲ့အထိ ငေးနေမိတယ်။ အနားသာရောက်လာတယ် သူတို့သုံးယောက်စလုံးက ကျွန်တော်တို့ကို မကြည့်ပါဘူး။ ဟိုကြည့်… ဒီကြည့်နဲ့ဆိုတော့ ကျွန်တော် တို့လည်း တော်တော်ကြောင်သွားတာ…။

"ဟို… အစ်ကို…အစ်ကိုတို့ ဒီထိုင်ခုံမှာထိုင်တာ ကြာပြီလား ဟင်… အစ်ကို…"

မောမောပန်းပန်း ရုတ်တရက်ကြီးမေးတဲ့အတွက် ကျွန်တော် အတော် အံ့သြသွားတာအမှန်ပဲ။ သူမေးတာကို ကျွန်တော် နားမလည်ဘူး။ စဉ်းစား နေတုန်း စိုးက ဝင်ပြောတယ်။

"ဘာကိစ္စရှိလို့လဲ… ကျွန်မတို့ရောက်တာတော့ သိပ်မကြာသေး ဘူး"

"ဒုက္ခပါပဲ… သွားပါပြီ၊ ကျွန်မတို့က လွန်ခဲ့တဲ့တစ်နာရီလောက် က ဒီခုံမှာထိုင်သွားကြတာပါ၊ အဲဒါ ရင်ထိုးကလေးတစ်ခု ပျောက်သွားလို့ ဒီမှာများ ကျခဲ့လားလို့ပါရှင်… ဒုက္ခပါပဲ"

ကောင်မလေးရဲ့စကားကိုကြားရတော့ ကျွန်တော် တော်တော် ဝမ်းသာသွားတယ်။ ငိုမဲ့မဲ့နဲ့ စိတ်လှုပ်ရှားလွန်းလို့ လက်ကလေးတွေကို အချင်းချင်းဆုပ်နယ်ပြီး ချိုးနေတဲ့ ကောင်မလေးက ဆံပင်အတိုကလေး





ခင်ဗျ။ ကျွန်တော်တွေးထားတာ မှန်တာပေါ့။ တစ်ခုပဲလွဲတာ ကောင်မလေး တွေပုံစံကြည့်ရတာ တော်တော်ပြည့်စုံကြွယ်ဝကြဟန် တူတာပဲ။

"မင်းတို့ပျောက်တာ ရင်ထိုးလား ကလစ်လား"

"ရင်… ရင်ထိုးကလေးပါရှင်…"

"ဒီဟာလေးလား ဒီဟာလေ…"

"ဟာ…"

သုံးယောက်စလုံးရဲ့မျက်လုံးတွေက မာကျူရီမီးဖွင့်လိုက်သလိုကို ဝင်းထိန်သွားတာခင်ဗျ။

"အမလေး… တော်ပါသေးရဲ့… တော်ပါသေးရဲ့… ဘုရား ဘုရား… ကံကောင်းလို့…"

"အား… ကျေးဇူးတင်လိုက်တာ အစ်ကိုရာ… ကျေးဇူးတင် လိုက်တာ၊ ကျွန်တော့်မှာ ပြာထွက်သွားတာပဲ၊ တော်ပါသေးရဲ့ဗျာ…"

ကောင်လေးက ရင်ထိုးဆိုတာလေးကို မယူသေးပဲ ကျွန်တော့်လက် ကို အားရဝမ်းသာနဲ့ ဆုပ်ကိုင်ထားတာ အကြာကြီးပဲ။ ဆွဲခါယမ်းနေတာ လည်း မပြီးတော့ဘူး။ နာလိုက်တာဗျာ။

"သမီးက ပြန်မရတော့ဘူးကို တွက်ထားတာရှင် တကယ်ပါ၊ ဒီ ရင်ထိုးကလေးက ကျွန်မတို့မင်္ဂလာပွဲမှာ ဝတ်ဖို့ သူက မင်္ဂလာလက်ဆောင် ပေးထားတဲ့ မင်္ဂလာပစ္စည်းကလေးပါ ကျေးဇူးတင်လိုက်တာ…"

သူတို့က လက်ထပ်ကြတော့မယ်စုံတွဲတဲ့။ ဒီနေ့ လက်ထပ်မယ့်လူ တွေနဲ့ တော်တော်အကျိုးပေးနေတယ်ပေါ့လေ…။ ကျွန်တော် တွေးလုံး ထဲက နောက်တစ်ခုထပ်လွဲသွားတာကို မကျေမနပ်ဖြစ်မိနေသေးတာ။ ဒါ ပေါ့လေ… လက်ထပ်ပစ္စည်းဆိုတာ ဘာပဲဖြစ်ဖြစ် မြတ်နိုးစရာ တန်ဖိုး



www.burmeseclassic.com

www.burmeseclassic.com



ထားစရာတစ်ခု မဟုတ်လား။

"ကဲ... ရှောရှော... ကျွန်တော်လည်း ဒီမြက်စပ်က တွေ့ရလို့ ကောက်ထားတာ၊ ကျွန်တော်က ကလစ်ထင်နေတာဗျ..."

"အစ်ကို့စိတ်ဓာတ်ကိုတော့ အရမ်းလေးစားသွားပြီ အစ်ကိုရာ၊ တကယ်ပါ အစ်ကို့လိုလူမျိုးမို့ ပြန်ရတာပါ၊ တခြားလူဆို သွားပြီပေါ့... ကဲ... နဒီရေ..."

"ဟုတ်တယ်... ဟုတ်တယ် ဝမ်းသာပြီးမေ့နေတာ... ခဏလေး နော်"

ဆံပင်ကုပ်ဝဲနဲ့ ကောင်မလေးက ဝမ်းသာအားရ ကားဆီကို ပြန်ပြေးပြန်တယ်ခင်ဗျ။ ဟိုကောင်ကတော့ လက်ကိုဆုပ်ပြီး လှုပ်ရတာ မကျေနပ်သေးလို့ လက်ဆွဲနှုတ်ဆက်ပြန်တယ်။ ဘာတွေဖြစ်နေမှန်းကို မသိပါဘူးဗျာ။ ကောင်မလေး လှစ်ခနဲပြန်ရောက်လာပြီး ကျွန်တော့်လက်ထဲကို အထုပ်တစ်ထုပ်ထည့်တယ်။ ကြည့်လိုက်တော့ ထောင်တန်တစ်အုပ်။

"ဟာ... ဘာလုပ်တာလဲ၊ မလုပ်ပါနဲ့ မဟုတ်တာ..."

"ဘယ်လိုမှ မထင်ပါနဲ့ရှင်... နည်းတယ် များတယ်လည်း မထင်ပါနဲ့နော်၊ အစ်ကို့ကို ကျေးဇူးတုံ့ပြန်တာပါ၊ ယူပါ အစ်ကိုရယ်..."

ကောင်မလေးစကားဆုံးတော့ စိုးက ဝုန်းခနဲ ထရပ်ပြီး မျက်လုံးအပြူးသားနဲ့ မေးတယ်ခင်ဗျ။

"ဒါ... ဒါဆို... ဒီရင်ထိုးက..."

"ဟုတ်ပါတယ် အစ်မရယ်၊ ပစ္စည်းတန်ဖိုးထက်ဆိုရင်တော့ အများကြီးနည်းပါတယ်၊ ရင်ထိုးက စိန်တစ်လုံးတင် သိန်း ၃၀ လောက်တန်တာပါ၊ မငြင်းပါနဲ့ အစ်ကို ပစ္စည်းပြန်ပေးတဲ့လူကို ပေးမယ်လို့ ဆုံးဖြတ်





ထားလို့ပါ၊ ယူပါ အစ်ကို... အစ်ကို့ကိုတော့ အရမ်းလေးစားတယ်ဗျာ... ကျွန်တော်တို့က ပြန်မရတော့ဘူးကို တွက်ထားကြတာ..."

❋



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကိစ္စပြီးတော့ ကျွန်တော်နဲ့ စိုးနဲ့လည်း ပြတ်ကြတာပဲ။

စိုးက ငိုလိုက်တာဗျာ။ မျက်ရည်တွေကို မနည်းပါဘူး။ ဘယ်လိုမှ ရှင်းပြလို့လည်း မရဘူး။ စိုးတင်မဟုတ်ပါဘူး ဒီကိစ္စကိုသိသွားတဲ့လူတိုင်းကလည်း ကျွန်တော့်ကို ငတုံးတဲ့... အရူးတဲ့ခင်ဗျ။

စိုးက ငိုရင်း ဒေါသတွေဘာတွေထွက်လာပြီး ကျွန်တော့်မျက်နှာကို သုံးလေးချက်ကုတ်ဆွဲရင်း အော်တယ်ဗျာ...

“ရှင်ဟာ အရူး... အသုံးမကျတဲ့လူ... ရှင့်လိုလူမျိုးနဲ့နေလို့ကတော့ တစ်သက်လုံးကြီးပွားမှာမဟုတ်ဘူး၊ အခုထွက်သွား...” တဲ့။

ဘာတတ်နိုင်မှာလဲဗျာ...။

ကျွန်တော်လည်း သိမှမသိပဲ။ မသိတာမှ... အခုဆို ဘာကို ဝမ်းနည်းရမှန်းကို မသိတာခင်ဗျ။

အစကတည်းက ကြိုသိထားပြီဆိုပါတော့ ခင်ဗျားဆိုရင်ရော... ဘယ်လိုလုပ်မလဲ!။

ကဲ...။

✣








“ခြင်...”



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





ညစာထမင်းကို ညကိုးနာရီခွဲလောက်တွင်စားပြီး စီးကရက်တစ်လိပ်ကို မီးမညှိသေးပဲ လက်ကြားညှပ်ကာ စာအုပ်တစ်အုပ်ကို ကိုင်ရင်း ကျွန်တော် ခုတင်ရှိရာအခန်းထဲသို့ ဝင်လာခဲ့သည်။ ကျွန်တော့်စိတ်ကူးက ညစာထမင်းကောင်းကောင်းစားခဲ့ပြီးနောက် စီးကရက်ကလေးခဲကာ ခုတင်ပေါ်တွင်နှပ်ရင်း စာဖတ်ရန်ဖြစ်သည်။ စာဖတ်ရင်း မျက်စိညောင်းလာလျှင်လည်း အိပ်လိုက်မည်ဖြစ်၏။

သို့သော် ခုတင်ပေါ်သို့လှဲချရန် အထိုင်တွင် ကျွန်တော် မျက်စိရှေ့လက်လှမ်းရန်အနေတော်လောက်မှ ခြင်တစ်ကောင် လေးလေးကြီးပျံသန်းလာသည်ကို မြင်သဖြင့် ဘာရယ်မဟုတ်ဘဲ ရိုက်လိုက်ရာ ထိုခြင်မှာ ကျွန်တော့်လက်ဝါးနှစ်ဖက်ထဲတွင် 'ဖိ' ခနဲမြည်အောင် သေဆုံးသွားသည်ဟု ခံစားရသဖြင့် လက်ဝါးကိုဖွင့်ကြည့်တော့ ဘယ်ဘက်လက်ဝါးတွင် ခြင်သေ





နှင့်အတူ နီရဲနေသောသွေးကွက်တစ်ကွက်ကို တွေ့လိုက်ရ၏။

ကျွန်တော် ခေတ္တငိုင်ကာ စဉ်းစားမိသည်။

ထိုခြင်သည် ကျွန်တော်တို့မိသားစု တစ်ဦးဦးကို စွန့်စားမှုများစွာနှင့် ကိုက်ကာ ဗိုက်ဝသွားသဖြင့် ဇိမ်ရှိရှိ တစ်နေရာရာ၌နားကာ နှပ်နေရန် ကျွန်တော့်ရှေ့က ဖြတ်အပျံတွင် သေဆုံးရခြင်းဖြစ်ဟန်တူသည်။ ကျွန်တော်လည်း ထမင်းကောင်းကောင်းစားကာ ဗိုက်ဝပြီး နှပ်ရန်ကြံနေသူဖြစ်သည့်အတွက် ထိုခြင်အတွက် စိတ်မကောင်းဖြစ်မိကာသွားသည်။ ငါ... ဘယ်လိုစိတ်မျိုးနဲ့ ရိုက်မိလိုက်ပါလိမ့်... ဟု ကိုယ့်ကိုယ်ကိုယ် မေးမိသည်။

တစ်စုံတစ်ရာ ရည်ရွယ်ချက်တော့ မရှိပါ။ မျက်စိရှေ့ရောက်လာသဖြင့် ကောက်ရိုက်လိုက်ခြင်းသာ ဖြစ်ပါသည်... ဟု တွေးနေမိသည်။ ဒီခြင်ကိုကလည်း တော်တော်ကံဆိုးဟန်တူသည်။ သွေးဝပြီးလျှင် တစ်နေရာရာမှာသာ နားနေပါက ဒီအဖြစ်မျိုးနဲ့ကြုံမည်မဟုတ်၊ ကျွန်တော့်ခုတင်ဘက်ကို ပျံလာသည်ထားဦး ကျွန်တော့်မျက်စိရှေ့မှ မဟုတ်ပဲ တစ်ခြားနေရာများမှ ပျံသန်းသွားလျှင် ကျွန်တော်ပင်သိလိုက်မည် မဟုတ်။ သူ(ခြင်)ကိုက သေနေ့စေ့ဟန်တူသည်ဟု ကျွန်တော်တွေးကာ စိတ်ကူးကိုရပ် သော်လည်း စိတ်ကူးက ထိုနေရာတွင်ပင် ရပ်မသွား။

ခြင်ပေါင်းများစွာထဲက ဒီခြင်ကိုမှ ကျွန်တော်ရိုက်လိုက်မိခြင်းသည် သူ့ဝဋ်ကြွေးဆုံးခြင်း (ဆပ်ခြင်း)ကံလား။ ကျွန်တော့်အကုသိုလ်ကံ အစလား။ ဒီခြင်သည် ကျွန်တော်ရိုက်၍သေရန်အတွက် ကျွန်တော့်အိမ်ပတ်ဝန်းကျင်မှာ မွေးဖွားခဲ့ရမည်။ အခြား မည်သည့်အတွက်မှ မသေပဲ ခုနကအချိန်ထိ အသက်ရှင်နေရမည်။ ပြီးမှ ကျွန်တော်ရှိရာဘက်သို့ အချိန်ကိုက်ကွက်တိပျံသန်းလာရဦးမည်။ (ကျွန်တော် အိပ်ခန်းအဝင်ဝ၌ သွားကြား

www.burmeseclassic.com



ထဲတွင်ညပ်နေသော အသားစကိုသာ စက္ကန့်သုံးဆယ်လောက် အချိန်ယူ၍ ဖယ်နေရမည်ဆိုလျှင် ထိုခြင်နှင့် လွဲသွားနိုင်ပါသည်။ သို့သော် အသားစက ချက်ချင်းခွာ၍ ရသွားခဲ့သည်။) အခုတော့ အရာအားလုံးသည် ကွက်တိ ဖြစ်လာခဲ့သည်။

ကျွန်တော်သိသလောက်တော့ ခြင်သည် အနော့ဖလိပဲဖြစ်ဖြစ် ကျူး လက်ပဲဖြစ်ဖြစ် အများဆုံး (၁၀) ရက်ပတ်ဝန်းကျင်ခန့်သာ အသက်ရှင် နိုင်သည်။ ထိုပုံမှန်အသက် ၁၀ ရက်အတွင်း ရာသီဥတုဒဏ်၊ ခြင်ဆေးနှင့် အိမ်မြှောင် ပင့်ကူတို့၏အန္တရာယ်၊ လူရိုက်ခြင်းဖြစ်စဉ်တို့မှ လွတ်မြောက် ကာ သူတို့အစာဖြစ်သော လူသွေးကို သောက်ခွင့်ရသော ခြင်သည် တစ် သောင်းမှာ တစ်ကောင်ခန့်သာရှိနိုင်သည်။ အခုတော့ ရှားရှားပါးပါး အောင်မြင်လာသောခြင်တစ်ကောင်သည် လူသွေးကိုသောက်ပြီးစ ဓိမ်ပင် မယူနိုင်ပဲ သွားရှာလေပြီ။

ကျွန်တော် လက်ဖဝါးနှစ်ခုညှပ်သည့်ကြားထဲတွင် သူ့ကိုယ်သူ ဘာမှန်းပင်သိလိုက်မည်မဟုတ်ပဲ ဘဝပြောင်းသွားလေပြီ။ (ကျွန်တော်က ခြင်သည် ကူးစက်တတ်သောရောဂါပိုးကို သယ်ဆောင်တတ်သော အင်း ဆက်ဟု မတွေးပဲ သတ္တဝါတစ်ကောင်၏သေခြင်းဘက်မှ တွေးနေခြင်း သာဖြစ်သည်။)

ကျွန်တော် လက်ဖဝါးထဲကခြင်ကို စိတ်မကောင်းစွာ ငေးကြည့်နေ မိသည်။ ကျွန်တော်သာ ခုတင်၏ယခုနေရာမှာ မထိုင်မိပဲ တစ်ပေခန့် ခွာ ထိုင်မိခဲ့လျှင်လည်း ထိုခြင်သည် ယခုလောက်ဆို နံရံတစ်နေရာမှာ နားကာ နပ်နေလောက်ပြီ။ စိတ်မကောင်းစွာဖြင့် ကျွန်တော် ငေးကြည့်နေမိတုန်း ကျွန်တော့်နံဘေးပေါင်မှာ ပူကနဲ ဖြစ်သွားသဖြင့် မသိစိတ်ဖြင့် ကျွန်တော်





လှမ်းကာရိုက်လိုက်သည်။

ထိုလျှပ်တစ်ပြက်အချိန်အတွင်းမှာပင် ခြင်ကို မမိချင်။ ထိုခြင်က မျက်နှာနားကို ပွတ်သပ်ကာ 'ဇီ' ခနဲ တောင်ပံခတ်သံပေးကာ ပျံသန်း သွားခြင်း၊ ကျွန်တော့်လက်ကြားထဲမှာ ညှပ်ထားသော စီးကရက်မှာ ထက်ပိုင်းကျိုးကာသွားခြင်း၊ ထိုခြင်ကို ကျွန်တော်လိုက်ရိုက်သော်လည်း လွတ်ကာသွားခြင်းကို ဆက်တိုက်ဖြစ်ကာသွား၏။

လက်ကြားထဲမှာ ထက်ပိုင်းကျိုးသွားသောစီးကရက်ကို ငေးကြည့် ကာ ကျွန်တော် တော်တော်ဒေါသထွက်ကာသွားသည်။ ထိုစဉ် ခြင်တစ် ကောင်ပြေးဝင်လာသဖြင့် အားနှင့် ရိုက်ချလိုက်သည်။ ပြီး လက်ဝါးကို ဖွင့်ကြည့်လိုက်တော့ ပုံသဏ္ဍာန်ပျက်ကာ လုံးထွေးနေသောခြင်သေကို မြင် ရသဖြင့် ကျွန်တော်ဝမ်းသာကာသွား၏။ လက်ဝါးနှစ်ဖက်ကို ပွတ်ချေ လိုက်တော့ ထိုခြင်သည် အမှုန့်ဖြစ်ကာ ပျောက်သွားသည်။

ထို့နောက် ကျွန်တော့်ရှေ့တွင် ဟိုမှဒီမှ ဝဲပျံနေသောခြင်တွေကို စောင့်လိုက်ကာ ရိုက်နေပါသည်။ ခြင်တစ်ကောင်မိတိုင်း ကျွန်တော် ဝမ်းသာသည်။ ဖြန်းခနဲ တစ်ခါရိုက်ပြီးတိုင်းလည်း လက်ဖဝါးနှစ်ဖက်ကို ဖွင့်ကြည့်ရတာ အမော။ ကျွန်တော်ရိုက်ရင်းက ခုတင်လှုပ်၊ ခြင်ထောင် လှုပ်၍လားတော့ မသိ။ ခြင်တွေက ပိုကာ များများလာသည်။

ဖြန်းခနဲ ရိုက်ပြီးတော့ လက်ဖဝါးနှစ်ဖက်ကို ဖွင့်သည်။ ခြင်ကို မတွေ့ရ။ သို့သော်... ဘယ်ဘက်လက်ချောင်းတွေကြားမှာ ရှေ့ခြင်က ညှပ်ကာနေ၏။ လက်ချောင်းများကို တင်းတင်းစေ့ရင်း ညာဘက်လက် နှင့် ဖိချေရန် ယူတော့မှ ထိုခြင်က လှစ်ခနဲပျံကာ ထွက်သွားသည်။ ကျွန်တော်လိုက်ရိုက်တာလည်း မမိတော့။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်မဲကာ ကျုံးကာ ခြင်တွေကို လိုက်ရိုက်ကာနေမိသည်။ ခေါင်းကိုဖြတ်ပြေးသည့်အကောင်ကို နဖူးခံကာရိုက်သည်။ လက်မောင်းနားကခြင်ကို လက်မောင်းခံကာရိုက်၏။ ကျွန်တော် ရှေ့မှာမဲရိုက်တုန်း ကျောကုန်းကိုဝင်တွယ်သောခြင်လည်း ရှိသည်။ ဒီလောက်ရိုက်နေသည့်ကြားက လက်ဖျံပေါ်ကိုဆင်းကာ ဝင်နားသောခြင်ကို အသာငြိမ်စောင့်ကာ ပိုင်မှ ရိုက်သည်။ သို့သော် မမိ။ ထိုခြင်ပျံထွက်ရာနောက်သို့ မဲကာလိုက်ရိုက်ရင်း လက်ဖဝါးနားပျံလာသော နောက်ခြင်တစ်ကောင်ကို မိသည်။ ကျွန်တော်ရိုက်လေ ခြင်တွေက ကျွန်တော့်နားမှာပိုဝဲကာ ပျံကာလေလေ ဖြစ်သည်။

ပုလဲဆိပ်ကမ်းကို ဗုံးကြဲသော ဂျပန်လေယာဉ်တွေလို ခြင်တွေက ကျွန်တော့်အနားမှာ ဝဲကာနေသည်။ ကျွန်တော် လက်မလည်အောင် ရိုက်နေရ၏။ “The Longest Day” ဆိုသော ကားထဲမှာ အမေရိကန်တပ်တွေက ဂျာမန်တွေသိမ်းထားသော နော်မန်ဒီကမ်းခြေသို့ တက်စဉ် စက်သေနတ်နှင့် ကမ်းပေါ်က အပိုင်ပစ်ရသော ဂျာမန်တွေကို ကျွန်တော် သတိရသည်။ များစွာသောလူတွေထဲမှာ သူ့စိတ်ထင်ရာကို ပစ်ခွင့်ရှိသည်။ သူ့စိတ်ထင်ရာရွေးချယ်မှုကလေးတစ်ချက်သည် ဟိုတစ်ဖက်က ဘဝတစ်ခုဆုံးခြင်း(သေဆုံးခြင်း)ပင် ဖြစ်၏။

အခု ကျွန်တော်လည်း မျက်စိရှေ့တွင်မြင်နေရသော ဝဲပျံနေသည့် ခြင်တွေများစွာထဲက စိတ်ထင်ရာကိုရွေးကာ ရိုက်နေသည်မဟုတ်လား။ ကျွန်တော်နှင့်နီးတိုင်း ထိုခြင်သေခြင်းမဟုတ် တစ်ခါတစ်ရံ အဝေးမှခြင်ကို ကုံးကာ (ဘာကြောင့်မှန်းမသိ) လိုက်ရိုက်မိတာလည်း ရှိသည်။ လွတ်သွားသည့်ခြင်ကို ဇောအရှိန်နှင့် သုံးလေးချက် မရမက လိုက်ရိုက်တာမျိုး





လည်း ရှိသည်။

ထိုသို့ခြင်ရိုက်ရင်းကပင် ကျောင်းတက်စဉ်က စံရိပ်ငြိမ်အဆောင်တွင်ကြုံဖူးသော သူငယ်ချင်းတစ်ယောက်ကို သတိရမိသေးသည်။ ဒီကောင်က ညဆိုလျှင် သူ့ခြင်ထောင်ထဲသို့ ခြင်တွေကိုသွင်းကာ မကုန်မချင်း လိုက်ရိုက်လေ့ရှိ၏။ တစ်ရက်လည်းမဟုတ် နှစ်ရက်လည်းမဟုတ်... ညစဉ်ဖြစ်သည်။ ဒီကောင့်ကို သူငယ်ချင်းတွေက “မော်စကွီတိုဟစ်တလာ” ဟုနောက်ကာ ခေါ်ကြသည်။

ကျွန်တော်တွေးရင်းက ခါးကိုဆန့်ကာ အပေါ်မှခြင်ကို တီးထည့်လိုက်သည်။ မိလည်းမိသည်။ ထိုစဉ် မိန်းမက ခြင်ဆေးခွေထွန်းပြီးသားကိုလာကာချသည်။

“နေပစေ ပြန်ယူသွား...”

“ထွန်းထားလိုက်... တဖြန်းဖြန်းနဲ့ တော်ကြာ ကလေးနိုးသွားလိမ့်မယ်”

“အေးပါကွ...”

ကျွန်တော်ပြန်ပြောရင်း ခြင်တစ်ကောင်ကို လှမ်းကာ ရိုက်သည်။ မိ၏။

“တိုးတိုးပါဆိုနေမှ အဓိပ္ပာယ်မရှိ ခြင်တွေလျှောက်ရိုက်နေတယ်၊ ကလေးတော့ နိုးတော့မှာပဲ...”

မိန်းမက အံကိုကြိတ်ကာ ကြိမ်းသည်။ ခဏငြိမ်လိုက်တော့မှ ကျွန်တော် တော်တော်မောနေမှန်းသိရ၏။ ကျွန်တော့်လက်ဖဝါးနှစ်ဖက်ကိုဖွင့်ကာကြည့်တော့ မဲနက်သောအစု၊ အစက်အကြောင်းလေးတွေအဖြစ်နှင့် သေနေကြသောခြင်များကို တွေ့ရသည်။ ကျွန်တော် လက်ဖဝါးကို



www.burmeseclassic.com

www.burmeseclassic.com



ေးကာ ကြည့်နေမိသည်။ ကျွန်တော့်လက်ဖဝါးနှစ်ဖက်စလုံး ခြင်သွေးတွေကြောင့် ကပ်စေးစေးဖြစ်ကာနေသည်။ ကျွန်တော် ဘာတွေဖြစ်သွားသနည်း။

"ခြင်ထောင်ချလိုက်တော့လေ..."

မိန်းမအသံကြားရတော့ လက်ဝါးနှစ်ဖက်ကိုပွတ်ကာ ချေလိုက်တော့ အားလုံးချေး(ဂျီး)အမှုန့်ဖြစ်ကာ ကြွေကျကုန်သည်။ စာဖတ်ချင်စိတ်လည်း မရှိတော့သဖြင့် ကျွန်တော် ခြင်ထောင်ကိုချကာ အထဲသို့ ဝင်လိုက်သည်။

စောင်ကိုကျကျနနခြုံပြီး ပက်လက်လှန်ကာ ကျွန်တော် စဉ်းစားနေမိသည်။ ကျွန်တော် ဘာဖြစ်လို့ ခြင်တွေကို လိုက်ရိုက်နေမိသနည်း။ စီးကရက်ကျိုးသွားသည့်အတွက် စတင်ရိုက်မိခြင်းဖြစ်သော်လည်း ထိုခြင်များကို ရိုက်နေချိန်မှာ စီးကရက်ကို နမြောရမှန်း လုံးဝ သတိမရတော့တာ သေချာပါသည်။

ကျွန်တော့်အခန်းထဲက ဟိုဘက်ခုတင်မှာ လေးလသား ကျွန်တော့်ကလေးရှိသည့်အတွက် ညရေးညတာထဖို့ မီးဖွင့်ထားသဖြင့် ခြင်ထောင်အမိုးကို ကျွန်တော် ထင်လင်းစွာမြင်နေရသည်။ ကျွန်တော်မြင်နေရသော ခြင်ထောင်အမိုးမှာ ခြင်တစ်ကောင် ဟိုဟိုဒီဒီပျံဝဲနေတာ တွေ့ရ၏။ သို့သော် ကျွန်တော် မျက်စိကိုအတင်းမှိတ်ကာ အိပ်ဖို့ ကြိုးစားလိုက်သည်။

နောက်နေ့မနက် မိုးလင်းတော့ မိန်းမက ကျွန်တော့်ကို ခြင်ထောင်ထဲဝင်ကာ နှိုးသည်။

"ဆယ့်တစ်နာရီတောင်ထိုးနေပြီ ထတော့..."

ထို့နောက် ဖြန်းခနဲခြင်ရိုက်သံကို ကြားလိုက်ရ၏။ မိန်းမက လက်ဝါးနှစ်ဖက်ကိုဖြန့်ကာ နှာခေါင်းကိုရှုံ့ရင်း ပြောသည်။

"ကြည့်ပါဦး... ခြင်က သွေးတွေဝလို့ပါလား"... တဲ့။

✤





# "နမ..."

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

ဘကြီးဖြိုးက သူ့အတွက်ခင်းပေးထားသော ဘုရားခန်းရှေ့က ဖျာပေါ်တွင် ဣန္ဒြေရရဝင်ထိုင်ကာ ကွမ်းအစ်ကိုဆွဲယူပြီး ခပ်အေးအေးပင် ကွမ်းတစ်ယာကို ယာသည်။ တစ်အိမ်လုံးတိတ်ဆိတ်နေပြီး သူတို့ နေ့စဉ် ယာစားနေကြသောကွမ်းယာခြင်းအလုပ်ကိုပင် အထူးအဆန်းတစ်ခုလို ငေးကြည့်နေကြ၏။

ကွမ်းရွက်ပေါ် ထုံးတို့၊ ကွမ်းသီးခြမ်းထည့်၊ ရှားစေးနည်းနည်းနှင့် ဆေးရွက်ကြီးနည်းနည်းကို ဆွဲဖြကာထည့်သောကိစ္စမှာ အင်းတောရွာကလေးတွင် နေ့စဉ် ကလေးကအစမြင်ဖူးသော သမားရိုးကျမြင်ကွင်းတစ်ခု ဖြစ်သော်လည်း အားလုံးက တိတ်ဆိတ်စွာ ဝိုင်းငေးကြည့်နေကြတာ အမှန်ပင် ဖြစ်သည်။

ငေးကြည့်နေသူအားလုံး ဆယ့်လေးဦးရှိသော်လည်း ဘာအသံမှ





မကြားရ။ ဘကြီးဖြိုးယာနေသောကွမ်းရွက်ထဲမှာ ထည့်ပြီးသား ကွမ်းသီးစိတ်တစ်ခုက ခုန်ထွက်ကာ အောက်သို့ကျသောအသံသည်ပင်လျှင် တော်တော်ကျယ်သွားသည်။ ရှေ့ဆုံးမှာထိုင်နေသော အောင်ဘုက ထိုကွမ်းသီးစိတ်ကလေးကိုကောက်ကာ သူ့လက်ထဲတွင် ဆုပ်ကာထားလိုက်၏။ ဘကြီးဖြိုးက မျက်လုံးတစ်ချက်လှန်ကာ ကြည့်ရင်း ကွမ်းယာကို ဆက်ယာသည်။

အောက်ကိုကျသွားသော စားစရာကို လွှင့်ပစ်ရမည် မဟုတ်လား။ ဘကြီးဖြိုးလို တစ်ရွာလုံးကအားကိုးရသော ဆေးဆရာတစ်ယောက်ကို အောက်ကျသွားသည့် ကွမ်းသီးစိတ်ကို ပြန်မပေးကောင်းမှန်းလည်း အားလုံးက သိကြသည် မဟုတ်လား။ ဘကြီးဖြိုးက ကွမ်းရွက်ကို စုထုတ်ကာ သူ၏နှုတ်ခမ်းမွှေးကားကားကြီးနှင့် မုတ်ဆိတ်မွှေးတွေထူနေသော နှုတ်ခမ်းနှစ်ခုကို ဟ,ကာထည့်ပြီး နေပုံထိုင်ပုံကို အနည်းငယ်ပြင်ကာ "အဟမ်း... အဟမ်း..." ဟု ချောင်းကိုဟန့်ပြီး ပရိသတ်ကို ကြည့်သည်။ ထိုအသံကြောင့် ဘကြီးဖြိုးကို ငေးကြည့်နေသူများ ခေါင်းငုံ့ကာသွားကြ၏။

ပြီးမှ ဘကြီးဖြိုးက နံဘေးမှာလဲနေသောသူ့ကို တစ်ချက်ငဲ့ကာ ကြည့်သည်။

သူ့နံဘေးမှာလဲနေသူက အသက်ခုနှစ်ဆယ်လောက်ရှိပြီ ဖြစ်သည်။ အသားအရည်ကဖြူရော်ကာ ကြုံလှီသေးကွေးနေပြီဖြစ်သော လက်ကလေးနှစ်ဖက်ကို ရင်ဘတ်ပေါ်တင်ကာထား၏။ မျက်ဆံနက်မှ တစ်ပါး ဘာမှ မလှုပ်ရှားနိုင်တော့သည့် လေဖြတ်ဝေဒနာသည်တစ်ယောက် ဖြစ်သည်။

ဘကြီးဖြိုးက သူ့ကို တစ်ခါပြန်ငေးကြည့်နေသော ပရိသတ်ကို တစ်ချက်လှမ်းကြည့်ရင်း ရင်ထဲမှာ မာနစိတ်ကဝင်လာလာသည်။ ကိုယ်လို



www.burmeseclassic.com

www.burmeseclassic.com



သူလိုလူချင်းက ရိုသေကြောက်လန့်ကာ အားကိုးနေသည်ကို မည်သူက မသာယာပဲ နေမည်နည်း။

ထိုသဘောကို သာဒ္ဒေယျ ဟုခေါ်သည်။

သီလမရှိပဲ သီလရှိဟန်၊ သမာဓိမရှိပဲ သမာဓိရှိဟန်၊ စွမ်းရည်သတ္တိမရှိပဲ စွမ်းရည်သတ္တိရှိဟန်၊ ပညာမရှိပဲ ပညာရှိဟန်၊ ဥစ္စာမရှိပဲ ဥစ္စာရှိဟန်ဆောင်က ကိုယ်လိုသူလိုလူများ၏ လေးစားယုံကြည် ကြည်ညိုမှုကို ယူလိုခြင်းပင်ဖြစ်သည်။ စံစားလိုခြင်းပင် ဖြစ်သည်။

ဘကြီးဖြိုးက ဗိန္ဓောဆရာဆိုသော်ငြားလည်း ဟုတ်ဟုတ်ငြားငြားထဲက တော့ မဟုတ်။ ငယ်စဉ်က ဝတ်ဖြည့်ခဲ့သော ကျောင်းထိုင်ဆရာတော်ထံမှ ရခဲ့သော ဗိန္ဓောကျမ်းကိုကိုင်ကာ ဆေးကုသူဖြစ်၏။ ပျောက်သူလည်းရှိ၏။ ဂန့်သွားသူလည်း မနည်းလှ။ သို့သော် ဒီရွာလေးရွာမှာတော့ ဆေးဆရာဟူ၍ သူတစ်ယောက်သာရှိလေသည်။ ထိုသာဒ္ဒေယျကလေးနှင့် ကျေကျေနပ်နပ်ကြီးပင် ဆရာဖြိုးက စကားစသည်။

"အဟမ်း... ဟမ်း ဖြစ်တာ ဘယ်လောက်ကြာပြီလဲကွဲ့"

"လေး... လေးလကျော်ကျော်လောက် ရှိပါပြီ၊ ပြီးခဲ့တဲ့ ဝါဆိုကတည်းက လဲတာပါပဲ"

ဘကြီးဖြိုးက ကွမ်းကိုဝါးရင်း ခေါင်းကို တဆတ်ဆတ်ငြိမ့်ကာ သူ့နံဘေးမှာ ပက်လက်ကလေးလန်နေသောလူ၏ လက်ကို တစ်ချက်ဆွဲယူကာ လက်ကောက်ဝတ်ကိုစမ်းသည်။ အသားက အေးစက်ကာ ပျော့စိနေပြီဖြစ်၏။ လူနာက သူ့ကို မျက်လုံးကလေးတစ်ချက်လှန်ကာ ကြည့်သည်။ ဘကြီးဖြိုးက ကွမ်းတံတွေးထွေးရန်ပြင်တော့ တစ်ယောက်က ထွေးခံကို ကမန်းကတမ်းရွေ့ကာပေး၏။





"မိုက်လှချည်လားကွာ...လက်တော့လွန်ကုန်ပြီဟော့၊ မင်းတို့နှယ်ကွာ..."

ပရိသတ်အားလုံး မျက်စိမျက်နှာပျက် ဖြစ်ကုန်သည်။

"ဆရာဖြိုးရယ်... တတ်နိုင်ရင်တော့ ကယ်ပါဦး..."

အောင်ဘုက တုန်ယင်နေသောအသံနှင့် ဆိုသည်။

"အေး... လကွယ်... မင်းတို့က မိုက်တာကိုးကွဲ့၊ လွန်ခဲ့တဲ့လလောက်ဆို ငါ ဘာမှုမလဲ၊ အခုတော့ အလာကောင်းပေမယ့် အခါနှောင်းပြီလို့ ဆိုချင်တာပဲ၊ ဒါပေမဲ့ ငါ့ရဲ့သမာဓိ ငါ့ပညာနဲ့တော့ ကြိုးစားရသေးတာပေါ့၊ ဘုရားဟောမှာက လူတစ်ယောက်ရဲ့ကျန်းမာရေးဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဆိုတဲ့ အရာလေးပါးပေါ်မှာ တည်တာကိုး... အစာရောဝင်ရဲ့လားဟေ့"

"ကျွေးပါတယ် မျိုကို မချတော့တာ..."

"လက်လွန်ပြီ... လက်လွန်ပြီ... မင်းတို့ကမိုက်တာကိုး... ငါတစ်ယောက်လုံးရှိရက်နဲ့..."

အားလုံး ငြိမ်ကာသွားသည်။ ဘကြီးဖြိုးက သက်ပြင်းကြီးကို ချကာ ဆက်ဆူသည်။ ဘကြီးဖြိုးက လူပျိုကြီး၊ တစ်ဦးတည်းသောသားလည်းဖြစ်သည်။ မိဘနှစ်ပါးကွယ်လွန်တော့ တစ်ယောက်တည်းနေရသဖြင့် စကားပြောဖော်က မရှိ။ ရပ်ထဲရွာထဲ ဆရာပဲ ဆိုတော့လည်း လူတိုင်းနှင့် စကားပြောလို့မဖြစ်ဆိုတော့ အခုလို ပြောချင်တာပြောခွင့်ရတုန်း သူအောင့်ထားရသောစကားတွေကို အားရပါးရပြောသည်။

ဘကြီးဖြိုးပြောသည့်အထဲတွင် သူကျက်ထားသည့် ဗိန္ဓောဆေးပညာအကြောင်းလည်းပါသည်။ မိဘကျေးဇူးကြီးမားပုံလည်း ပါသည်။ သူ့ကို

www.burmeseclassic.com



ဆေးပညာသင်ပေးသော ရှာဦးဆရာတော် ဦးပညာသီလ၏ အကြောင်းလည်းပါသည်။ ကုသိုလ်နှင့် အကုသိုလ်အကြောင်းလည်းပါသည်။

"အေး... တို့ဆရာတော်က ဘယ်လိုမိန့်ဖူးသလဲဆိုတော့ကွာ... အကုသိုလ်မျိုး စိတ်ယုတ်ဆိုးကို ကြိုးကြိုးစားစား ရေးသည့်အားကြောင့် အများလူပေါင်း၊ စိတ်ယုတ်ပြောင်း၍၊ စိတ်ကောင်းရစေ... တဲ့၊ အဲဒါ... တို့ဆရာတော်ဘုရားရဲ့ ရှေးအစဉ်အဆက် ဆရာတော်ဘုရားကြီး ရှင်ဇနကာဘိဝံသရဲ့ အဆုံးအမပဲ"

ဘကြီးဖြိုးက လက်အုပ်ကိုချီကာ ထိုသံပေါက်ကိုရွတ်သဖြင့် ကျန်သူတွေအားလုံးလည်း လက်အုပ်ချီလိုက်ကြရသည်။ နံဘေးက လေဖြတ်သူလူနာကတော့ သူ့ဝေဒနာကြောင့် မျက်စိကိုမှိတ်ကာ ငြိမ်သွားသည်။ ဒါကိုသားအကြီးအောင်ဘုကတွေ့ကာ ဘကြီးဖြိုးကို ကြည့်သည်။ လက်အုပ်ချီရင်း...

"ဆရာကြီး အဖေ့ကိုလည်း ကုဖို့ ကြည့်ပါဦး..."

"ဟ... ကောင်ရ ... ငါ့အလုပ်ကို ငါသိပါတယ်ကွာ၊ ငါပေးမယ့်ဆေးက မွှန်းလွဲမှ အသုံးတည့်မှာ၊ ဒီမယ်... လူတစ်ယောက်မှာ ခုနကပြောခဲ့တဲ့ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတာက အရေးကြီးတယ်။ ကံရယ်ရာသီဥတုရယ် စိတ်ရယ်က တို့ပိုင်တာမဟုတ်ဘူးကွဲ့၊ ကိုယ်တိုင်ပိုင်တဲ့အရာတွေပဲ၊ အင်း... အာဟာရကလည်း မဝင်လေတော့... အဟမ်း!! ခက်တာ... အဟမ်း!! ခက်တာပေါ့... ခက်တာပေါ့... အဟမ်း..."

ဘုရားဟော လေးခုမှာ သုံးခုက ဆရာဖြိုးမပိုင်။ တစ်ခုကလည်း မရှိဆိုတော့ ရှေ့ကလူတွေ မျက်နှာပျက်ကုန်ကြသည်။

"တတ်နိုင်သမျှ ကြိုးစားပေးပါဦး ဆရာကြီးရယ်..."





"အေးလကွယ်... မင်းတို့ မိုက်ကြတာကိုး... အဟမ်း...ဟမ်း... ကဲ... ကဲ ဘယ်လိုနောက်ကျသော်လည်း သူ့ကံနဲ့ ဆရာ့ကံနှစ်ခုကို အားကိုးပြီး ဘုရား တရား သံဃာ ရတနာသုံးပါးအားကိုးနဲ့ပဲ ကုကြတာပေါ့၊ ဘုရားဆေးဆိုတော့... ဘုရားကိုသာ အရင်ဦးချကြ..."

ဆရာဖြိုးက သူ့ဆေးအိတ်ထဲက ဆေးတွေကိုထုတ်ကာ ဘုရားစင်ရှေ့ချပြီး ဘုရားကိုဦးချသည့်အတွက် နောက်ကလူတွေလည်း လိုက်ဦးချကြရသည်။ ပြီးတော့ မွှန်းလွဲအချိန်ထိစောင့်ရင်း ဆရာဖြိုးကိုယ်တိုင် လူနာဖြစ်သူ ဦးဘမောင်ကို ဆေးလူးကာပေး၏။ အားလုံးငြိမ်သက်ကာ ဆရာဖြိုးလုပ်သမျှ ငေးကာကြည့်နေကြရသည်။

ဆရာဖြိုးက တစ်ချက်တစ်ချက်ဆေးလူးရင်း အကြောကို ကိုင်သည့်အခါ ဦးဘမောင်ခမျာ နာလွန်းသဖြင့် တွန့်ကာတွန့်ကာသွား၏။

"တွေ့လား... ဝေဒနာနဲ့ဆေးတွေ့ပြီ... အဲဒါပဲ... အဟမ်း... တော်သေးတာပေါ့ကွယ်..."

တစ်လလောက် ဘာမှမလှုပ်ရှားပဲ လဲနေသော သူတို့ဖခင် တွန့်ခနဲ တွန့်ခနဲဖြစ်သွားတော့ အောင်ဘုတို့တအံ့တသြဖြစ်ကာ ဆရာဖြိုးကို မူလရည်မှန်းထားသော ကုသငွေထက် နှစ်ဆကန်တော့လိုက်ကြသည်။ ဆရာဖြိုးက ထိုငွေကို လက်အုပ်ချီထားသောလက်နှစ်ဖက်ထဲတွင် ထည့်ကာ ဘုရားကိုကန်တော့သဖြင့် နောက်ကလူတွေ လက်အုပ်ချီကြရပြန်သည်။

နောက်နေ့မှာပင် ဦးဘမောင်ဆုံးသည်။

ဆရာဖြိုးကတော့ တဟမ်းဟမ်းချောင်းဟန့်ရင်း ခေါင်းကိုညိတ်ပြီးရင်းညိတ်ကာ ထိုသတင်းလာပေးသူများကို ဆူသည်။

"နမြောစရာပေါ့ကွာ... နမြောစရာ... အဟမ်း !! အဲဒါပဲ



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့မှတ်ကြ၊ လက်လွန်ခြေလွန်မှ သမားဆီ လူနာကျ ဇီဝကတောင် ကုမရဘူးကွ၊ သိကြပြီလား၊ လွန်ခဲ့တဲ့တစ်လလောက်များဆိုရင်ကွယ်... ကဲ... အဲဒါကို အဟမ်း !! မင်းတို့မှတ်ကြ...”

သတင်းလာပေးသူ ဦးဘမောင်၏ သားသမီး ဆွေမျိုးများ အဆူခံထိပြီး မျက်နှာငယ်ကလေးများနှင့် ပြန်သွားကြရသည်။

*





ဦးဖြိုးခေါ် ဘကြီးဖြိုးခေါ် ဆရာဖြိုးက ယခု အသက်ခြောက်ဆယ်ကျော်ရှိပြီဖြစ်သည်။ သူ့အသက်လေးဆယ်အရွယ်တွင် မိဘနှစ်ပါး ရှေ့ဆင့်နောက်ဆင့်ကွယ်လွန်ကြသည်။ မိဘများကွယ်လွန်ပြီးနောက် သူ့မိဘများကို ဆေးကုသပေးသော ရွာဦးဆရာတော်ထံသို့ နေ့စဉ်ဝတ်ဖြည့်ရန် ရောက်ခဲ့သည်။ ဝတ်ဖြည့်သည်ဆိုခြင်းက ဆရာတော်၏သပိတ်ကို ဆေးခြင်း၊ အခန်းရှင်းခြင်း၊ ဆရာတော်ညောင်းညာလျှင် တံတောင်နှင့်ကြိတ်ခြင်း၊ နင်းပေးခြင်း၊ ဆရာတော်ဆေးဖော်သည့်အခါ၊ လိုအပ်သမျှကို ထောင်းထုခြင်း၊ ပြာတီးပေးခြင်း၊ နေလှမ်းပေးခြင်းတို့ဖြစ်၏။

ဆရာတော် ဦးပညာသီလမှာ လောကုတ္တရာကို သူ့အတွက်အားထုတ်ရင်း လောကီကိုလည်းကူညီရန် အာရုံထားခဲ့သော ရဟန်းတစ်ပါးဖြစ်သည်။ ဆရာတော်၏ဆေးမှာ ထိုရွာလေးရွာအတွက် အထောက်အပံ့တစ်ခု ဖြစ်ခဲ့သည်။

ဆရာတော်ပျံလွန်တော်မူသောအခါ ဆရာတော်နှင့် ဆယ်နှစ်ကျော်အတူနေသော ဦးဖြိုးက ဆရာတော်ထံမှ ပညာကို အမွေဆက်ခံသည်ဆိုကာ တစ်ရွာလုံးကို ကြေညာပြီး ဆေးဆရာဘွဲ့ကိုခံသည်။ တစ်ရွာလုံးကလည်း ဆယ်နှစ်ကျော် ဆရာတော့်အပါးတွင် နေ့စဉ်တွေ့နေရသော ဆရာဖြိုးကို တစ်စုံတစ်ရာအယုံအကြည်မရှိပဲ ထိုဘွဲ့ကို လက်ခံလိုက်ကြ၏။

အမှန်တော့ ဆရာဖြိုးမှာ ဆရာတော်ခိုင်းသမျှ ယိုရ လုပ်ရသူသာဖြစ်ပြီး ဆရာတော်က တစ်ခါတလေရှင်းပြသော ဆေးအကြောင်း၊ ဗေဒင်

www.burmeseclassic.com



နှင့် လက္ခဏာအကြောင်းကိုသာ အနည်းငယ်သိသူဖြစ်သည်။ သို့သော် သူဆေးကုပြီဟု ကြေညာပြီး တစ်လအတွင်းမှာပင် ဟိုအရင် ဆရာတော် ရှိစဉ်က အရသာအတိုင်း လျက်ဆားနှင့် ဟိုယခင်က ပြင်းအားအတိုင်း ဝမ်းနုတ်ဆေးကို ဦးဖြိုးက ထုံးစံအတိုင်းဖြန့်ချိသည်။

တစ်ရွာလုံး တအံ့တသြဖြစ်ကာ ဆရာဖြိုးအပေါ် ယုံကြည်မှုက ဆရာခေါ်သည့်အဆင့်အထိပင် ဖြစ်လာသည်။ နောက်ခြောက်လလောက် အကြာမှာ ရွာမျက်နှာဖုံးသူဌေး ဦးထင်မှတ်၏ညာဘက်တင်ပါးတွင် အနာစိမ်းကြီးနှစ်လုံးပေါက်ကာ ထိုင်မရ အိပ်မရဖြစ်ပြီး အမလေး... အဘလေး သာအော်နေရ၏။ ငွေကြေးတတ်နိုင်သူများဖြစ်သဖြင့် ဆရာဝန်ရှိရာ မြို့သို့ တက်ပြရန် စီစဉ်ကြသော်လည်း ဦးထင်မှတ်က တင်ပါးကအနာကြောင့် လှည်းမစီးနိုင်သဖြင့် လက်လျှော့ကြရသည်။ ဆေးခန်းရောက်လျှင် ဆရာဝန်က ထိုအနာကိုခွဲမှာကို ဦးထင်မှတ်က အလွန်ကြောက်တာလည်းတစ်ကြောင်း ပါသည်။

ဒီတော့ ဦးထင်မှတ်ခမျာ ထမင်းကိုလည်း ထိုင်မစားနိုင်၊ ပက်လက်လည်းမအိပ်နိုင်နှင့် အတော်ခံစားရခက်နေသည့် အချိန်တွင်မှ ဦးဖြိုးက ဆေးလွယ်အိတ်ကို လွယ်ကာ မည်သူကမှမပင့်ဖိတ်ပဲ ဦးထင်မှတ်ဆီရောက်ကာလာသည်။ ပြီးတော့ ဦးထင်မှတ် အနာစိမ်းကိုကြည့်ကာ ကွမ်းဝါးရင်း ဆိုသည်။

"အနာကိုသိ ဆေးကိုသိတော့လည်း လွယ်သားပဲကွယ့်၊ ကိုင်း... မနက်ဖြန်ဆို မင်းဝေဒနာပျောက်ပြီ ဖိုးထင်ရေ...၊ ခွဲစရာ စိတ်စရာလည်း တယ်မလိုပါဘူး၊ ဟောဒီ ငန်းမန်းဆေးကိုသာ အုံထားလိုက်..."

ဆရာဖြိုးက သူ့ဆေးအိတ်ထဲက ဆေးဘူးတစ်ဘူးကိုထုတ်ကာ





ခပ်မဲမဲညစ်ညစ်ရှိသောဆေးကို ဦးထင်မှတ်အနာစိမ်းပေါ်သို့အုံကာ ပေးသည်။ ထိုဆေးက ဆေးရွက်ကြီး (ဗမာဆေး) ကို ရေနွေးဖျော်ကာ ဆားနည်းနည်း ထည့်ပြီး နွားချေး (နောက်ချေး)နှင့် ရောကာထားသောဆေးဖြစ်သည်။ ဆရာတော်က နှုတ်ဖြင့်ပြောထားသောဆေးကို ဦးဖြိုးဖော်ထားခြင်းလည်း ဖြစ်၏။

"အေး မသွားဘူးလားကွဲ့."

ဦးထင်မှတ်က ခေါင်းကိုညိတ်သည်။ မှောက်လျက်ကြီး ညိတ်ရတာဆိုတော့ နဖူးနှင့် ကြမ်းပြင်ပင် ဆောင့်မိသေး၏။

"မနက်ဖြန် မွန်းလွဲရင် မင်း ထထိုင်နိုင်ပြီပေါ့ကွယ်..."

ဆရာဖြိုးက သူ့ဆေးအိတ်ကို ကောက်လွယ်ကာ အိမ်ပေါ်မှဆင်းကာ သွားသည်။

ဆရာဖြိုး၏စကားက ဒက်ထိမှန်လေသည်။ နောက်တစ်နေ့ မွန်းလွဲအပြီးတွင် ဦးထင်မှတ်၏အနာစိမ်းမှာ ပြည်များပေါက်ထွက်ကာ ဦးထင်မှတ်မှာ ငုတ်တုတ်ထထိုင်ပြီး ထမင်းစားနိုင်သည့်အခြေအနေသို့ ရောက်ကာ သွားသည်။

နောက်တစ်နေ့မှာပင် သူဌေးဦးထင်မှတ်က သူမပင့်ဖိတ်ရပါပဲ ရောက်လာကာ သူ့ဝေဒနာကို ကုပေးသွားသော ဆရာဖြိုးအိမ်သို့ အုန်းပွဲ ငှက်ပျောပွဲကို ကိုယ်တိုင်ရွက်ကာ သွားကန်တော့သည်။ ထိုသတင်းက ဟိုးလေးတကြော်ကြော်ဖြစ်ကာ ဘကြီးဖြိုးလည်း ဆရာဖြိုးဆိုသော ရာထူးကို အော်တိုမစ်တစ်ရလေသည်။

ထိုသို့နှင့် တစ်ကိုယ်ရေသမားကြီး ဆရာဖြိုးမှာ ရွာတွင် အနေအထိုင် အတော်အဆင်ပြေကာလာသည်။ ရွာဦးဆရာတော်မှာ ဆယ်နှစ်ကျော်



www.burmeseclassic.com

www.burmeseclassic.com



ကျော်နေခဲ့လေတော့ အဟောအပြောနှင့် လေယူလေသိမ်းကလည်း အဆင်ပြေနေသည်။ တစ်ကိုယ်ရေးသမားမို့ အချိန်မတော် ရပ်နီးရပ်ဝေးက ပင့်ဖိတ်သူများထံသို့လည်း ထ,သွား ထ,ပြန်လွယ်ကူလေသည်။ သို့နှင့် ဆရာဖြိုးမှာ ရိုးရိုးကလေးနာမည်ကြီးခဲ့ရသည်။

တစ်ပါးသူကိုသာ ဆေးကုနေသော်လည်း ဆရာဖြိုးကိုယ်တိုင်က မမြဲသောအနိစ္စ ခန္ဓာကောင်ကို ဝန်ဆောင်ထားရသူမို့ အဘယ်ရောဂါဝေဒနာ ကင်းလွတ်မည်နည်း။ ဆရာဖြိုးတွင် ရင်ကြပ်ပန်းနာရောဂါရှိသည်။ သူစကားပြောတိုင်း "အဟမ်း... အဟမ်း" အော်နေသည်က လူကြောက်ရန်အတွက်မဟုတ်။ ပန်းနာထသောအတွက်သာဖြစ်သည်။

သို့သော် ဆေးဆရာဆိုသည်က ကိုယ့်ရောဂါဝေဒနာကို တစ်ခြားတစ်ယောက်ထံမှာသွားကုရန် တော်တော်ခက်ပါသည်။ ထိုသတင်းသာ ပေါက်ကြားသွားလျှင် ကိုယ့်ဆေးကိုယ်ဖော်ပြီး မစားဝံ့သော စာရင်းထဲ ဝင်သွားမည်မဟုတ်ပါလား။ သူ့ကို ရိုသေ ဦးစားပေးနေသူတွေက အယုံအကြည် မရှိမဖြစ်ပါလား။

ဒီအတွက်ကြောင့် ဦးဖြိုးခေါ် ဆရာဖြိုးမှာ သူ့ဝေဒနာကို သူကြိတ်မှိတ်ကာခံရသည်။ အသက်ကလည်းထောက် အရွယ်ကလည်းရောက် အရင်တုန်းကအင်အားတွေလည်း ဘယ်ဆီပျောက်သွားမှန်းမသိသည့်အချိန်မှာ ဆရာဖြိုးဝေဒနာက နှစ်ဆတိုးကာလာ၏။

ဒီတော့မှ... ဆရာတော်ဘုရား၏ဆေးကျမ်းစာအုပ်ကြီးကို ပြန်လှန်ကာ ရှာဖတ်ရသည်။

တွေ့ပြီ။

*





ထိုနေ့က ဘကြီးဖြိုးခေါ် ဆရာဖြိုး ကွမ်းအစ်ကို နံဘေးချရင်း ကွမ်းတစ်ယာကိုစားကာ အိမ်ရှေ့မှာထိုင်နေသည်။ သူတွေ့သည့်ဆေးနည်းထဲမှာက ရင်ကြပ်ပန်းနာအတွက် ဖော်စရာ နမ(နွားမ)ကျင်ငယ်ရည် လိုနေသည်။ ကိုယ့်ရွာတွင်မဟုတ် ဆေးက ရွာလေးငါးရွာကပါ ကြည်ညိုသော ဆရာကိုယ်တိုင် နမ(နွားမ) ကျင်ငယ်ရည်ကို လိုက်တောင်းဖို့ဆိုတာက မဖြစ်နိုင်။ လူအရှိအသေတန်မည့်ကိစ္စ ဖြစ်နေသည်။ တစ်ယောက်ယောက်ကို ခိုင်းဖို့ကလည်း သူ့မှာ တပည့်က မရှိဆိုတော့ ခက်နေသည့်အတွက် ကွမ်းစားရင်း လူစောင့်ကာ နေရသည်။

ဆရာဖြိုးအိမ်ရှေ့က ဖြတ်သူတွေက မိန်းကလေး၊ မိန်းမကြီး သူနှင့်အသက်အရွယ်တူသူတွေက များသည်။ လူငယ်တစ်ယောက် နှစ်ယောက်ဖြတ်လျှောက်သော်လည်း အိမ်မှာ နွားတစ်ကောင်မှ မရှိသူတွေမို့ ကွမ်းကိုသာဖိဝါးနေရသည်။ ကွမ်းဝါးရင်း တဟမ်းဟမ်းချောင်းဟန့်ရင်းနှင့် လူကိုစောင့်ရ၏။ ထိုအချိန်မှာပင် မောင်ပြားက သူ့အိမ်ရှေ့ကဖြတ်သည်။

"ဟေ့ကောင် မောင်ပြား..."

"ခင်ဗျာ..."

"လာစမ်းကွာ..."

မောင်ပြားက လက်အုပ်ကလေးချီကာ သူ့အိမ်ထဲဝင်ကာလာသည်။ ဟန်ကိုယ့်ဖို့ဆိုတာကို ဦးဖြိုး ဘယ်တော့မှ မမေ့ပါ။

"ဘယ်လဲကွ... အဟမ်း... အဟမ်း..."



www.burmeseclassic.com

www.burmeseclassic.com



"ရှာလယ်ဘက်ပဲ ဆရာကြီး..."

"အေး... လူကြုံမှာချင်လို့လကွာ... မင်း အားရဲ့လား"

"အခုဆိုရင်တော့ မအားဘူး ဆရာကြီး..."

မောင်ပြားမိဘတွေက ပြည့်စုံသည်။ အိမ်မှာ နွားအကောင်နှစ်ဆယ်လောက်ရှိ၏။ ရှာသူဌေးမဟုတ်သော်လည်း ဆင်းရဲခြင်းနှင့်တော့ နည်းနည်းဝေးလေသည်။

"အဟမ်း... ဟမ်း...အခု မဟုတ်ပါဘူးကွာ... အဟမ်း... မင်းမှာ နမ(နွားမ)ရှိတယ် မဟုတ်လား"

မောင်ပြား နည်းနည်းတော့စဉ်းစားသွားသည်။ ရုတ်တရက် ဘာမှ ပြန်မပြောသဖြင့် ဆရာဖြိုးက ကွမ်းတံတွေးကို လှမ်းထွေးရင်း ဒေါသနှင့် ဆိုသည်။

"ဟေ့... မင်း ဘာစဉ်းစားနေတာလဲ... မင်းမှာ နမ(နွားမ)ရှိမှန်း ငါသိနေတာပဲ..."

"ဟုတ်... ဟုတ်ကဲ့... ရှိပါတယ် ဆရာကြီး..."

"ဒီလို... အဟမ်း...လုပ်ပါကွယ့်၊ ကဲ... မနက်ဖြန် မင်းနမ(နွားမ)ရဲ့ကျင်ငယ်ရေကို ငါလိုချင်တယ်..."

"ခင်ဗျာ..."

"အဟမ်း...ဟမ်း... ခက်တာပဲ... မင်းနမ(နွားမ)ရဲ့ကျင်ငယ်ရေကိုပြောတာ၊ မင်းအတွက် ဘာမှ မခက်ပါဘူးကွာ၊ ငါ ဆေးဖော်ချင်လို့ပါ၊ မင်းကို ပုလင်းပါပေးလိုက်မယ်ဟေ့၊ ရော့... အဲဒီထဲသာ ထည့်ခဲ့၊ မနက်စောစောရတဲ့... အဟမ်း ! ကျင်ငယ်ရေဆို ပိုကောင်းတာပေါ့..."

"ဟာဗျာ... ကျွန်တော်က...!!"





"မင်းက... ငါ့ကို မကူညီချင်တာလား... ဆေးဖော်ဖို့ကွ..."

"ဟုတ်... ဟုတ်ကဲ့ ဆရာကြီး...မနက်မိုးလင်းတာနဲ့ ကျွန်တော် လာပို့ပါမယ်..."

"အေး...ဒါပဲပေါ့ကွယ်...အဟမ်း... ဟမ်း... ဆရာကြီးစိတ်ချမယ်နော်... မောင်ပြား..."

"ဟုတ်ကဲ့ခင်ဗျ..."

မောင်ပြားက ဆရာကြီးကိုတစ်ချက်ငေးကြည့်ရင်း ဆရာဖြိုးလှမ်းကာပေးသော ရေသန့်ဘူးကိုယူကာ ထွက်သွား၏။ ဒီတော့မှ ဆရာဖြိုးလည်း ချောင်းကိုအားရပါးရဆိုးကာ မောရင်းကျန်ရစ်ခဲ့သည်။

ပြီးတော့ ရင်ထဲခပ်ကြပ်ကြပ်ရှိတာနှင့် အိပ်ရာထဲလှဲကာ သူ့ဩဇာအာဏာနှင့် ရောဂါဝေဒနာကို နှစ်ခုပေါင်းကာ ခပ်ရေးရေး ခံစားနေလေသည်။

နောက်နေ့မနက်မှာ မောင်ပြားက ဆရာဖြိုး၏ရေသန့်ဘူးကို ကိုင်ကာပြေးလာလေသည်။ ရေသန့်ဘူး၏သုံးပုံတစ်ပုံခန့်ရှိသည်။

တစ်ညလုံးချောင်းဆိုးကာ ရင်ကြပ်ဝေဒနာကို ခံစားနေရသော ဆရာဖြိုးက ဝမ်းသာအားရ ထိုဝါဝါအရည်များကို သူ စပ်ပြီးသားဆေးထဲသို့ထည့်သည်။ ငေးကြည့်နေသောမောင်ပြားက တစ်ချက် ပျို့ခနဲ ဖြစ်ကာ သွားသည်။

"ဟ... ကောင်ရ... မရွံပါနဲ့ကွ၊ ဆေးဆိုတာ ဒီလိုပဲပေါ့၊ ပြီးရင် ငါ မင်းအတွက်လည်း မုန့်ဖိုးပေးမှာပါ၊ ဒါပေမဲ့ ငါ ဒီဆေးသောက်တာကို ဘယ်သူ့မှ မပြောနဲ့နော်..."

မောင်ပြားက မျက်လုံးကြီးပြူးကာ ခေါင်းကို ညိတ်ရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာဖြိုးက သူဖော်သည့်ဆေးကိုမွှေကာ တစ်ကျိုက်တည်း ကျိုက်ချလိုက်၏။ ကျိုက်ချပြီးပြီးချင်း ဆရာဖြိုး ပျို့ခနဲတစ်ချက်ဖြစ်ကာသွားသည်။ ပြီးမှ... ရင်ဘတ်ကို လက်နှင့်ဖိရင်း မောင်ပြားကို မေးရှာ၏။

"ဟေ့ကောင်...ပြား...မင်းဟာက ဟုတ်ရောဟုတ်ရဲ့လားကွာ"

"ဟာ... ဟုတ်ပါတယ် ဆရာကြီးရ..."

"ဘယ်လိုယူခဲ့တာလဲ၊ ငါ့ကို ပြောစမ်းပါဦး..."

"သေချာတယ် ဆရာကြီး၊ ဒါကြောင့်မို့ ကျွန်တော်တောင် အန်ချင်နေတာ ညကတည်းက ကျွန်တော့်နမကို သေသေချာချာမှာပြီး ဆရာကြီးပေးတဲ့ရေသန့်ဘူးကို ပေးထားတာ၊ ဒါ ကျွန်တော့်နမရဲ့ မနက်ကျင်ငယ်ရေစစ်စစ်ပါ"

မောင်ပြားစကားဆုံးသည်နှင့် ဆရာဖြိုး ဝေါခနဲ ထိုးအန်ချလိုက်သည်။ ပြီးတော့ ရင်ဘတ်ကိုဖိကာ ဖုတ်လှိုက် ဖုတ်လှိုက်နှင့် ခဏတုန်နေပြီး သူ့ခြေရင်းမှာထောင်ထားသော တုတ်ကောက်ကိုဆွဲကာ ပြောသည်။

"သေချင်းဆိုးလေး... ဒီလောက်တောင် နားကြားလွဲရသလား၊ ငါက နမ(နွားမ)ရဲ့ကျင်ငယ်ရေကို ပြောတာ၊ နင့်နမရဲ့ကျင်ငယ်ရေကို ပြောတာ မဟုတ်ဘူးဟ... ကိုင်း... သေပေတော့..."

ထိုအော်သံကြီးဆုံးသည်နှင့် မောင်ပြား သုတ်ခနဲ ထပြေးလေသည်။

ထိုဖြစ်ရပ်ကလေးကို ကျွန်တော်တို့အင်းတောရွာကလေးမှာ ယနေ့အထိ ပြောမဆုံးနိုင်အောင် ရှိပါသည်ခင်ဗျား...။

**မှတ်ချက်**– တောရွာမှာ နွားမကို နမ... ဟု အသံထွက်နှင့် ပြောလေ့ရှိပါသည်ခင်ဗျား။

✣





BURMESE CLASSIC .com

# မိန်းမနှင့် မေတ္တာလက်မှတ်





www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



ဖိတ်စာကိုကိုင်ကာ ကျွန်တော်ငိုင်နေမိသည်။

အမှန်တော့ ထိုဖိတ်စာသည် ရွှေလက်တွဲကာ နွဲ့ပျော်ဖို့အတွက် အတောင်ပံမပါပဲ ကားကလေးနှင့် ကျွန်တော့်အိမ်အရောက် ရောက်လာသောဖိတ်စာသာဖြစ်သည်။ ထိုဖိတ်စာရသည့်နေ့က ကျွန်တော်တို့လင်မယား အတော်ပျော်သွားကြ၏။ အမှန်အတိုင်းပြောရလျှင် ပို၍ပျော်သူက ကျွန်တော့်မိန်းမဖြစ်ပြီး ဘာမှမဖြစ်သလို မာန်တက်ကာ ခပ်တည်တည်လုပ်နေသူက ကျွန်တော်ပင်ဖြစ်သည်။

ဖိတ်စာက Stage Show တစ်ပွဲအတွက် မေတ္တာလက်မှတ်ဖိတ်စာဖြစ်သည်။

ကျွန်တော်က စာရေးဆရာ၊ ဇာတ်ညွှန်းရေးဆရာဖြစ်သော်လည်း ၃၃ လမ်းနှင့် ၃၄ လမ်းသို့ နေ့စဉ်ရောက်ရင်း အဆိုတော် တော်တော်များ





များနှင့် ထုံးစံအတိုင်း ရင်းနှီးခင်မင်သွားခဲ့သည်။

ကျွန်တော့်မိန်းမကလည်း စာရေးဆရာ ရုပ်ရှင်သရုပ်ဆောင်တွေထက် အဆိုတော်တွေကို ပိုနှစ်သက်သူဖြစ်သည်။ သူအကြိုက်ဆုံးအဆိုတော်တွေက ထူးအိမ်သင်၊ ခင်မောင်တိုး၊ ဖိုးချိုနှင့် ထွန်းအိန္ဒြာဗိုတို့ဖြစ်သည်။ ထိုအထဲမှ သူအကြိုက်ဆုံးအဆိုတော်နှစ်ဦးက ထူးအိမ်သင်နှင့် ထွန်းအိန္ဒြာဗိုတို့ဖြစ်၏။ ကျွန်တော့်မင်္ဂလာဆောင်မှာ ခင်မင်ရပါသော ကိုငှက် (ထူးအိမ်သင်)က ဇနီးရော သမီးရောနှင့်ပါ တက်ရောက်ပြီး 'အကြင်နာအိပ်မက်' သီချင်းကို အဆိုနှင့်လက်ဖွဲ့သောအခါ သူ တော်တော်တုန်လှုပ်ကာ ပျော်ရွှင်သွားခဲ့၏။

မင်္ဂလာပွဲပြီးတော့... "ထူးအိမ်သင်နဲ့ အရမ်းခင်သလား ခင်သလား" ဟု အငမ်းမရမေးသည်။ ဒီတော့ ကျွန်တော်က "ဟ... ဘော်ဒါတွေပေါ့ကွ..." ဟု အရေးမကြီးသောပုံစံနှင့် ဖြေခဲ့သည်။ ကျွန်တော့်စကားဆုံးတော့ မိန်းမက ကျွန်တော့်ကို ကြည်ကြည်ညိုညိုကလေး ခိုးကြည့်တာကို တွေ့ရသည်။

အခုလည်း ကျွန်တော့်နာမည်နှင့် ရောက်ရှိလာသော Stage Show ဖိတ်စာအတွက် သူ တော်တော်ဂုဏ်ယူနေတာကို တွေ့ရသည်။ ကျွန်တော်သည် ရုပ်ရှင် Free Show တွေ ဘာတွေ အဖိတ်ခံရလေ့ရှိသော်လည်း Stage Showကိုတော့ မေတ္တာလက်မှတ်ရတာ ရှားပါသည်။ ယခုအကြိမ်သည် ပထမဆုံးအကြိမ်သာဖြစ်သည်။ သူနှင့်ကျွန်တော် အိမ်ထောင်ကျပြီး ရှစ်လအတွင်းမှာ ကျွန်တော်ရခဲ့သော ဆုလာဘ်ကြီးတစ်ပါးလည်းဖြစ်၏။ ထိုဖိတ်စာတွင် ဆိုမည့် အဆိုတော်တွေထဲမှာ ကျွန်တော့်မိန်းမကြိုက်သော အဆိုတော် ထွန်းအိန္ဒြာဗိုလည်း ပါလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ရွှေလက်တွဲကာ နွဲ့ပျော်ဖို့ အခွင့်အရေးက မရ။

ပြဿနာက ကျွန်တော့်မှာ ပိုက်ဆံပြတ်နေခြင်းပင်ဖြစ်သည်။ ဒီတော့ ဘယ်လိုလုပ်ရမလဲ။ အခြေအနေကိုသဘောပေါက်သော မိန်းမက ဖိတ်စာကလေးကို ကိုင်လိုက်၊ အထဲက လက်မှတ်နှစ်စောင်ကို နှမြောစွာ ထုတ်ကြည့်လိုက်နှင့် ရှိသည်။

"နှမြောလိုက်တာ မောင်ရယ်... ကိုယ်မကြည့်နိုင်လဲ ကြည့်နိုင်တဲ့သူကို ပေးလိုက်ပေါ့၊ ဖိတ်စာက နှမြောစရာကြီး"

မရောက်ရောက်အောင် သွားမည်ဟု ပြဿနာရှာခြင်းထက် ပို၍ ထိရောက်သောစကားဖြစ်ပါသည်။ သူ ဒီပွဲကို ဘယ်လောက်အထိ ကြည့်ချင်ကြောင်းလည်း ထင်ရှား၏။ ပြီးတော့ ကျွန်တော့်ဘက်က ငွေမရသော ပျက်ကွက်မှုကိုလည်း ထင်ရှားစေသည်။ ငွေလေးငါးထောင်လောက် မရှိခြင်းကိစ္စကိုတော့ ကျွန်တော်အကျယ်ချဲ့ကာ မပြောချင်တော့။ တစ်ဖက်စကားကို နားယောင်လွယ်သော အားနာတတ်သောလူတွေ ကြုံနေကျကိစ္စသာဖြစ်သည်။

ကျွန်တော့်ကို ဒီနေ့မနက် ငွေလာပေးဖို့ လူတစ်ယောက်ကဆိုသည်။ ကျွန်တော် ထိုလူ့ကိုယုံသည်။ နေ့ခင်းအထိ အေးအေးဆေးဆေး။ သို့သော် ညနေ ၃ နာရီလောက်မှာ ထိုပုဂ္ဂိုလ်က သူ့အခက်အခဲတစ်ခုကြောင့် နောက်နေ့မနက်မှ ပေးမည်ဟု Phone လှမ်းဆက်ကာ ပြောသည်။ ကျွန်တော် ပက်လက်လန်၏။ ဘာတတ်နိုင်မည်နည်း။

ကျွန်တော် တစ်ချက်စဉ်းစားသည်။ ပွဲက ညပွဲ...။ အသွားက အရေးမကြီး အပြန်ကားခရလျှင် အဆင်ပြေမည်။ ကျွန်တော်ဆုံးဖြတ်ချက်ချကာ ကျွန်တော့်မိန်းမလက်ကလေးကို ကိုင်ကာ ပြောလိုက်၏။





"ကဲ... ကိုယ်တို့ အဲဒီပွဲကို သွားကြည့်ကြတာပေါ့၊ ကလေး ပြင်ထားတော့..."

"ဟင်... တကယ်လား ပိုက်ဆံမရှိဘူးဆို..."

"ရတယ်... အဆင်ပြေအောင်လုပ်တာပေါ့၊ ကလေးရော..."

မောင်ရော... နည်းနည်းတော့စွန့်စားရလိမ့်မယ်..."

ကျွန်တော့်စကားဆုံးသည်နှင့် ကျွန်တော့်ဇနီး လေဒီပြားချပ်က ပြုံးပျော်သောမျက်နှာနှင့် ခပ်သွက်သွက်ကြီးထကာ ထော်နေသော သူ့အပေါ်နှုတ်ခမ်းကို နှုတ်ခမ်းနီဆိုးခြင်း၊ အဖုအထစ်တွေနှင့် မပြေပြစ်သော သူ့မျက်နှာကို မိတ်ကပ်လိမ်းခြင်း... စသော အမှုတို့ကို ဆောင်ရွက်လေသည်။ "နည်းနည်းတော့စွန့်စားရမယ်..." ဆိုသော ကိစ္စကို တစ်စုံတစ်ရာမေးခြင်းမရှိ။ ကျွန်တော် သက်ပြင်းကိုချလိုက်သည်။ ကျွန်တော်တို့ အမှန်တကယ်ကို စွန့်စားရပါမည်။ ကျွန်တော့်မှာ သတ္တိရှိပါရဲ့လား...။

ထွန်းအိန္ဒြာဗို စင်ပေါ်သို့တက်လာသည်။ ပရိသတ်က 'ဟေး'ခနဲ အော်ကာ လက်ခုပ်တီးလိုက်ကြ၏။ ထိုလက်ခုပ်သံထဲမှာ ကျွန်တော့်မိန်းမ၏လက်ခုပ်သံ ပါကို ပါရမည်။

*

www.burmeseclassic.com

www.burmeseclassic.com



နီယွန်မီး... ကိုယ်ပိုင်ကားများ... တစ်စုံတစ်ရာ ခေါင်းစဉ်တပ်၍ မရသော... မြူးတူးပျော်ရွှင်မှု... ဟမ်းဖုန်းကလေးတွေ ကိုယ်စီပြောနေသော စကတ်တိုတိုနဲ့ ကောင်မလေးတွေ... ဇစ်ပိုမီးခြစ်ကို ဖြောင်းခနဲ ဖွင့်ကာ မီးညှိရင်း ဟေးခနဲအော်လိုက်ကြသော အဝင်ဝက ကောင်လေးတွေ အုပ်စု၊ အလကားနေရင်း ရယ်ရယ်နေကြသော လူတွေ...။

ကျွန်တော် မျက်စိကိုရှင်ရှင်ထားကာ အဝင်ဝက Sing Board ကို ကြည့်လိုက်၏။ ပြီးတော့ ကျွန်တော့်ပစ်မှတ်ကို ရှာသည်။ လေးထောင်...။ OK ကျွန်တော် သုံးထောင့်ငါးရာထက်လျှော့မည်မဟုတ်... ဟု အားနာတတ်လေ့ရှိသော ကျွန်တော့်ကိုယ်ကျွန်တော် သတိပေးလိုက်သည်။

ထိုစဉ်မှာပင် ကျွန်တော့်လက်ကို လူတစ်ယောက်က လှမ်းဆုပ်ကိုင်လိုက်၏။

"ကိုရဲ Stage Show လာတာလား"

"အေးဗျာ..."

ကျွန်တော်မမှတ်မိတော့သော ဂျာနယ်တစ်ခုမှ လူတစ်ယောက်ဖြစ်သည်။ ကျွန်တော်မမှတ်မိခြင်းက အပြစ်တော့ပြောစရာ မရှိလှ။ သူက တစ်ခါတွေ့လျှင် ဂျာနယ်တစ်ခုခုကိုပြောင်းနေသောကြောင့် ဖြစ်သည်။ အင်း... သူ့နာမည်ရော...။ ကျွန်တော် မေ့နေပြီ...။

"ဒီနေ့ပွဲကတော့ မြင်တဲ့အတိုင်းပဲ အောင်မြင်မှာပါ၊ ကိုနီကိုရဲက လည်း လေဒီနဲ့ ချီတက်လာတာဆိုတော့..."





ဘာမျှတော့မဆိုင်...။ သို့သော်... ကျွန်တော် ခေါင်းကိုညိတ်လိုက်သည်။ ကျွန်တော် သူဆုပ်ကိုင်ထားသောလက်က လွတ်ချင်လှပြီ။ ထိုအချိန်မှာ ဘာကြောင့်မှန်းမသိ ကျွန်တော့်လေဒီချပ်ပြားက ကျွန်တော့်လက်ကို လာရောက်ဆုပ်ကိုင်လိုက်သည်။

"ဟာ... ဟုတ်ပြီ... အဲဒီအတိုင်း ခဏကလေး..."

သူက ကျွန်တော့်လက်ကို ဆုပ်ကိုင်ထားရာမှ လွှတ်ကာ လည်မှာ ဆွဲထားသောကင်မရာကို ပြင်သည်။ ပြီးတော့ ဓာတ်ပုံတစ်ချက် ရိုက်ယူလိုက်၏။ ကျွန်တော် စွန့်စားရမည်။ သို့သော်... ကျွန်တော်ရှောင်ရမည့် လူတွေကလည်း သူတို့သာဖြစ်ပါသည်။ ဘယ်နဲ့ နာမည်ကြီးစာရေးဆရာ နီကိုရဲက Stage Show လက်မှတ်တစ်စောင် လိုက်ရောင်းနေတယ်ဆိုတာကို သူတို့သိသွား၍ ဘယ်နည်းနှင့်မှ မဖြစ်။

ထိုအချိန်မှာ နာမည်ကြီးအဆိုတော်တစ်ယောက်၏ကား ဝင်လာသဖြင့် ထိုလူ လွင့်ခနဲပျောက်သွား၏။ ကျွန်တော် သက်ပြင်းကိုချလိုက်သည်။ ကျွန်တော်သည် လက်ဖြောင့်တပ်သားတစ်ယောက်လို ကျွန်တော့်ပစ်ကွင်းကို ရှာသည်။

သိပ်ကြာကြာမရှာလိုက်ရ။ အဝင်ဝ ဘယ်ဘက်ထောင့်မှာ ကျွန်တော့်ပစ်ကွင်းကို သွားတွေ့သည်။ ထိုမိန်းမကြီးက အသက်လေးဆယ်ကျော်လောက်ရှိမည်။ ခပ်ဝဝနှင့် ကွမ်းတွေဘာတွေလည်း စားထားသေး၏။ ပြီးတော့ စကတ်အတိုနှင့် ကောင်မကလေးနှစ်ယောက်ကို ခဏစကားပြောပြီး လက်မှတ်နှစ်စောင်ပေးလိုက်သည်။ ထိုကောင်မလေးတွေ ပြန်ပေးသော ပိုက်ဆံအသစ်ချပ်ချွတ် တစ်ထောင်တန်တွေကို သူ့ရင်ဘတ်ထဲ ထည့်လိုက်၏။ ဒီလောက်ဆိုလျှင် ကျွန်တော့်ပစ်ကွင်းက ကျိန်းသေပြီ။

www.burmeseclassic.com



ပွဲက တော်တော်စည်ကားပြီး အောင်မြင်သောပွဲတစ်ပွဲ ဖြစ်သည်။ လက်မှတ်မရသူတွေ တော်တော်များ၏။ ကျွန်တော့်ပစ်မှတ်နှင့် တဖြည်းဖြည်းနီးကပ်ကာ လာနေပြီ။

"ကလေး... လက်မှတ်တစ်စောင်ထုတ်ထားလိုက်..."

ကျွန်တော့်ဇနီးက သူ့စလင်းဘက်အိတ်ထဲမှ လက်မှတ်တွေကို ထုတ်လိုက်သည်။ ကျွန်တော်တို့ရောက်ခါနီးမှ ထိုမိန်းမကြီးအနားသို့ သရီးကွာတား ဂျင်းဘောင်းဘီနှင့် ကောင်လေးတစ်ယောက်ဝင်ရပ်သဖြင့် ကျွန်တော်တို့ကိုယ်ရှိန်သတ်ကာ ခဏရပ်လိုက်ရသည်။

ကျွန်တော်တို့စွန့်စားမှုကို လွဲချော်မှုမရှိစေရန် Stage Show အလာလမ်းကတည်းက ကျွန်တော့်ဇနီးကို အားလုံးပြောပြီးဖြစ်သည်။ ကျွန်တော်တို့အပြန်လမ်းစရိတ်အတွက် လက်မှတ်တစ်စောင်ကို ရောင်းမည်။ ကျွန်တော့်ဇနီးက ကျန်လက်မှတ်တစ်စောင်နှင့် ဝင်ကြည့်ကာ ကျွန်တော်က ရှုးချင်ယောင်ဆောင်ပြီး အခြေအနေကြည့်ကာ အဆိုတော်တစ်ယောက်ယောက်နှင့် အတူရောကာ အထဲသို့ လိုက်လာခဲ့မည်။ စည်သူလွင်နှင့် အတူဝင်လျှင် ကျွန်တော့်ကို ဘယ်သူက လက်မှတ်စစ်မည်နည်း။ R.ဇာနည်၊ ဖြိုးကြီး၊ ချောစုခင်... တစ်ယောက်ယောက်ကတော့ ကျွန်တော့်ကို ကယ်တင်ပါလိမ့်မည်။

နောက်ဆုံး သူတို့အားလုံးနှင့် လွဲခဲ့သည်ဆိုလျှင်တောင်မှ ဒီပွဲကို ကြီးကြပ်စီစဉ်ရိုက်ကူးသော ဒါရိုက်တာမီးပွားနှင့် တွေ့ချင်လို့ဟု ခေါင်းစဉ်တပ်ကာ ပွဲထဲကိုဝင်လို့ ရပါသည်။ ကျွန်တော့်အတွက် ကျွန်တော် စိတ်ချသဖြင့် ထိုလက်မှတ်တစ်စောင်ကိုရောင်းခြင်း ဖြစ်သည်။

"အာ... မများလွန်းဘူးလားဗျာ..."





ဂျင်းဘောင်းဘီအတိုနှင့် ကောင်လေးက စိတ်ပျက်လက်ပျက်ဖြင့် ဆိုသည်။ ကျွန်တော့်ပစ်မှတ်ကြီးက ကွမ်းတံတွေးတစ်ချက်ထွေးရင်း...

"ပွဲက လူအရမ်းဝင်တဲ့ပွဲ... တစ်ခြားမှာ သွားဝယ်ကြည့်လေ... ဒီထက်မများရင် ပြောချင်တိုင်းပြော..."

"ကျွန်တော်က လေးစောင်ယူမှာ..."

"အဲဒါကြောင့် ပြောတာပေါ့၊ လက်မှတ်က ရှာရခက်တယ် ဈေးကိုဆစ်မနေနဲ့"

ကျွန်တော့်မိန်းမက ကျွန်တော့်ကို တစ်ချက်လှမ်းကာကြည့်သည်။ သူ့အကြည့်ကို ကျွန်တော်သိပါသည်။ လက်မှတ်ရောင်းခြင်းကိစ္စကို သူ့တာဝန်ဟု ကျွန်တော်ကပေးထားပြီးဖြစ်သည်။ ထိုအချိန်မှာ ကျွန်တော့်ဟမ်းဖုန်းက အသံမြည်လာသည်။ ကျွန်တော် သူ့ကိုလွှတ်ကာ တမင် ခပ်ဝေးဝေးသို့သွားကာ ဖုန်းပြောနေလိုက်၏။ ဖုန်းက အရေးကြီးသောဖုန်းတော့မဟုတ်။ သို့သော် ကျွန်တော် တမင် စကားခပ်ကြာကြာပြောနေလိုက်သည်။ ကျွန်တော့်မိန်းမက ကျွန်တော့်ပစ်ကွင်းရှိရာသို့ တိုးကပ်ကာသွားသည်။

ဖုန်းကိုပိတ်ပြီး ကျွန်တော်ပြုံးမိသည်။

ကျွန်တော့်ထံမှာ ဟမ်းဖုန်းတစ်လုံးရှိသည်။ သို့သော် အိမ်ပြန်စရာလမ်းစရိတ်တော့မရှိ။ လူ့ဘဝသည် တစ်ခါတစ်ရံ ထိုသို့လွဲချော်လေ့ ရှိပါသည်။

"ဟာ... လေးထောင်ဆိုတော့ ကျွန်မတို့က ဘာသွားစားရမှာလဲ"

"အဒေါ်တို့ဈေးတင်ပြီး ရောင်းနေတာပဲ..."

"လေးထောင်တော့မရဘူး... သုံးထောင်ငါးရာ..."



www.burmeseclassic.com

www.burmeseclassic.com



"လေးထောင်မရရင် မရောင်းဘူး ကျွန်မတို့လက်မှတ်က မေတ္တာလက်မှတ်၊ ခုံနေရာက ရှေ့ဆုံးမှာ..."

"မေတ္တာပဲဖြစ်ဖြစ် သစ္စာပဲဖြစ်ဖြစ် လက်မှတ်ဆိုရင် ဒါပဲ..."

"အဲဒါဆို ကျွန်မကလည်း ဒါပဲ..."

"ဗုဒ္ဓေါ...!!" ကျွန်တော် လန့်ဖျပ်ကာ ထိုနေရာမှ အမြန်ခွာရသည်။ မိန်းမတွေက ဈေးရောင်းတာပဲဖြစ်ဖြစ် ဝယ်တာပဲဖြစ်ဖြစ် အမြဲတမ်းပြဿနာရှိသည်ဆိုတာကို ထည့်မတွက်မိခဲ့သော ကျွန်တော့်အမှားသာဖြစ်သည်။ ကျွန်တော်သာဆိုလျှင် သုံးထောင့်ငါးရာထားဦး၊ သုံးထောင်ဆိုလျှင်ပင် ရောင်းလိုက်ပြီ။ အရေးကြီးတာက ကျွန်တော်တို့အပြန်ကားခ မဟုတ်လား။ မိန်းမတွေက 'အရေး'ကို မကြည့်၊ 'ဈေး'ကိုသာ ကြည့်တတ်ကြသည်။

ကျွန်တော် ရက်ရက်နှင့် လူအုပ်ကြားထဲ တိုးဝင်ကာ လူရိပ်ဖျောက်ထားလိုက်သည်။ လေဒီချပ်ပြားက ကျွန်တော့်ကို လိုက်ကာရှာနေ၏။ ခုနကကိစ္စကို ဘယ်သူသိသွားပြီလဲ။ ဘယ်သူမှတော့ သိကြသေးဟန် မတူ။ ကျွန်တော်နှင့် လူစုကွဲသွားသဖြင့် လေဒီချပ်ပြားက ဟိုကြည့် ဒီကြည့်နှင့်ရှိသည်။ အရောင်းအဝယ်အဆင်မပြေသဖြင့် ဒေါသဖြစ်ဟန်လည်း တူ၏။ ဒီတော့မှ ကျွန်တော်ကွယ်ပြီးရပ်နေရာမှ ထွက်ကာ သူ့လက်ကို ဆွဲရသည်။

"ဘယ်ရောက်သွားတာလဲ"

လေဒီချပ်ပြားက ကျွန်တော့်ကို ဒေါသနှင့်မေးသည်။

"ဟာ... သူက ဒီလောက်အော်နေတဲ့ဟာ... မင်းကလည်းကွာ ပြောထားရဲ့သားနဲ့ ရောင်းလိုက်ရင် ပြီးရော..."

အရေးနှင့် ဈေးကို မခွဲခြားတတ်သော လေဒီပြားချပ်ကို ကျွန်တော်





က ဆီးကာဟောက်သည်။ သူကလည်း ဘယ်ခံလိမ့်မတုန်း...။

"အိုး... မတရားတာတော့ ဘယ်ခံနိုင်မှာလဲ၊ ခုနက ကောင်လေးကို ငါးထောင်နဲ့ ရောင်းလိုက်တာ မတွေ့ဘူးလား၊ လေးထောင်ဆိုရင်တောင် သူ့အတွက် တစ်ထောင်ကျန်နေပြီ၊ သုံးထောင့်ငါးရာဆိုတော့..."

"ရာ... ရာကွာ... မင်းကို လမ်းမှာ မှာထားရဲ့သားနဲ့..."

"မတရားလုပ်တိုင်း ခံရမှာလား၊ ဒါနဲ့ နေပါဦး ရှင်က ဘာကိစ္စ ထွက်ပြေးသွားရတာလ..."

"ဟ... မင်းကို ငါပြောပြီးသားပဲ... ငါ ရှက်ပါတယ်လို့..."

"ရှင့်မှာတင် အရှက်ရှိတာမဟုတ်ဘူး၊ ကျွန်မမှာလည်း အရှက်ရှိတယ်..."

ကလေးနဲ့မောင်... သုံးနေကျမှ ရှင်တွေ... ကျွန်မတွေဖြစ်လာသဖြင့် ကျွန်တော်လည်း ဒေါသထောင်းကနဲထွက်ကာ သွားသည်။ ပျော်ပျော်ရွှင်ရွှင်ကြီး သွားလာနေကြသော လူအုပ်ကြားထဲမှာ ကျွန်တော်တို့နှစ်ယောက် ဒေါသနှင့် ရပ်ပစ်လိုက်ကြ၏။

"မင်း... ငါ့ကို လာမအော်နဲ့၊ မင်းကြည့်ချင်တယ်ဆိုလို့ ငါ ဒီလိုလုပ်ရတာ..."

"ဟင်း... ဟင်း... Stage Show မကြည့်ရလို့ သေမသွားဘူးရတယ်..."

ကျွန်တော်တို့ဦးတည်ချက်တွေ ဘယ်ရောက်ကုန်မှန်း မသိတော့။ ရင်ထဲမှာရှိထားသည့် စေတနာ မေတ္တာတွေအစား ဒေါသနှင့် မာန်မာနတွေက ဝင်ကာလာသည်။ ထိုအချိန်မှာ စည်သူလွင်၏ ကားက ကျွန်တော်တို့နံဘေးမှ ဖြတ်ကာ သွားသည်။ 'အစည်'က ပြုံးကာ လက်ပြသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မနည်းကြီးပြန်ပြုံးကာ လက်ပြလိုက်ရသည်။ ဩော်... လူ့ဘဝ ဆိုတာ ဘယ်လိုမျိုးကြီးပါလိမ့်... ဟုလည်း သွားတွေးမိသွားသည်။

နံဘေးက လေဒီချပ်ပြားက "အရေးကြုံရင် အားမကိုးရဘူး" ဆိုလား "ဘာမှ အဓိပ္ပာယ်မရှိပဲ လာဟောက်နေတယ်" ဆိုလား တစ်ခုခုကို မသဲမကွဲပြောသည်။ ကျွန်တော်လှည့်ကြည့်တော့ သူက မာထန်နေသော မျက်နှာကို တစ်ခြားဘက်လွှဲကာ ပစ်လိုက်၏။ ကျွန်တော် ဒေါသနှင့် ပြောစရာစကားလုံးကို ရှာသည်။ သို့သော် ကျွန်တော့်အသိစိတ်ထဲမှာ ဘာ စကားလုံးမျှ မရှိ။ အသိစိတ်က ဟာလာဟင်းလင်းဖြစ်ကာ တုန်ယင်နေ သည်။ ထိုစဉ် အော်သံကြီးတစ်ခုကို ကြားရ၏။

"ကဲ... ညီမ ဒါဆို လေးထောင်နဲ့ပဲ ယူလိုက်တော့..."

ကျွန်တော်လှည့်ကြည့်တော့ ကျွန်တော့်ပစ်ကွင်းကြီး...။ ထဘီကို ပြင်ဝတ်ကာ ကွမ်းတံတွေးကိုထွေးရင်း လေဒီချပ်ပြား၏လက်ကို ကိုင်ကာ ထားသည်။

"မရောင်းတော့ဘူး အစ်မ..."

လေဒီချပ်ပြားက ခပ်ပြတ်ပြတ်ပင်ဆိုကာ မျက်နှာကို တစ်ဖက်သို့ လှည့်သည်။ ကျွန်တော်သိပါသည်။ ထိုဆန့်ကျင်မှုသည် ကျွန်တော့်ကို ဆန့်ကျင်ခြင်းသာဖြစ်၏။ ကျွန်တော့်ဒေါသအရှိန်က တိုးဆောင့်ကာ တက် သွားသည်။

"ဟာ... ဈေးဖြတ်ပြီးမှ အဲဒီလိုမလုပ်နဲ့လေ... မင်းတို့ပြောတဲ့ ဈေးကို ပေးနေပြီပဲ..."

ကျွန်တော့်ပစ်ကွင်းကြီးက ထိတ်လန့်တကြားနှင့် အသံကိုမြှင့်ကာ အော်သည်။ နံဘေးနားကဖြတ်သွားကြသော ကောင်မကလေးတွေတစ်အုပ်



BURMESE CLASSIC .com



ပင် လှည့်ကာ ကြည့်သွားကြ၏။

"ဟာ... အန်တီ... တိုးတိုးလုပ်ပါဗျာ..."

"မလိုပါဘူး... မင်းစဉ်းစားကြည့်၊ ခုနက သူက လေးထောင် တောင်းလို့၊ တောင်းတဲ့ဈေးကို ပေးနေပြီပဲ... ဈေးဖြတ်ပြီးမှ အဲဒီလို မလုပ်ပါနဲ့"

"မအော်ပါနဲ့ဆို အန်တီရာ... အော်ရင် ကျွန်တော်မရောင်းတော့ ဘူး..."

ကျွန်တော် ခပ်ပြတ်ပြတ်ပြောကာ လေဒီချပ်ပြားလက်ကို ဆွဲကာ လစ်ဖို့ကြိုးစားသည်။ သို့သော် မရ။ ကျွန်တော့်ပစ်ကွင်းကြီးက ကျွန်တော့် လက်ကို ဆွဲကာထား၏။

"မင်းတို့ အဲဒီလိုမလုပ်နဲ့လေ... မင်းတို့ကြိုက်ဈေးကို ဈေးရင်း အတိုင်းပေးနေပြီပဲ... ကြိုက်တဲ့နေရာ သွားရောင်း... မင်းတို့ကို ဒီဈေး ပေးမယ့်သူ ဘယ်သူမှ မရှိဘူး"

အခြေအနေက တော်တော်ဆိုးဆိုးဝါးဝါးကိုဖြစ်နေပြီ ဖြစ်သည်။ ကျွန်တော်က လူအုပ်နည်းရာ လမ်းနံဘေးသို့ထွက်ရန် ကြိုးစားသည်။ သူက နောက်မှလိုက်ကာ အော်ပြောနေသည်။ သူ့စိတ်ထင်က ကျွန်တော် တို့ ဒီထက်ပိုလိုချင်လို့... ဟု ထင်ပုံရသည်။ လူအုပ်ကြားထဲမှာ ကျွန်တော် တို့သုံးယောက် တစ်တွဲကြီး ကန့်လန့်ကန့်လန့်ဖြစ်ကာနေသည်။

"ဟော့... မြင့်... ဘာဖြစ်တာလဲ..."

လမ်း၏ဟိုတစ်ဖက်မှ လှမ်းအော်ကာ မေးလိုက်သောအသံကြီးဖြစ် သည်။ ကောင်လေးတွေ ကောင်မကလေးတွေ အုံနေသည့်ကြားထဲမှ လူ တစ်ယောက်၏အသံလည်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ လေးထောင်နဲ့တဲ့၊ မေတ္တာလက်မှတ် ယူလိုက်မယ် မဟုတ်လား"

"ပေးလိုက်ကွာ... ပေးလိုက်..."

အပြန်အလှန်အော်သံကြောင့် လူတော်တော်များများက ကျွန်တော်တို့ရှိရာ ဝိုင်းကြည့်လိုက်ကြ၏။ ကျွန်တော့်မျက်နှာကိုသာ ဆွဲချွတ်လို့ရလျှင် ကုန်တင်ကားကြီးတစ်စီး၏နောက်ဘီးထဲ ထိုးထည့်ပစ်လိုက်ချင်သည်။

ကျွန်တော် ဆုံးဖြတ်ချက်ကိုချကာ လေဒီချပ်ပြားလက်ထဲမှ လက်မှတ်စာအိတ်ကို ဆွဲယူလိုက်သည်။

"ကဲ... ရော့ အန်တီ... နှစ်စောင်စလုံးသာ ယူလိုက်တော့ဗျာ..."

"နှစ်စောင်စလုံးလား..."

"..................."

"ဟဲ့... နှစ်စောင်တဲ့... မေတ္တာလက်မှတ်ချည်းပဲ... ယူလိုက်မယ်နော်..."

ကျွန်တော့်ပစ်ကွင်းကြီးက အသံကိုမြှင့်ကာအော်သည်။ ဟိုတစ်ဖက်က လူက မကြား။ နောက်တစ်ကြိမ်အော်ပြန်၏။ ပျော်ရွှင်စရာကောင်းသော ပွဲအလယ်မှာ ငရဲကျနေသူ ကျွန်တော်တစ်ယောက်ပဲရှိလိမ့်မည်ဟု ထင်သည်။

"ယူလိုက်ပါဆိုမှကွာ... မင်းကလည်း... ရှည်ကို ရှည်တယ်..."

ကျွန်တော့်ပစ်ကွင်းကြီးက ကွမ်းစားထားသော သွေ့သွားတွေကို အကုန်ပေါ်အောင်ရယ်ကာ ရင်ဘတ်ထဲသို့ လက်ကိုနှိုက်လိုက်သည်။

ကျွန်တော် လမ်းမပေါ်က တဝီဝီမောင်းနေသော ကားတွေကို လက်ပြကာ တားနေတော့ လေဒီချပ်ပြားက နံဘေးမှာ ကော့ပြန် မာထန်မှုန်ကုပ် ရပ်ပျက်နေသောမျက်နှာကြီးနှင့် ကြောက်မက်ဖွယ်ရာ ရပ်ကာနေ၏။





နောက်ဆုံး ကားတစ်စင်းကို သုဝဏ္ဏသို့ နှစ်ထောင်နှင့် ဈေးတည့်ကြသည်။ အော်ဟစ်ဆူညံကာ စတင်နေပြီဖြစ်သော Stage Show သည် အဝေးမှာ လွင့်ခနဲ ကျန်ခဲ့၏။ ကျွန်တော် မောမောနှင့် ကားပေါ်မှာ မျက်လုံးတွေကိုမှိတ်ကာ လိုက်လာသည်။ လေဒီချပ်ပြားကတော့ ကြောက်မက်ဖွယ်ရာမျက်နှာကြီးနှင့်ပင် ကျွန်တော့်နံဘေးမှာ ရှိသည်။

ထိုအချိန်တွင် ကားဆရာက ဂီယာကိုချိန်ရင်း ပြောသည်။

"လက်မှတ်တစ်စောင်ကို လေးထောင်တဲ့ဗျာ... စည်လိုက်တဲ့လူတွေလည်း မပြောနဲ့တော့၊ ပိုက်ဆံပေါတဲ့လူတွေ တော်တော်များတာပဲနော်..."

နီကိုရဲ



www.burmeseclassic.com